# ပြည်သူ့နီတိ နှင့်
# ပြည်သူ့နီတိ သင်ကြားရေး

ရဋ္ဌပါလ



## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏

## ပညာရေး ဩဝါဒ

ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့သည် မဟုတ်။ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်နိုင်စေရမည်။ လူ၏ ဆန္ဒအား၊ လုပ်အားကိုလည်း နူးညွတ်စေရမည်။ ရာဇဝင်ကို သိရုံသာမဟုတ်၊ ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓာတ်ပညာကို သိရုံသာ မဟုတ်၊ တိုးချဲ့နိုင်စေရမည်။ လောကအကြောင်းကို နားလည်စေရုံသာ မဟုတ်၊ သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကား ပညာ၏ သရုပ် အကျဉ်းမျှသာတည်း။

ပညာသည် ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်ရမည်။ လောက၌ လက်တွေ့ အသုံးလည်း ကျရမည်။ ပညာတွင် သညာလည်း ပါသည်။ ဉာဏ်နှင့်ယှဉ်ရမည်။ ဉာဏ်ချည်းသာ တိုးတက်၍ သညာ မပါရှိပါမူလည်း ဤမျှဆန်းကြယ် အပြောကျယ်သော ခေတ်သစ်အကြောင်းကို နားမလည်နိုင်ပေ။ သိပ္ပံပညာကို မသိဘဲ သိပ္ပံဉာဏ်ကိုသာ ရနေလျှင် သိပ္ပံ၏တန်ဖိုးကို တင်းပြည့်ကျပ်ပြည့် မသုံးနိုင်ပေ။ တိုင်းပြည်အခြေအနေ ပြဿနာ ခေတ်၏ အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည် ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။

မွေးကတည်းက သေသည်အထိ အယူဝါဒ အပြောင်းအလဲ မရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတစ်ယောက်၏ သက်တမ်းတွင် အစ ပထမက သိမြင်လာသော စိတ်နေစိတ်ထား အယူအဆတို့သည် အမှန်ချည်း မဟုတ်၊ ပြုပြင်ပြောင်းလဲရမည် သာတည်း။

လင်းနိုင်မြင့်
လွှတ်တော်ဒုတိယဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ပြည်သူ့နီတိနှင့် ပြည်သူ့နီတိ သင်ကြားရေး

## ရှုပါလ

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်<br>မတ်လ၊ ၂၀၁၆ ခုနှစ်<br>ဒုတိယအကြိမ်<br>၂၀၁၇ ခုနှစ်<br>တတိယအကြိမ်<br>စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ် |
| ထုတ်ဝေသူ | ဦးအေးညို (၀၂၄၁၆)<br>ဘညိုစာပေ<br>အမှတ်(၅၀၈)၊ တိုက်(၄)၊ အင်ကြင်းမြိုင်အိမ်ရာ၊<br>ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။<br>၀၉ ၂၅၀၀၆၄၆၂၇၊ ၀၉ ၉၇၅၃၇၈၅၆၃ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | အင်ကြင်းမြိုင်ပုံနှိပ်တိုက် (မြ-၀၀၇၈)<br>အမှတ်(၁၅၀)၊ ၄၇-လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် | ကိုကြီးဌေး |
| အုပ်ရေ | ၁၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |

၄၉၅ ・ ၈၁

ရဋ္ဌပါလ
ပြည်သူ့နီတိနှင့် ပြည်သူ့နီတိ သင်ကြားရေး၊ ရန်ကုန်။
ဘညိုစာပေ၊ ၂၀၁၈။
၁၂၅-စာ၊ ၁၀ စင်တီ × ၁၈ စင်တီ။
(၁) ပြည်သူ့နီတိနှင့် ပြည်သူ့နီတိ သင်ကြားရေး

# မာတိကာ


- ပညာရေးကွန်ရက် ရန်ပုံငွေ ဂီတပွဲတော် ဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့်မိန့်ခွန်း ၁
- အမှာစာ ၆

၁။ နိဒါန်းနှင့် ကျေးဇူးစကား ၉
၂။ ပြည်သူ့နီတိ ဟူသည် ၁၉
၃။ ပြည်သူ့နီတိ အဓိပ္ပာယ် ၂၀
၄။ ပြည်သူ့နီတိ၏ သဘောသဘာဝ ၂၄
၅။ ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက် ၂၉
၆။ ပြည်သူ့နီတိ သင်ကြားရေးနည်းလမ်း ၃၆
၇။ ပြည်သူ့နီတိ၏ သင်ကြားရေးနှင့် သက်ဆိုင်သူများ ၄၉
၈။ ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များ ၅၈
၉။ ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်း ၇၁

- နောက်ဆက်တွဲ (က) ပြည်သူ့နီတိ အဖြေညှိကြရာဝယ် ၈၇
- နောက်ဆက်တွဲ (ခ) ကမ္ဘာလုံးဆိုင်ရာ ပညာရေးဖိုရမ် (၂၀၁၅) မှ ပေါ်ထွက်လာသော အင်ချွန်း ကြေညာချက် ၁၀၃

လင်းနိုင်မြင့်
လွှတ်တော်ဒုတိယဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ပညာရေးကွန်ရက် ရန်ပုံငွေ ဂီတပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့်မိန့်ခွန်း (၄-၄-၂၀၁၄)

ကျွန်မ ဒီပညာရေးကွန်ရက်ရဲ့ ပွဲကို တက်ခွင့် ရတာ အင်မတန်မှ ဝမ်းသာပါတယ်။ ဒီထက်ပိုပြီး ဝမ်းသာတာက ဒီကွန်ရက်ကို ဖြစ်မြောက် အောင်မြင်အောင်လို့ ကူညီမစပေးတဲ့လူ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီလို အရေးကြီးတဲ့ ကိစ္စတစ်ခုမှာ ဝိုင်းဝန်းပြီးတော့ ကိုယ့်ရဲ့အင်အားနဲ့ ကိုယ် ကူညီကြတယ် ဆိုတာဟာ ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်အတွက် အင်မတန်မှ ကောင်းမွန်တဲ့အချက် ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်မ ဆရာ ဆရာမတွေကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ကျွန်မတို့ နိုင်ငံမှာ ဆရာ ဆရာမကောင်းတွေ လိုပါတယ်။ ဆရာ ဆရာမကောင်းတွေ ရှိမှသာ ကျွန်မတို့ဟာ ကျောင်းသူကျောင်းသားကောင်းတွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ ဆရာ ဆရာမများဟာ ပညာရဲ့တန်ဖိုးကို

သိတယ်ဆိုတာမက ပညာဆိုတာ ဘာလဲ ဆိုတာလည်း သိဖို့ လိုတယ်လို့ ကျွန်မ ပြောချင်ပါတယ်။

ကျွန်မတို့နိုင်ငံမှာဆိုရင် ပညာရေးစနစ်ဟာ အိမ်နီးချင်း နိုင်ငံတွေနဲ့ယှဉ်ရင် အင်မတန်မှ နိမ့်ကျနေတယ်။ ပညာ ဆိုတာ ဟာ ဘာလဲလို့ မေးတဲ့အခါမှ တချို့က ပြောတာတွေရှိတယ်။ ပညာဆိုတာ ဘွဲ့တစ်ခုရဖို့ပဲလို့ ထင်တဲ့လူတွေလည်း အများကြီး ရှိနေပါတယ်။ ဒါဟာ ပညာမဟုတ်ပါဘူး ဆိုတာလည်း အခု လူငယ်တွေက တစ်နေ့ထက် တစ်နေ့ ပိုပိုပြီးတော့ သိလာပြီလို့ ကျွန်မ ထင်ပါတယ်။ ပညာဆိုတာဟာ ကျွန်မတို့အနေနဲ့ ဒီလော ကကြီးရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင် ကျော်လွှားနိုင်ဖို့အတွက် အရည်အချင်းတွေပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီအရည်အချင်းဟာ ကိုယ့်ရဲ့ အသက်မွေး ဝမ်း ကျောင်းအတွက် လုံလောက်တဲ့ ပညာအရည်အချင်းတွေ ရှိဖို့ ဆိုတာလည်း အင်မတန် အဓိကကျပါတယ်။ ကိုယ့်အတွက်၊ ကိုယ့်ရပ်ရွာအတွက် ကိုယ် တာဝန်ယူချင်စိတ် ရှိတယ် ဆိုတာ တခြားလူကို အားကိုးနေလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ ဘဝ အတွက် ကိုယ် တာဝန်ယူဖို့ ဆိုတာ ကိုယ်တာဝန်ယူနိုင်တဲ့ အခြေ အနေတွေ ရှိဖို့ လိုအပ်ပါတယ်။

အခုခေတ်မှာဆိုရင် ကိုယ့်ဘဝအတွက် ကိုယ်တာဝန် ယူဖို့ ဆိုတာမှာ ပညာက အရမ်းအရေးကြီးပါတယ်။ ကျွန်မတို့ဟာ ကမ္ဘာကြီးနဲ့ ယှဉ်ပြီးတော့ ရုန်းကန်ကြရမှာပါ။ ကိုယ့်နိုင်ငံရဲ့ နယ်နိမိတ်အတွင်းမှာပဲ ကြည့်နေလို့ မဖြစ်ပါဘူး။ ကမ္ဘာကြီးကို ကြည့်ပြီးတော့ ဒီကမ္ဘာကြီးနဲ့ ရင်ဘောင်တန်းနိုင်မှ ကျွန်မတို့နိုင်ငံ ဟာ ချမ်းသာနိုင်မယ်။ ကျွန်မတို့နိုင်ငံ တည်ငြိမ် ချမ်းသာ အေးချမ်းမှ ကျွန်မတို့ ပြည်သူပြည်သားများ တည်ငြိမ်ချမ်းသာ

အေးချမ်းနိုင်မှာပါ။ ဒါကြောင့် ကျွန်မတို့ရဲ့ ဆရာ ဆရာမများဟာ ကလေးတွေကို ပညာသင်ကြားတဲ့အခါမှာ ကျောင်းစာအုပ်ထဲမှာ ရှိတဲ့ အချက်အလက်တွေကိုပဲ အလွတ်ကျက်ခိုင်းတာ မဟုတ်ဘဲနဲ့ ဒီလို အချက်အလက်တွေဟာ ကျွန်မတို့ဘဝကို ရင်ဆိုင်တဲ့အခါမှာ ဘယ်လိုအသုံးဝင်မလဲဆိုတာ နားလည်အောင် လုပ်ပေးဖို့ အများကြီး လိုပါသေးတယ်။

**ကိုယ်သင်တဲ့ ပညာဟာ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်အတွက်ဖြစ်တယ် ဆိုတာကို စောစောစီးစီးကတည်းက နားလည်ရမယ်။ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ပြည်သူ့နီတိပညာ သင်ရတယ်။ ပြည်သူ့နီတိ သင်ရတဲ့ အကြောင်းရင်းက ကျွန်မတို့ ပြည်သူပြည်သားများဟာ ကိုယ့်ရဲ့အခွင့်အရေးတွေ၊ ကိုယ့်ရဲ့ ရပိုင်ခွင့်တွေသာမက ကိုယ့်ရဲ့ တာဝန်ဝတ္တရားတွေကိုပါ သိအောင်လို့ သင်ပေးတာပါ။**

အင်မတန်မှ သေးငယ်ပြီးတော့ အရေးမကြီးဘူးလို့ ထင်တဲ့ ကိစ္စတွေကျတော့ ဥပမာဆိုရင် ပတ်ဝန်းကျင် သန့်ရှင်းရေး။ အခုခေတ်မှာဆိုရင် ကျွန်မတို့ပြည်သူ အများစုက တော်တော်များများပေါ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို နားလည်တယ်။ ဒါပေမဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ အမှိုက် ကောက်ဖို့ နားလည်တဲ့လူ အရမ်းနည်းပါတယ်။ ဒီဟာလေးတွေဟာ ကျွန်မတို့ ငယ်ငယ်ကတည်းက ကလေးတွေကို သင်ပေးရမှာ ဖြစ်ပါတယ်။

ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို ကိုယ် စပြီးတော့ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ ပတ်ဝန်းကျင်၊ ကိုယ့်အိမ် ကိုယ့်ရာ၊ ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်ကိုမှ တာဝန်မယူဘဲနဲ့ တစ်တိုင်းတစ်ပြည်လုံးကို တာဝန်ယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်

ကျွန်မတို့က ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုပြီး အင်မတန်မှ ရေပန်းစားနေတဲ့ခေတ်မှာ ကျွန်မတို့ ကျောင်းက ဆရာ ဆရာမ များဟာ ကျွန်မတို့ရဲ့ ကလေးတွေကို ကိုယ့်ရဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သန့်သန့်ရှင်းရှင်းထားရေးကနေ စရမယ်ဆိုတဲ့ အရေးမကြီးဘူးလို့ ထင်ရတဲ့၊ အရေးပါတဲ့ သင်ခန်းစာတစ်ခုကို သင်ရပါမယ်။

နောက်ပြီးတော့ ကျွန်မတို့ ဒီခေတ်မှာ ဆိုရင် ကျွန်မတို့ အားလုံး အားကိုးရမယ့် ခေတ်ကြီး ဖြစ်လာပါတယ်။ ကိုယ့်ဘာသာကိုယ် ထီးတည်းနေလို့ မရပါဘူး။ ကျွန်မတို့ နိုင်ငံရဲ့ နယ်နိမိတ်ကို ကျော်ပြီးတော့ မြင်နိုင်မှ ကျွန်မတို့ ဒီနှစ်၊ နောက်နှစ်၊ နောက်သုံးလေးနှစ်ထက် ကျော်ပြီးတော့ မြင်နိုင်မှ ကျွန်မတို့ဟာ ဒီကမ္ဘာအလယ်မှာ တင့်တင့်တယ်တယ်နဲ့ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

ဒီနိုင်ငံက ပညာရေးစနစ်က ဘယ်လိုဖြစ်စေချင်တယ်၊ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်က ဘယ်လိုအကျိုးအမြတ်တွေကို ဖြစ်စေချင်သလဲလို့ ကျွန်မကိုမေးရင်တော့ ရိုးရိုးသားသားပဲ ရှင်းရှင်းလင်းလင်း ဖြေပါမယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သား အများစုဟာ ကမ္ဘာ့အလယ်မှာဆိုရင် တင့်တင့်တယ်တယ်ဆိုတာ ကျွန်မ ရုပ်ပိုင်းဆိုင်ရာကိစ္စကိုပဲပြောတာ မဟုတ်ပါဘူး။ လူတစ်ယောက်မှာ တင့်တယ်ဖို့ နိုင်ငံတစ်နိုင်ငံဟာ တင့်တယ်ဖို့ ဒီနိုင်ငံရဲ့ ပြည်သူပြည်သားများဟာ တင့်တယ်ဖို့ ဆိုရင် မှန်ကန်တဲ့ စိတ်ထားတွေ၊ မှန်ကန်တဲ့ တန်ဖိုးထားမှု၊ မှန်ကန်တဲ့ စံနှုန်းထားတွေ ရှိရပါမယ်။

အဲဒီဟာတွေ မရှိဘဲနဲ့ ရုပ်ပိုင်းဆိုင်ရာဘက်ကသာ တိုးတက်မှု ရှိမယ်ဆိုရင် ကျွန်မတို့ဟာ ချမ်းသာတဲ့ နိုင်ငံသူ နိုင်ငံသား

တွေတော့ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ တင့်တယ်ပြီးတော့ အများကနေ လေးစားတဲ့ ပြည်သူပြည်သားတွေအနေနဲ့ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ ပညာရေးကွန်ရက်ကို စတည်ထောင်ပေးခဲ့တဲ့ ပုဂ္ဂိုလ်များ၊ စပြီးတော့ ဒီကွန်ရက် ဖြစ်ပေါ်လာအောင် ဖန်တီးပေးတဲ့ ပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ ကျွန်မတို့ကို ရက်ရက်ရောရော စေတနာ စစ်စစ်မှန်မှန်နဲ့ လှူဒါန်းပြီးတော့ ပံ့ပိုးခဲ့တဲ့ လုပ်ငန်းရှင်များ အားလုံးကို ကျွန်မ ပြောချင်တာက ကျွန်မတို့ရဲ့ ပန်းတိုင်ကတော့ ပြည်သူတွေပဲလို့ ကျွန်မ ယုံကြည်ပါတယ်။

အားလုံးက အမြင်တွေ အမျိုးမျိုးရှိတယ်။ ကျွန်မတို့အားလုံး ဦးတည်နေတဲ့ ပန်းတိုင်ကတော့ ကျွန်မတို့ရဲ့ လူငယ်များဟာ အနာဂတ်မှာ ဒီနိုင်ငံအတွက် ပြည့်ပြည့်ဝဝ တာဝန်ယူနိုင်တဲ့ လူကြီးများ ဖြစ်လာရင်လည်း ဖြစ်လာနိုင်ပါတယ်။ ကျွန်မတို့ ပညာရေးကွန်ရက်ရဲ့ လုပ်ဆောင်ချက်များအား ကျွန်မတို့ ပြည်သူများဟာ အနာဂတ်အတွက် တာဝန်ယူနိုင်တဲ့လူများ ဖြစ်လာမယ်ဆိုရင် ကျွန်မတို့ရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်ပြီလို့ ကျွန်မ သတ်မှတ်ထားပါတယ်။

ကျောင်းပြီးပြီးတော့ လက်မှတ်လေးတစ်ခုခု ရပြီးရုံလောက်လေးနဲ့တော့ မလုံလောက်ပါဘူး။ ဒီဟာအတွက်ပဲ ကျွန်မတို့ လုပ်နေတာ မဟုတ်ပါဘူး။ ဘယ်တုန်းကမှ မပေးနိုင်ခဲ့တဲ့ အရည်အချင်းများ ကျွန်မတို့ရဲ့ လူငယ်များ နှလုံးသားထဲမှာ၊ ဦးနှောက်ထဲမှာ စွဲပြီးတော့ ထင်ကျန်ရစ်ခဲ့ အောင်လို့ ကျွန်မတို့ရဲ့ ဆရာဆရာမများက ပြုစုပျိုးထောင်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

# အမှာစာ

သိပ္ပံနှင့်နည်းပညာ တိုးတက်ထွန်းကားလျက်ရှိသော ယနေ့လူ့အဖွဲ့အစည်းတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများသည် အံ့မခန်းပင်ဖြစ်သည်။ တစ်ဆက်တည်းတွင် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်း နိမ့်ကျမှုများမှာလည်း အံ့ဘနန်းပင်ဖြစ်သည်။ ရုပ်နာမ်မမျှ သမှုဟကျသည့် လူသားများအနေဖြင့် တစ်ဖက်ကို ဦးစားပေးလိုက်သည်နှင့် အခြားတစ်ဖက်မှ ယုတ်လျော့ကျဆင်းသွားသည်ကို ပညာသတိဖြင့် ကြည့်မြင်ကြရပေမည်။

လူတိုင်း ကျန်းမာ ချမ်းသာလိုကြသည်။ ထို့ကြောင့် ကဏ္ဍအလိုက် ကျန်းမာအောင်၊ ချမ်းသာအောင် ဆောင်ရွက်ကြသည်။ စင်စစ် ကျန်းမာလျှင် ချမ်းသာပြီးဖြစ်သည်။ ကိုယ်ကျန်းမာခြင်း၊ စိတ်ကျန်းမာခြင်း နှစ်ရပ်သည် အခြေခံ လိုအပ်ချက်ဖြစ်သည်။ ကိုယ်ကျန်းမာရန်အတွက် ရုပ်အာဟာရဖြင့် ဖြည့်စွက်ရသည်။ စိတ်ကျန်းမာရေးအတွက် နှလုံးသား အာဟာရဖြင့် ဖြည့်ဆည်းရမည်။ စိတ်ကျန်းမာရေး ချို့ယွင်းနိမ့်ကျမှုများသည် နှလုံးသား အာဟာရ ဖြည့်ဆည်းမှု မရှိခြင်းကြောင့် သို့မဟုတ် လုံလောက်သော၊ နည်းလမ်းကျသော ဖြည့်ဆည်းမှု မဟုတ်သောကြောင့် ရရှိလာသည့် အကျိုးဆက်တစ်ခုဖြစ်သည်။

## အမှာစာ

ပြည်သူ့နီတိသည် စိတ်ကျန်းမာရေး၏ အခြေခံဖြစ်သည်။ လူ့ယဉ်ကျေးမှု၏ အုတ်မြစ်ဖြစ်သည်။ လူတစ်ဦးစီနှင့် လူ့အဖွဲ့အစည်း၏ ပကတိတန်ဖိုးနှင့် အသုံးဝင်တန်ဖိုး နှစ်ရပ်လုံးကို ကိုယ်စားပြုသည်။

ပြည်သူပြည်သားကောင်း တစ်ယောက်အနေဖြင့် မိမိ၏ သက်ဆိုင်ရာ ကျင်လည်ရာ လူ့အဖွဲ့အစည်းအတွင်း လိုက်လျောညီထွေစွာ၊ ယဉ်ကျေးလိမ္မာစွာ၊ အဆင်ပြေ ချောမွေ့စွာ ပြုမူပြောဆို ဆက်ဆံ နေထိုင်ရေးအတွက် ပြည်သူ့နီတိသည် မရှိမဖြစ် လိုအပ်သည်။ လူ့အဖွဲ့အစည်းတိုင်းအတွက် သက်ဆိုင်ရာ ပြည်သူ့နီတိများလည်း ရှိပြီးဖြစ်သည်။

ပြည်သူ့နီတိသည် သိရန်သာ မဟုတ်၊ လိုက်နာကျင့်သုံးရန် ဖြစ် သည်။ ထိုမျှမက စဉ်ဆက်မပြတ် ဖြစ်ရန်လည်း လိုအပ်သည်။ ပြည်သူ့နီတိ၏ဖြစ်စဉ်တွင် 'သိ-ကျင့်-မြဲ-ပွား' အဆင့်များ ပါဝင်သည်။

'အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက' ဆိုသည့်အတိုင်း ပြည်သူ့နီတိ၏ အစသည်လည်း စာသင်ကျောင်းများပင် ဖြစ်သည်။ 'ပဲ့ပြင်ဆုံးမ' ဟူသည့် ဆရာ့ဝတ္တရားသည် ပြည်သူ့နီတိကို လိုက်နာကျင့်သုံးရေး ဖြစ်သည်။ ဆရာ၊ ဆရာမများသည် ကိုယ်တိုင်ကျင့်၍ တစ်ဆင့်ပွားသူများ ဖြစ်ကြသည်။

ကျွန်ုပ်တို့သည် ကျောင်းနှင့် တူသော နိုင်ငံတော်ကိုလည်းကောင်း၊ ကျောင်းသားနှင့် တူသော နိုင်ငံသားများကိုလည်းကောင်း၊ ဆရာနှင့်တူသော နိုင်ငံ့ခေါင်းဆောင်များကို လည်းကောင်း ရရှိကြပါလိမ့်မည်။

အမှာစာ

ပြည်သူ့နီတိကို ပြည်သူပြည်သားအားလုံး အလွှာစုံ၊ အရွယ်စုံ၊ နေရာစုံ၌ လိုက်နာကျင့်သုံးကြခြင်းဖြင့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားများ မြင့်မြတ်တင့်တယ်လာပေမည်ဟု ယုံကြည်ပါသည်။

အောင်ဘသိန်း
ကျောင်းအုပ်ကြီး
ရန်ကင်းပညာရေးကောလိပ်

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်။

## နိဒါန်းနှင့် ကျေးဇူးစကား

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့က ဖြစ်သည်။ ယင်းနေ့ထုတ် The Voice နေ့စဉ်သတင်းစာပါ 'ပြည်သူ့နီတိ အဖြေညှိသင့်' ဆိုသည့် အယ်ဒီတာ့အာဘော်ကို ဖတ်ရှုရသည်။ အယ်ဒီတာ့အာဘော်၏ အနှစ်ချုပ်မှာ ကမောက်ကမ ဖြစ်နေရသော ပြည်သူ့နီတိ သင်ကြားရေးကို ဝေဖန်သုံးသပ်ထားခြင်းဖြစ်သည်။ ပြည်သူ့နီတိ သင်ကြားရေးနှင့် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ အခြေခံ သင်ခန်းစာများ သင်ကြားခြင်းတို့ကို မကွဲမပြား ရောထွေး ရှုမြင်နေကြသည့် ဆရာတို့၏ အားနည်းချက်များနှင့် ထိုအတိုင်းသာ ဆက်လက် သင်ကြားနေကြဦးမည်ဆိုပါက ပြည်သူ့နီတိ သင်ကြားရေး မအောင်မြင်နိုင်ပုံတို့ကိုလည်း ထောက်ပြထားသည်။

အဆိုပါ အယ်ဒီတာ့အာဘော်ထဲမှ အကြိမ်ကြိမ် ဖတ်မိစေပြီး အခါခါလည်း စဉ်းစားမိစေသည့် စကားရပ် အနည်းငယ်တို့ကို ထုတ်နုတ်ဖော်ပြလိုသည်။

*ကျောင်းတွေမှာ ပြည်သူ့နီတိဘာသာရပ် သင်ကြားဖို့ ဆွေးနွေးကြတော့ ဆရာ့ဆရာကြီးတွေဆီက ဗုဒ္ဓဘာသာ အခြေခံတဲ့ သင်ကြားရေးတွေပဲ အသံတွေ ထွက်လာတာ တွေ့ရတယ်။ ဥပမာ- စာသင်ခန်းအတွင်း ဘုရားရှိခိုးခြင်း၊ တရားထိုင် တရားမှတ်တတ်အောင် လေ့ကျင့်ပေးခြင်းဆိုတဲ့ လေသံတွေကို ကြားလိုက်ရတော့ လူတိုင်းအတွက် ပညာရေး၊ ဘာသာကိုးကွယ်သူတိုင်းအတွက် ပညာရေး၊ တိုင်းရင်းသား အားလုံးအတွက် ပညာရေး၊ ကမ္ဘာကိုအခြေခံတဲ့ ပညာရေးကို ဘာဖြစ်လို့ မဆွေးနွေးကြတာလဲလို့ စိတ်ထဲမှာ မတင်မကျ ဖြစ်မိတယ်။*

*မြန်မာနိုင်ငံမှာ မြန်မာကိုပဲ မြင်ပြီး ကမ္ဘာကို မမြင်တော့ဘူး။ မြန်မာကိုပဲကြည့်ပြီး အခြားဘာသာဝင်တွေနဲ့ တိုင်းရင်းသားအားလုံးအတွက် အခြေမခံတဲ့ သင်ကြားရေးတွေကို လုပ်နေတယ်ဆိုတဲ့ ဝေဖန်သံတွေကို လွတ်လပ်ပွင့်လင်းတဲ့ ဆွေးနွေးနိုင်ခြင်းတွေကနေ အသံတွေ ထွက်ပေါ်လာတာကိုလည်းသတိထားမိပါတယ်။ ဒါကြောင့် ယဉ်ကျေးလိမ္မာ သင်ခန်းစာဆိုတာ ပြည်သူ့နီတိ သင်ကြားရေးမှာ အလေးပေး ဆွေးနွေးစရာ ဖြစ်လာနိုင်ပါတယ်။ မြန်မာနဲ့ ဗုဒ္ဓဘာသာက အင်အားများတယ်ဆိုပြီး မြန်မာ့ဓလေ့နဲ့ ဘာသာအယူဝါဒတွေချည်း သင်ကြားပေးမယ်ဆိုရင် မျှတမှုရှိပါ့မလားလို့ ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။*

အဆိုပါ အယ်ဒီတာ့အာဘော်တွင် 'ပညာရေးကို ကမ္ဘာကြည့် ကြည့်မြင်စေကာ နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝမှုကို အလေးပေး စေလိုသည်။ အရှိတရားဖြစ်သည့် မတူကွဲပြားမှုများကို နားလည် လက်ခံ တန်ဖိုးထား လေးစားစေလိုသည်။ လူမျိုး၊ ကိုးကွယ် ယုံကြည်ရာ ဘာသာတရား စသည်အားဖြင့် ခြားနားလျက် ရှိကြသော ကျောင်းသားကျောင်းသူများ ပေါင်းဆုံစုစည်း ပညာဆည်းပူးရာ နိုင်ငံ

အနှံ့ စာသင်ကျောင်းများတွင် လူမျိုးတစ်မျိုး ကိုးကွယ် ယုံကြည်ရာ ဘာသာတရား တစ်ခုကို အခြေမခံဘဲ အားလုံးနှင့် သက်ဆိုင်ပြီး အားလုံးအတွက် တစ်ပြေးညီဖြစ်စေမည့် ပြည်သူ့နီတိ သင်ကြားရေးကို ဖြစ်ထွန်းစေလိုသည်' ဟူသော အာသာဆန္ဒ စေတနာများကို တွေ့မြင်နေရသည်။

ဖြစ်လည်း ဖြစ်ထွန်းသင့်လှပေသည်။ စင်စစ် ပြည်သူ့နီတိ သင်ကြားရေး ဟူသည် လူမျိုးအသီးသီး၊ ကိုးကွယ်ယုံကြည်မှု အထွေထွေတို့ဖြင့် မတူကွဲပြား ခြားနားကြသော ပြည်သူပြည်သား နိုင်ငံသား အားလုံးတို့၏ နေ့စဉ်ဘဝနှင့် အသက်တာတစ်လျှောက်တွင် တူညီသော စံသတ်မှတ်ချက်များအဖြစ် အမြတ်တနိုး လိုက်နာစောင့်ထိန်းလျက် ကျင့်သုံးသွားရမည့် ပြည်သူ့ဘဝ၊ နိုင်ငံသားဘဝနှင့်ဆိုင်သော ယဉ်ကျေးပျူငှာမှု၊ ကျင့်ဝတ်သိက္ခာ စောင့်စည်းမှု၊ တာဝန်၊ အခွင့်အရေး စသည်တို့ကို သိရှိ နားလည်စေသည့် သင်ကြားရေးမျိုးသာ ဖြစ်သင့်ပေသည်။ ဖြစ်ရပေမည်။

သို့သော် လက်တွေ့သင်ကြားရေး၌ ထိုသို့ ဖြစ်မလာသေးသည်ကို တွေ့မြင်နေရသည်။ ပြည်သူ့နီတိ ဘာသာရပ် သင်ကြားရန် ဆွေးနွေးကြရာတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို အခြေခံသည့် သင်ကြားရေးမျိုးကိုသာ မျက်မှန်းတန်းမိ၊ နားလည်မိဖြစ်နေကြသည်။ 'ပြည်သူ့နီတိ သင်ကြားရေး' ဟု ဆိုလိုက်သည်နှင့်လည်း ဆရာဆရာမ အများစုတို့၏ စိတ်တွင် 'နီတိ' ဟူသော ပါဠိဝေါဟာရနှင့် အတူ 'လောကနီတိ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု၊ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်း' စသည်တို့ကို တွဲဖက် ထင်မြင်မိတတ်ကြသည်။ ရောထွေးယှက်တင် နားလည်တတ်ကြသည်။ ဤသို့ဖြစ်ရသည်မှာ

အဘယ်ကြောင့်နည်း။ ဆရာ ဆရာမတို့အနေနှင့် လူမျိုးကြီးဝါဒစွဲ၊ ဘာသာစွဲ၊ အယူအဆစွဲများဖြင့် တပည့်တို့၏ စိတ်ကို မှိုင်းတိုက်ရန် ကြိုးစားကြခြင်းပင်လော။ ဗုဒ္ဓဘာသာဝင် လူဦးရေ အများဆုံးဖြစ်သည့်အတွက် အများစုကို ဦးစားပေးကာ အနည်းစုကို လျစ်လျူရှုခြင်းပင်လော။

မဟုတ်ပါချေ။

အကြောင်းမှာ ပြည်သူ့နီတိ ဘာသာရပ်ကို သင်ကြားရမည့် ဆရာ ဆရာမတို့ ကိုယ်တိုင်ကပင် ကျောင်းသား ကျောင်းသူဘဝ၌ ပြည်သူ့နီတိကို ကျောင်းသင်ဘာသာရပ်အဖြစ် သင်ယူခဲ့ရခြင်း မရှိဘဲ ဘုန်းတော်ကြီးများအထံမှသာ ဗုဒ္ဓဘာသာ အခြေခံ တရားတော်များနှင့် ပြည်သူ့နီတိ ကျင့်ဝတ်များ တွဲဖက် ရောနှောသင်ကြားပေးသည်ကို ခံယူခဲ့ရဖူးခြင်း သို့မဟုတ် ဘုန်းတော်ကြီးကျောင်းများ၌ ထိုသို့ သင်ကြားနေသည်ကို တွေ့မြင် လေ့လာခဲ့ရဖူးခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့နီတိကို ၎င်းတို့ကိုယ်တိုင်က သင်ကြားပေးရသည့်အခါ၌လည်း ယခင် တွေ့ကြုံဖူးသည့်အတိုင်း ပြည်သူ့နီတိဆိုင်ရာ ကျင့်ဝတ်များနှင့်အတူ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ သင်ခန်းစာများကိုပါ တွဲဖက်ရောနှော သင်ကြားမိခြင်း ဖြစ်သည်။

ဤသို့ဖြင့် တိုင်းရင်းသား လူမျိုးပေါင်းစုံနှင့် မတူ ကွဲပြားသော ကိုးကွယ်ယုံကြည်မှု ရှိကြသူ တပည့်များ ပေါင်းဆုံ စုစည်း၍ ပညာသင်ယူရာ စာသင်ကျောင်းတွင် အားလုံးနှင့် ဆီလျော်သည့် ပြည်သူ့နီတိ သက်သက်မျှကိုသာ သင်ပြပေးရမည့်အစား မိမိ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကိုပါ ရောထွေးသင်ပြမိတော့သည်။ ဤ

ရောထွေးချက်ကပင် စာသင်ကျောင်းများ၏ ပြည်သူ့နီတိ သင်ကြားရေးကို မအောင်မမြင် ဖြစ်လာစေသည်ဟု အဖြေထုတ်မိသည်။ ဤတွင် 'နီတိ ဆိုသည်မှာ ဘာသာတရားမဟုတ်ကြောင်း၊ ပြည်သူ့နီတိ သင်ကြားရေး ဆိုသည်မှာလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ကြားရေးနှင့် မတူညီကြောင်း၊ ထပ်တူမကျကြောင်း၊ ယင်းနှစ်ခုတို့ကို မရောထွေးမိစေဘဲ ကွဲကွဲပြားပြား နားလည်သင့်ကြောင်း' ရှင်းပြချင်မိ၊ အသိပေးချင်မိသည့် ဆန္ဒတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ထိုဆန္ဒကြောင့်ပင် 'ပြည်သူ့နီတိ အဖြေညှိကြရာဝယ်'[၁] ဆိုသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားဖြစ်ခဲ့သည်။ ယင်းဆောင်းပါးကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်၊ ၈ ရက်နေ့ထုတ် The Voice နေ့စဉ်သတင်းစာများတွင် ဖော်ပြခဲ့ကြောင်း သိရသည်။ ယင်းနောက်တွင်ကား ပြည်သူ့နီတိနှင့် ပတ်သက်၍ အာရုံမရောက်ဖြစ်တော့။

ဤသို့ဖြင့် နှစ်သစ်လည်း ပြောင်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ နှောင်းပိုင်းတွင် The Voice ၏ အယ်ဒီတာချုပ် ဆရာဦးကျော်မင်းဆွေမှတစ်ဆင့် ဘညိုခေါ် ဦးအေးညိုက ပြည်သူ့နီတိနှင့် ပတ်သက်၍ ဆက်သွယ်လာခဲ့သည်။ The Voice နေ့စဉ်သတင်းစာများတွင် ဖော်ပြခဲ့သော 'ပြည်သူ့နီတိ အဖြေညှိကြရာဝယ်' ဆောင်းပါးကို ဖတ်ရှုရပါကြောင်း၊ ပြည်သူ့နီတိနှင့် စပ်လျဉ်း၍ ထပ်မံရေးသားပေးစေလိုပါကြောင်း တိုက်တွန်းလျှောက်ထားခဲ့သည်။

---

၁။ ယင်းဆောင်းပါးကို နောက်ဆက်တွဲ (က) ၌ ဖော်ပြထားသည်။

ဦးအေးညိုသည် ပြည်သူ့နီတိကို အထူးတလည် စိတ်ဝင်စားသူ ဖြစ်ပြီး ပါလီမန် ဒီမိုကရေစီခေတ်က ကျောင်းသင် ဘာသာရပ်အဖြစ် ပြဋ္ဌာန်းခဲ့သော ကျောင်းသုံးပြည်သူ့နီတိစာအုပ်များကို တပင်တပန်း ရှာဖွေကာ နိုင်သလောက် ဖြန့်ဝေပေးနေသည့် စာဝါသနာရှင် စာချစ်သူ တစ်ဦးဖြစ်ကြောင်း သိရသည်။

ဦးအေးညိုသည် ပြည်သူ့နီတိအတွက် တိုက်တွန်းရုံသက်သက်မျှသာ မဟုတ်။ သူပင် စီစဉ်ဖြန့်ချိနေသည့် ပြည်သူ့နီတိစာအုပ်တချို့နှင့် ပြည်သူ့နီတိဆိုင်ရာ အခြားစာအုပ်များ၊ မှတ်စုများကိုပါ လူကြုံဖြင့် မရောက်ရောက်အောင် ခဲခဲယဉ်းယဉ်း ပေးပို့ပြီး ပါလီမန် ဒီမိုကရေစီခေတ် ပြည်သူ့နီတိ သင်ရိုးများကို လေ့လာပါရန်လည်း တိုက်တွန်း လျှောက်ထားခဲ့သည်။ ပြည်သူ့နီတိ ပြန်လည်ရှင်သန် နိုးထလာရေး အတွက် အထောက်အကူ ဖြစ်စေနိုင်မည့် တစ်ခုခုကို ရေးသားစေလိုပါကြောင်းလည်း မကြာမကြာ တိုက်တွန်း လျှောက်ထားခဲ့သည်။

ဆိုခဲ့သည့် အကြောင်းထုပ္ပတ် အရပ်ရပ်တို့ကြောင့်ပင် 'ပြည်သူ့နီတိနှင့် ပြည်သူ့နီတိ သင်ကြားရေး' အမည်ရှိ ဤစာတမ်းငယ်ကို ရေးသား တင်ပြဖြစ်ပါသည်။ ဤစာတမ်းငယ်ကို ရေးသားရာတွင် အဓိကအားဖြင့် ဦးအေးညို၏ စီစဉ်မှု၊ လှုံ့လဥဿာဟ စိုက်ထုတ်မှုတို့ကြောင့် ပြန်လည်၍ ပုံနှိပ်ထုတ်ဝေနိုင်သည့် ဆရာကြီးဦးဘဖေ-ဘီအေ၊ ဘီအက်(ဒ) ပြုစုခဲ့သော 'အထက်တန်း ပြည်သူ့နီတိ' နှစ်တွဲနှင့် ယင်းစာအုပ်များပါ ပညာရှင် အသီးသီးတို့၏ အမှာစာများကို အကိုးအကားပြုပါသည်။

ထို့အပြင် ပါမောက္ခ ဒေါက်တာမောင်သင်း၊ ဆရာမောင်ကျေးဇူး၊ ဆရာ ဦးတင်ညွန့်၊ ဆရာ ဦးကျော်မင်းဆွေတို့၏ ဆောင်းပါးများ၊

အယ်ဒီတာ့အာဘော်များပါ ပြည်သူ့နီတိဆိုင်ရာ အမြင်များနှင့် အချက်အလက်များကိုလည်း ကိုးကားပါသည်။ ဆရာဦးဇော်သက်ထွေး၊ ဆရာမ သွယ်သွယ်မျိုးညွန့်၊ ဆရာမ ခင်နှင်းကြည်သာတို့၏ ဆောင်းပါး၊ ဝတ္ထု တစ်ပုဒ်စီတို့မှ အကြောင်းအရာများကို သာဓကများအဖြစ် ကိုးကားပါသည်။ အကိုးအကားပြုကြောင်း မှတ်တမ်းတင်လျက် ခွင့်ပန်စကားနှင့် ကျေးဇူးစကားလည်း ဆိုပါသည်။

ဤစာတမ်းငယ်ကို ရေးဖြစ်စေအောင် အကြောင်းဆင့်ဆင့် ဖန်တီးပေးလာသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ထုတ် The Voice နေ့စဉ်သတင်းစာပါ 'ပြည်သူ့နီတိ အဖြေညှိသင့်' အမည်ရှိ အယ်ဒီတာ့အာဘော်၊ ဆရာဦးတင်ညွန့်၊ ဆရာဦးကျော်မင်းဆွေ၊ ဘညို ခေါ် ဦးအေးညိုတို့အား အထူးတလည် ကျေးဇူးစကား ဆိုပါသည်။

ဤစာတမ်းငယ်သည် ပြည်သူ့နီတိ ဘာသာရပ်ကို လက်တွေ့ သင်ကြားပေးကြရမည့် ဆရာ ဆရာမတို့အတွက် အထူးတလည် ရည်ရွယ်သည်။ ဤစာတမ်းငယ်ပါ ဆွေးနွေး တင်ပြချက်တို့ကို လေ့လာ ဖတ်ရှုခြင်းဖြင့် 'ပြည်သူ့နီတိ ဟူသည် ဤသို့ပါတကား၊ ပြည်သူ့နီတိ သင်ကြားရေးဟူသည် ဤနှယ်ပါတကား' ဟု ရှင်းရှင်းလင်းလင်း သိနားလည်ကာ သင်ကြားရေး လုပ်ငန်းခွင်တွင် အထောက်အပံ့ ဖြစ်စေလိမ့်မည်။ ဆရာ ဆရာမတို့အတွက် အထူးတလည် ရည်ရွယ်အပ်သော ခေါင်းစဉ်တို့မှာ 'ပြည်သူ့နီတိဟူသည်၊ ပြည်သူ့နီတိ၏ အဓိပ္ပာယ်၊ ပြည်သူ့နီတိ၏ သဘောသဘာဝ၊ ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်၊ ပြည်သူ့နီတိ သင်ကြားရေး နည်းလမ်း' အမည်ရှိ ခေါင်းစဉ်များဖြစ်သည်။

ထို့ပြင် ဤစာတမ်းငယ်သည် နိုင်ငံတော်၏ ပြည်ထောင်စုအဆင့် အာဏာမဏ္ဍိုင်များနှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေး ခေါင်းဆောင်များ၊ လူထုခေါင်းဆောင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များအထံသို့လည်း အထူးတလည်ရည်ရွယ်သည်။ ဤစာတမ်းငယ်ပါ ဆွေးနွေးတင်ပြချက်တို့ကို သုံးသပ်မှု ဆင့်ခြင်မှုပြုခြင်းဖြင့် -

'ပြည်ထောင်စု၏ နေရာဌာန အနှံ့အပြားတို့တွင် ပြည်သူ့နီတိကို လိုအပ်လျက် ရှိနေပါတကား။ ပြည်သူ့နီတိ သင်ကြားရေးနှင့် ပြည်သူ့နီတိ ရှင်သန်ထွန်းကားရေးသည် ပြည်ထောင်စုအဆင့် အမျိုးသားရေး တာဝန်ကြီးတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရမည့် အရေးပါတကား။ ပြည်သူ့နီတိ တတ်သိကျေပွန်၍ နိုင်ငံကြီးသားစိတ်ထားကြွယ်ဝသည့် မျိုးဆက်ကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် အရေးကြီးပေစွတကား။ ပြည်ထောင်စုအတွင်းရှိ နိုင်ငံသားပြည်သူတိုင်း ပြည်သူ့နီတိ တတ်သိကျေပွန်လျက် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝကြပါမှ ဤပြည်ထောင်စုသည် ပဋိရူပ လူ့အဖွဲ့အစည်းကောင်းများ ဖြစ်ထွန်းရှင်သန်ရာ ဂုဏ်အသရေနှင့် ပြည့်စုံသော ပဋိရူပဒေသ၊ ပဋိရူပ နိုင်ငံတော်ကြီးအဖြစ် မြင့်မား ထည်ဝါရပ်တည်နိုင်လိမ့်မည်တကား'

ဟု အချိန်မနှောင်းမီ ယခုကပင် အလေးအနက် သတိမူမိကြစေလိုသည်။ ပြည်ထောင်စုအဆင့် အာဏာမဏ္ဍိုင်များနှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ လူထုခေါင်းဆောင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များအထံသို့ အထူးတလည် ရည်ရွယ်အပ်သော ခေါင်းစဉ်တို့မှာ 'ပြည်သူ့နီတိ သင်ကြားရေးနှင့် သက်ဆိုင်သူများ၊

ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များ၊ ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်း' အမည်ရှိ ခေါင်းစဉ်များဖြစ်သည်။

ယေဘုယျအားဖြင့်မူ ဤစာတမ်းငယ်သည် ပြည်သူ့နီတိ၊ ပြည်သူ့နီတိ၏ အရေးကြီးပုံနှင့် ပြည်သူ့နီတိ သင်ကြားရေးတို့၏ သဘောသဘာဝကို မြည်းစမ်း တီးခေါက် လေ့လာ သိရှိလိုသူများအတွက် ရည်ရွယ်သည်။ သို့ဖြစ်ရာ ပြည်သူ့နီတိ ပညာရပ်၌ အကျွမ်းတဝင် တတ်သိကျေပွန် နှံ့စပ်ကုံလုံကြသော ပြည်သူ့နီတိ ပညာရှင်များ၏ အမြင်ဝယ် ဤစာတမ်းငယ်သည် တင့်တယ်ကောင်းမှ တင့်တယ်ပေမည်။ မတင့်မတယ် ပြင်ဆင်ဖွယ်များလည်း ပါရှိကောင်း ပါရှိနိုင်ပေသည်။

ယင်းသို့ မတင့်မတယ် ပြင်ဆင်ဖွယ်များ ချွတ်ယွင်းလွဲမှားချက်များ ပါရှိခဲ့ပါမူ အကိုးအကားပြုရာ မူလဆောင်းပါးများ၊ စာအုပ်များ၊ စာတမ်းများနှင့် မသက်ဆိုင်ဘဲ ဤစာတမ်းရှင်၏ သတိပညာနည်းပါးမှုကို အရင်းခံသည့် ချို့ယွင်းလွဲမှားချက်များသာဖြစ်ကြောင်း မှတ်ယူကုန်လျက် ဝေဖန်ထောက်ရှု ပဲ့ပြင်မှုလည်း ပြုကြစေလိုသည်။

ဤစာတမ်းငယ်သည် ပြည်သူ့နီတိ သင်ကြားရေးကို လက်တွေ့ဆောင်ရွက်ကြရမည့် ဆရာ ဆရာမတို့အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူ ဖြစ်စေနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ အမျိုးသား ပညာရေး ဥပဒေတွင် ပါဝင်ပြီးဖြစ်ကာ ပြည်ထောင်စုအတွင်းဝယ် တစ်ဖန်ပြန်လည် နိုးထရှင်သန်လာတော့မည့် 'ပြည်သူ့နီတိ သင်ကြားရေး' နှင့် 'ပြည်သူ့နီတိ ရှင်သန် ထွန်းကားရေး' တို့အတွက်လည်း တစ်စုံတစ်ခုသောအတိုင်းအတာငယ်ဖြင့် အထောက်အကူ ဖြစ်စေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ရပေသည်။

## ရဋ္ဌပါလ

ဤပြည်ထောင်စုသည် ပြည်သူနီတိကို တတ်သိကျေပွန်ကြသည့် ပဋိရူပ လူ့အဖွဲ့အစည်းကောင်းများ ရှင်သန် ထွန်းကားရာ ဂုဏ်အသရေအပေါင်းနှင့် ပြည့်စုံသော ပဋိရူပဒေသ ပဋိရူပ နိုင်ငံတော်ကြီးအဖြစ် မြင့်မား ထည်ဝါလျက် အဓွန့်ရှည်စွာ ရပ်တည်နိုင်ပါစေသတည်း။

ရဋ္ဌပါလ

author.ratthapala@gmail.com

၂၂-၃-၂၀၁၅၊ တနင်္ဂနွေနေ့။

လင်းနိုင်မြင့်
လွှတ်တော်ဒုတိယဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ပြည်သူ့နီတိနှင့် ပြည်သူ့နီတိ သင်ကြားရေး

## ပြည်သူ့နီတိ ဟူသည်

'ပြည်သူ့နီတိ' အကြောင်း ပြောကြမည်ဆိုလျှင် 'ပြည်သူ့နီတိဟူသည် အဘယ်နည်း' ဆိုသည့် မေးခွန်းဖြင့် စတင်သင့်သည်။ အဖြေမှာ 'ပြည်သူအများ သင်ယူ၊ လေ့လာ၊ ကျင့်ဆောင်၊ အားထုတ်အပ်သော နီတိပညာရပ် နီတိကျင့်ဝတ် ဖြစ်သည်' ဟု ဆိုရမည်။

သို့သော် ပြည်သူ့နီတိ သင်ကြားရေး ပြန်လည် နိုးထခြင်းကို အိပ်မှုန်စုံမွှား စမ်းတဝါးဝါး မဖြစ်စေဘဲ ကြည်ကြည်လင်လင် ပီပီ သသ ထထမြောက်မြောက် ဖြစ်စေရန် ဆောင်ရွက်ကြမည်ဟု သိန္နိဋ္ဌာန် ချထားပြီးလျှင်မူ ထို့ထက်ကျယ်ဝန်းစွာ ထဲထဲဝင်ဝင် သိမှတ်နားလည်ကြရန် လိုအပ်သည်။ ပြည်သူ့နီတိ သင်ကြားရေးကို လက်တွေ့ ဆောင်ရွက်ကြရမည့် သင်ကြားရေး နယ်ပယ်မှ ဆရာ ဆရာမများကိုယ်တိုင်က ပြည်သူ့နီတိ၏ အဓိပ္ပာယ်နှင့် သဘော သဘာဝကို ရှေးဦးမဆွကပင် ထဲထဲဝင်ဝင် ကျယ်ကျယ်ဝန်းဝန်း သိမှတ်နားလည်နှင့်ကြရမည်။ သို့မှသာ ကြည်လင်ပီသ ထမြောက် အောင်မြင်သော ပြည်သူ့နီတိ သင်ကြားရေးအဖြစ် မျှော်လင့်နိုင်မည်။

## ပြည်သူ့နီတိ အဓိပ္ပာယ်

မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်[၁]၌ 'ပြည်သူ့နီတိ' ပုဒ်ကို 'ပြည်သူ့နီတိ/နာမ်/ပြည်သူများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်' ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

'ပြည်သူ့နီတိ' ကို ဝါစင်္ဂအားဖြင့် ခွဲခြမ်းစိတ်ဖြာလျှင် 'ပြည်သူ' ဟူသော မြန်မာဝေါဟာရနှင့် 'နီတိ'ဟူသော ပါဠိ(သက္ကတ) ဝေါဟာရတို့ တွဲဖက် ပေါင်းစပ်ထားသော 'ပေါင်းစပ်နာမ်ပုဒ်' ဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ထိုတွင် 'ပြည်သူ' ဆိုသည့် မြန်မာဝေါဟာရသည် တိုင်းပြည်တစ်ပြည်၏ ပြည်သူပြည်သား (နိုင်ငံတစ်ခု၏ နိုင်ငံသား) ဖြစ်သူကို ဖော်ညွှန်းပြသသည်။

မြန်မာအဘိဓာန်၌မူ 'ပြည်သူ' ပုဒ်နှင့် ထိုပုဒ်၏အဖွင့်ကို မတွေ့ရချေ။ ထိုပုဒ်နှင့် အနီးစပ်ဆုံး 'ပြည်သူလူထု' ပုဒ်ကိုတွေ့ရပြီး 'ပြည်သူလူထု/နာမ်/နိုင်ငံတွင်းရှိ လူအပေါင်း' ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ (ထိုဖွင့်ဆိုချက်နှင့် ဆက်စပ်၍ 'နိုင်ငံသား' ပုဒ်၏ အဖွင့်ကို မြန်မာအဘိဓာန်၌ပင် ဆက်လက်ကြည့်ရှုရာ 'နိုင်ငံသား/ နာမ်/ နိုင်ငံတော်၏သစ္စာကို ခံယူစောင့်ထိန်းသော၊ နိုင်ငံတော်က ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရသော၊ နိုင်ငံတော်က ခွင့်ပြုသည့် အခွင့်အရေးများကို ရရှိသောသူ' ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။)

ထို့ကြောင့် 'ပြည်သူ့' ဆိုသည့်ပုဒ်မှာ 'နိုင်ငံတော်အတွင်းရှိ နိုင်ငံသား ပြည်သူများနှင့် သက်ဆိုင်သော၊ နိုင်ငံသားပြည်သူများအတွက်

---

၁။ နောင်တွင် စာကျဉ်းစေရန် 'မြန်မာအဘိဓာန်' ဟု ညွှန်းမည်။

ဖြစ်သော၊ နိုင်ငံသားပြည်သူများ၏' စသည့် အဓိပ္ပာယ်တို့ကို ဖော်ဆောင်သည်။

မြန်မာစာပေတွင် ထင်ရှားပြီး မူရင်းအားဖြင့် ပါဠိ (သက္ကတ) ဝေါဟာရဖြစ်သည့် 'နီတိ' ပုဒ်ကို မြန်မာအဘိဓာန်၌ 'နီတိ/ နာမ်/ လမ်းညွှန်ဆုံးမသော စကား၊ ကျမ်း။ [ပါ၊ နီတိ]' ဟု ဖွင့်ဆိုသည်။ ပါဠိ-မြန်မာ အဘိဓာန်တို့၌မူ 'နီတိ' ပုဒ်ကို 'ရမိခြင်း၊ ဆောင်ခြင်း၊ ညွှန်ပြခြင်း၊ နည်းလမ်း၊ လမ်းညွှန်၊ လမ်းညွှန်ကျမ်း၊ နည်းပြသော ကျမ်း၊ နီတိကျမ်း၊ ပြည်မှုပြည်ရေးကို စီရင်သော အတတ်ပညာ' ဟု ဖွင့်ဆိုကြသည်။ ပါဠိ (သက္ကတ) ဘာသာများအလို 'နီတိ' ပုဒ်၏ အရင်းအမြစ်ဖြစ်သော 'နီ' (ဓာတ်) သည် ဆောင်ခြင်း၊ ဆောင်ယူခြင်း၊ သယ်ဆောင်ခြင်း၊ သယ်ပိုးခြင်း၊ ဦးဆောင်ခြင်း၊ ညွှန်ပြခြင်း၊ ဆုံးမခြင်း စသော အနက်များရှိသည်။

သုတ္တန္တ ပိဋကတ်၌ ပါဝင်သော မိလိန္ဒပဉှာကျမ်း မြန်မာပြန် စာမျက်နှာ (၅) အောက်ခြေမှတ်ချက်တွင် နီတိကျမ်းအတတ်နှင့် စပ်လျဉ်း၍ 'နိုင်ငံအုပ်ချုပ်ရေးကို ညွှန်ပြသော ရာဇနီတိ၊ အမျိုးလေးပါးတို့၏ ယဉ်ကျေးမှုကို ညွှန်ပြသော လောကနီတိ၊ အကျင့်သိက္ခာ စောင့်စည်းမှုကို ညွှန်ပြသော ဓမ္မနီတိ စသော ကျမ်းများ' ဟု ရှင်းလင်းပြဆိုထားသည်ကို တွေ့ရသည်။

ထို့ပြင် ဆရာတော် ဦးဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြ အဘိဓာန်ကျမ်း 'အဋ္ဌာရသသိပ္ပမျိုး' သရုပ်၌ သက္ကဋ ဗိသျှဏုပုရာဏ်ကျမ်းအလို အမှတ်စဉ် (၁၈) အတ္ထသတ္ထ- ဥစ္စာစည်းစိမ်ရကြောင်း လိမ္မာယဉ်ကျေးကြောင်းဖြစ်သော နီတိကျမ်းအတတ်ဟုလည်းကောင်း၊ ပေါရာဏဒီပနီအလို အမှတ်စဉ် (၅) နီတိ - လူတို့

လိုက်နာကျင့်ဆောင်ကြရန် လောကဝတ်တို့ကို ညွှန်ပြသော နီတိ ကျမ်းစုအတတ်ဟုလည်းကောင်း ပြဆိုထားသည်ကို တွေ့ရသည်။ (စင်စစ်မူ 'နီတိ' ၏ အဓိပ္ပာယ်မှာ အလွန်ကျယ်ဝန်းသည်။ သို့နှင့်တိုင် ဆိုခဲ့ပြီးသည့် ဖွင့်ဆိုချက်များဖြင့်ပင် 'နီတိ' ၏ အဓိပ္ပာယ်ကို ရိပ်စားမိတန်ရာ၏။)

ထိုအဖွင့်တို့ကို ထောက်ဆ၍ 'ပြည်သူ့နီတိ' ဆိုသည်မှာ 'နိုင်ငံသား ပြည်သူများနှင့် သက်ဆိုင်သော လမ်းညွှန်ချက်၊ နိုင်ငံသား ပြည်သူများအတွက် လမ်းညွှန်ကျမ်း၊ နိုင်ငံသားပြည်သူများ၊ သိသင့် တတ်သင့်သော ပြည်မှုပြည်ရေး စီရင်ခြင်း အတတ်ပညာ' ဟု ဆိုရမည်။ နိုင်ငံသားဘဝ ပြည်သူ့ဘဝနှင့် သက်ဆိုင် အကျုံးဝင်သည့် တာဝန်ဝတ္တရားများ၊ အခွင့်အရေးများကို နိုင်ငံသား ပြည်သူများကို နိုင်ငံကြီးသား ပီသသည့် ကောင်းမြတ်ရင့်ကျက်သော အနေအထားသို့ ရောက်ရှိအောင် ပို့ဆောင်ပေးသော လမ်းညွှန်ချက်များသည် 'ပြည်သူ့နီတိ' ပင်ဖြစ်သည်။ ထိုလမ်းညွှန်ချက်များကို သင်ကြား ပြသ ပို့ချရေးသည် ပြည်သူ့နီတိ သင်ကြားရေးပင်ဖြစ်သည်။ ဤသည်မှာ 'ပြည်သူ့နီတိ' ကို ဝါစင်္ဂအားဖြင့် ခွဲခြမ်း၍ မြန်မာ၊ ပါဠိ ဝေါဟာရပိုင်းမှ အဓိပ္ပာယ်ကောက်ယူခြင်းဖြစ်သည်။

တစ်ဖန် မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာ-အင်္ဂလိပ် အဘိဓာန်၌ 'ပြည်သူပြည်သား/. . . / n.people (of acountry);citizen (of a nation)." ဟုလည်းကောင်း၊ 'နိုင်ငံသား/ . . . /n.citizen.' ဟုလည်းကောင်း ပြန်ဆိုဖော်ပြထားရာ 'ပြည်သူ' နှင့် 'နိုင်ငံသား' ဆိုသည့် မြန်မာဝေါဟာရတို့ကို အင်္ဂလိပ်ဝေါဟာရအားဖြင့် 'Citizen' ဟု သာမည ပြန်ဆိုနိုင်သည်။ ယင်း၌ပင် 'နီတိ/

. . . /n.maxim; directive; advice.' ဟု ပြန်ဆိုဖော်ပြထားသည်ကို တွေ့ရသည်။

ဦးဟုတ်စိန်၏ အများသုံး မြန်မာ-အင်္ဂလိပ်-ပါဠိ အဘိဓာန်၌မူ 'နီတိ/right conduct; policy;statemanship.' ဟု လည်းကောင်း၊ 'နီတိကျမ်း/ethics; နီတိသတ္တ' ဟုလည်းကောင်း ပြန်ဆို ဖော်ပြထားရာ ယင်းပြန်ဆိုချက်တို့ကို လုံးကောက်တွဲစပ်၍ အဓိပ္ပာယ်ယူရလျှင် 'ပြည်သူ့နီတိ' ဟူသည် 'နိုင်ငံသား ပြည်သူတို့ လိုက်နာရမြဲဖြစ်သော အခြေခံ အရင်းခံမူ၊ နိုင်ငံသားပြည်သူတို့ စွဲမြဲရမည့် စနစ်ထုံးနည်း၊ နိုင်ငံသား ပြည်သူတို့အတွက် လမ်းညွှန်၊ အကြံဉာဏ်၊ နိုင်ငံသား ပြည်သူတို့ကို တော်တည့်မှန်ကန်သော ရှေ့ဆောင်ရှေ့ရွက်ပြုမှု၊ နိုင်ငံသားကောင်းဖြစ်စေမှု စသည်ဖြင့် မှတ်ယူနိုင်သည်။ ထို့ပြင် 'ပြည်သူ့နီတိကျမ်း' ဟူသည် 'နိုင်ငံသား ပြည်သူတို့၏ တာဝန်၊ ဝတ္တရားနှင့် ကျင့်ဝတ်များကို ပြဆိုရာကျမ်း' ဟုလည်းကောင်း၊ 'ပြည်သူ့နီတိပညာ' ဟူသည် 'နိုင်ငံသား ပြည်သူတို့၏ ကျင့်ဝတ်တရားနှင့် သက်ဆိုင်သော ပညာ' ဟုလည်းကောင်း တွေးဆ နားလည်နိုင်သည်။

တိုက်ရိုက်အားဖြင့်မူ 'ပြည်သူ့နီတိ' ကို 'Civics' ဟု အင်္ဂလိပ်ဘာသာ ပြန်ဆိုကြသည်။ အင်္ဂလိပ်ဝေါဟာရ 'Civitas' နှင့် 'Civis' ဟူသော စကားလုံးတို့မှ ဆင်းသက်လာသည်။ 'Civitas' မှာ မြို့ပြနိုင်ငံဟု ဆိုလိုပြီး 'Civis' မှာ နိုင်ငံသားဟု ဆိုလိုသည်။ ထိုစကားနှစ်ရပ်ကို ပေါင်းစပ်၍ အဓိပ္ပာယ်ကောက်ယူသော် 'Civics' ဟူသည် 'နိုင်ငံသားတစ်ယောက်အဖြစ် ခံယူခွင့်ရှိအောင် (နိုင်ငံကြီးသား ပီသအောင်) သင်ကြားလေ့ကျင့်ပေးရသည့် ပညာရပ် (ဘာသာရပ်) ဖြစ်သည်ဟု မှတ်ယူအပ်သည်။[၁] အဆိုပါ 'Civics' ကို "the study of

the right and suties of citizenship." ဟု ဖွင့်ဆိုရာ နိုင်ငံသား၏ အခွင့်အရေးနှင့် တာဝန်တို့ကို လေ့လာဆည်းပူးခြင်းသည်ပင် 'Civics' မည်တော့သည်။

ဤမျှဖြင့် 'ပြည်သူ့နီတိ' နှင့် 'Civics' ဆိုသည့် မြန်မာ၊ ပါဠိ၊ အင်္ဂလိပ် ဝေါဟာရတို့၏ အဓိပ္ပာယ်အမှန်ကို သိမြင်ရိပ်စားနိုင်ရာပြီ။ လွန်စွာလေးနက်ကျယ်ဝန်းပြီး ပြော၍ပင် မကုန်နိုင်သော 'ပြည်သူ့နီတိ' ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဤမျှလောက် သိမြင်ရိပ်စား နားလည်ထားခြင်းကပင် ဆရာဆရာမတို့ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ကြရမည့် ပြည်သူ့နီတိ သင်ကြားရေးကို ကြည်လင် ပီသ ထမြောက်အောင်မြင်စေရန် ကောင်းစွာ အထောက်အကူ ဖြစ်စေလိမ့်မည်။

## ပြည်သူ့နီတိ၏ သဘောသဘာဝ

'ပြည်သူ့နီတိ' ၏ အဓိပ္ပာယ်အမှန်နှင့် 'ပြည်သူ့နီတိ' ဟူသည် သင်ကြားပြသအပ်၊ သင်ယူလေ့လာအပ်သည့် ပညာရပ် (ဘာသာရပ်) တစ်ခု ဖြစ်ကြောင်းကို ဆွေးနွေးပြီးနောက် 'ပြည်သူ့နီတိ' ပညာရပ်၏ သဘောသဘာဝကို ဆက်လက် ဆွေးနွေးလေ့လာသင့်သည်။

'ပြည်သူ့နီတိပညာရပ်' ၏ သဘော သဘာဝကို အထက်တန်း ပြည်သူ့နီတိ စာအုပ်များ ရေးသား ပြုစုသူ ဆရာကြီး ဦးဘဖေ[၂]က

---

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ-၁၅။

၂။ ဦးဘဖေ (၁၉၀၆-၁၉၆၅)၊ ဘီအေ၊ ဘီအက်(ဒ)၊ ကျောင်းအုပ်ကြီး (ငြိမ်း)၊ နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံ။

ကျယ်ဝန်းစွာ ညွှန်းဆိုမိန့်ကြားခဲ့သည်။ လူအချင်းချင်း တစ်ဦးနှင့် တစ်ဦး စုရုံးပေါင်းသင်း နေထိုင်ဆက်ဆံရာတွင် သိသင့်သိထိုက်သည့် ကိစ္စအကြောင်းအရာ၊ ပြုသင့်ပြုထိုက်သည့် တာဝန်ဝတ္တရားများကို လေ့လာသင်ကြား လိုက်နာခြင်းဖြင့် လူ၏ဘဝ လူ့လောက အဆင့်အတန်းကို မြှင့်တင်ခြင်းငှာ သင်ကြားပေးသော ပညာရပ်သည် ပြည်သူ့နီတိ ပညာရပ်ပင်ဖြစ်သည်။[၁]

ထို့ကြောင့် ပြည်သူ့နီတိ ပညာရပ်ကို ပေါင်းသင်းဆက်ဆံရေး ပညာရပ်ဟု မှတ်ယူနိုင်သည်။ သို့သော် ပြည်သူ့နီတိပညာရပ်သည် လူအချင်းချင်း ပေါင်းသင်း ဆက်ဆံရာတွင် ရှိသင့် ရှိအပ်သည့် ယဉ်ကျေးသိမ်မွေ့ လောကဝတ် (Etiquettes) နှင့် လူ့ကျင့်ဝတ် (Ethis) တို့ကိုသာ ဦးတည် သင်ပြသည့် ပညာရပ် မဟုတ်ချေ။ ယဉ်ကျေးသိမ်မွေ့ လောကဝတ် (Etiquettes) နှင့် လူ့ကျင့်ဝတ် (Ehtics) တို့သည် ပြည်သူ့နီတိ၏ အရေးပါသော အစိတ်အပိုင်းမျှသာလျှင်ဖြစ်သည်။[၂]

စင်စစ်မူ 'ပြည်သူ့နီတိပညာရပ်' သည် လူတစ်ဦးချင်းနှင့် လူတစ်ဦးချင်း၏ ပေါင်းသင်းဆက်ဆံရေး သက်သက်မျှသာ မဟုတ်။ ပြည်သူ့ဘဝနှင့် ပတ်သက် ဆက်နွှယ် ထိတွေ့ ဆက်ဆံနေရသော အစည်းအရုံးများ (ဥပမာ- ရပ်ရွာ၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ နိုင်ငံတော် ဖွဲ့စည်းပုံ၊ ရွေးကောက်

---

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ-၂။

၂။ ပြည်သူ့နီတိ ထွန်းကားပြန့်ပွားရေး (အယ်ဒီတာ့အာဘော်)၊ အတွေးအမြင် ဂျာနယ်၊ အမှတ် (၂၁၈)၊ ၂၀၁၀ မေ၊ စာ-၅။

တင်မြှောက်ပုံစနစ်၊ နိုင်ငံသားတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ စသည့် ပြည်သူ့ဘဝနှင့် သက်ဆိုင်သမျှ အသင်းအဖွဲ့ အစည်းအရုံးများ) ၏ အကြောင်းအရာများကို လေ့လာသင်ကြားရသော ပညာရပ်လည်းဖြစ်သည်။[၁]

ထို့ကြောင့် 'ပြည်သူ့နီတိပညာရပ်' ကို နိုင်ငံ့ရေးရာပညာရပ်ဟုလည်း မှတ်ယူနိုင်သည်။ (ပြည်သူ့နီတိနယ်ပယ်တွင် ပါဝင်သော နိုင်ငံ့ရေးရာပညာသည် နိုင်ငံရေးပညာနှင့် ဆက်နွယ်သော်လည်း ကွဲပြားပြန်သည်။ ပြည်သူ့နီတိသည် ပြည်သူပြည်သားတို့၏ အရေးအရာ ပြဿနာများနှင့်သာ သက်ဆိုင်ပြီး နိုင်ငံရေးပညာ၏ နယ်ပယ်မှာ ထို့ထက် ကျယ်ဝန်းသည်။[၂])

ဆိုခဲ့သည့်ဆွေးနွေးချက်များအရ 'ပြည်သူ့နီတိပညာရပ်'ဟူသည် ပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံ့ရေးရာတို့ကို အချိုးတကျ ပေါင်းစပ်တီထွင်ထားသည့် သီးသန့်ပညာရပ် (ဘာသာရပ်) တစ်ခုဖြစ်သည်ဟု ဘောင်ခတ် နားလည်၍ကား မရနိုင်ချေ။ စင်စစ် ပြည်သူ့နီတိသည် အကန့်အသတ်ဘောင်တစ်ခုအတွင်း၌ သီးသီးသန့်သန့် သင်ကြားပို့ချ၍ မရ။ ပြည်သူ့နီတိသည် ပထဝီ၊ သမိုင်း၊ စီးပွားရေး စသော ပညာရပ်တို့နှင့် အလွန်နီးစပ် ယှက်နွယ်လျက်ရှိသည်။

---

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ-၄။

၂။ - ယင်း -၊ စာ-၅။ (နောင်တွင် အထက်အညွှန်းနှင့် စာအုပ်အမည်ချင်း တူညီပါက 'ယင်း' ဟု ညွှန်းမည်။)

အဆိုကို ထင်ရှားစေပါဦးမည်။ ပထဝီ ပညာရပ်သည် လူ၏ အကြောင်းအရာ၊ လူ၏ တိုးတက်ထွန်းကားလာမှုတို့ကို နေရာဒေသ အားလျော်စွာ ထုတ်ဖော်ပြဆိုအပ်သော ပညာရပ်ဖြစ်သည်။ သမိုင်း ပညာရပ်သည် လူ၏အကြောင်းအရာ၊ လူ၏ တိုးတက်ထွန်းကားလာ မှုနှင့် ယဉ်ကျေးမှု အစုစုတို့ကို အချိန်ကာလအားလျော်စွာ ထုတ်ဖော် ပြဆိုအပ်သော ပညာရပ် ဖြစ်သည်။ ထိုပညာရပ်နှစ်မျိုးလုံးပင် လူ့ အကြောင်းအရာ၊ လူ့အတ္ထုပ္ပတ္တိတို့နှင့် စပ်ဆိုင်၍ 'လူတို့ မည်သို့စုရုံး နေထိုင်ပြီး မည်သို့အသက်မွေးမြူခဲ့သည်၊ မည်သို့ ယဉ်ကျေးမှု ရရှိခဲ့ သည်၊ မည်သို့ ပေါင်းသင်း ဆက်ဆံခဲ့သည်' စသော အကြောင်း အရာများကို ကာလဒေသအားဖြင့် ဖော်ပြသောကြောင့် ပေါင်းသင်း ဆက်ဆံရေး ပညာရပ်တွင် ပါဝင်လျက် ရှိပေသည်။

သို့ရာတွင် ပထဝီနှင့် သမိုင်းပညာရပ်တို့သည် လူအချင်းချင်း မည်သို့ပေါင်းသင်း ဆက်ဆံသင့်သည်၊ မည်သို့စုရုံးသင့်သည်၊ မည်သို့ သွားလာ နေထိုင်သင့်သည်၊ အများနှင့် သက်ဆိုင်သော ကိစ္စရပ် မျိုးတွင် မည်သို့သော စည်းကမ်း ဥပဒေများကို လိုက်နာသင့်သည် စသော နည်းလမ်းညွှန်ပြမှုတို့ကို တိုက်ရိုက်သင်ပြခြင်း မပြုနိုင်ဘဲ သွယ်ဝိုက်သောနည်းဖြင့်သာလျှင် သင်ပြပေးနိုင်သည်။ ထို့ကြောင့် လူမှုကိစ္စ၊ လူ့အကြောင်းအရာတို့ကို တိုက်ရိုက်သင်ပြနိုင်စိမ့်သောငှာ ပြည်သူ့နီတိပညာရပ်ကို ဖြည့်စွက်သင်ကြားရခြင်းဖြစ်သည်။[၁]

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ-၁။

ထို့အပြင် ပြည်သူ့နီတိ ပညာရပ်သည် ပြည်သူပြည်သားတို့ အကြောင်းကို လေ့လာသင်ကြားရသော ပညာရပ်ဖြစ်ရာ ပြည်သူ ပြည်သားတို့၏ စီးပွားရေးနှင့်လည်း တစ်စိတ်တစ်ဒေသအားဖြင့် အကျုံးဝင်လျက်ရှိသည်။ စီးပွားရေး ပညာရပ် (ဘောဂဗေဒ) အကြောင်းအရာများသည် ပြည်သူ့နီတိတွင် အကျွမ်းတဝင်ရှိရန် လိုအပ်ပေသည်။ စီးပွားရေး၏ အခြေခံအကြောင်းများကို မကျွမ်း ကျင်ဘဲ မည်သူမျှ ပြည်သူပြည်သားကောင်း ဖြစ်မလာနိုင်။ စီးပွား ရေးနှင့် စပ်လျဉ်းသော ပညာဗဟုသုတ ပြည့်စုံမှသာ အလုပ်လက်မဲ့ ပြဿနာ၊ စီးပွားရေးပြဿနာ၊ လူထုကောင်းစားရေးပြဿနာ စသော ပြည်သူ့တာဝန် ဝတ္တရားများကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက် နိုင်မည်။ သို့ရာတွင် ပြည်သူ့နီတိသည် စီးပွားရေးပညာရပ် (ဘောဂ ဗေဒ) ထက် ကျယ်ဝန်း၍ ပြည်သူပြည်သားတို့၏ စီးပွားရေးတစ်ခု တည်းသာမဟုတ်ဘဲ အခြားကိစ္စအဝဝတို့လည်း ပါဝင်သည်။[၁]

ပြည်သူ့နီတိပညာရပ်၌ ပါဝင်နီးနှော နီးစပ်ယှက်နွှယ်ရှိသည်မှာ ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု တားဆီးကာကွယ်ရေး၊ တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှု အစဉ်အလာများ၊ လောကဝတ်များ စသည်ဖြင့် ကျယ်ဝန်း များပြောင်လှသည်။ ထို့ ကြောင့် ပြည်သူ့နီတိသည် တိုက်ရိုက်သင်ကြားပို့ချရမည့် ပညာရပ် တစ်ခု ဖြစ်သော်လည်း အကန့်အသတ်ဘောင်အတွင်း သီးသီးသန့်

---

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ-၆။

သန့် ရပ်တည်နေသော ပညာရပ်မဟုတ်။ အကန့်အသတ်ဘောင် တစ်ခုအတွင်း၌ သီးသီးသန့်သန့် သင်ကြားပို့ချ၍ မရနိုင်၊ ပြည်သူ့နီတိ သည် သင်ကြားပို့ချသူ ဆရာ ဆရာမတို့၏ သုတစွမ်းရည်၊ ဉာဏ စွမ်းရည်၊ ကထိကစွမ်းရည်များကို အစွမ်းကုန် အသုံးပြု၍ ပေါင်းကူး ယှက်နွယ် စိတ်ဝင်စားဖွယ်ဖြစ်အောင် သင်ကြားပို့ချ ဆွေးနွေးရမည့် ပညာရပ်တစ်ခု၊ ဘာသာရပ်တစ်ခုဖြစ်ကြောင်း နားလည်ကြရာ၏။

## ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်

ပြည်သူ့နီတိ ပညာရပ်၏ ကျယ်ဝန်းပုံနှင့် ပေါင်းကူးယှက်နွယ် ရှိပုံများကို သိရှိပြီးနောက် ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက် ကို ဆက်လက်ဆွေးနွေး လေ့လာသင့်သည်။

ပြည်သူ့နီတိသင်ကြားရေး၏ ဦးတည်ချက်မှာ နိုင်ငံတော်အတွင်း ရှိ မွေးရာပါ နိုင်ငံသား၊ ဥပဒေအရ နိုင်ငံသား ပြုခွင့်ရသူ၊ ဗုဒ္ဓဘာသာ ဝင်၊ ဟိန္ဒူဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်၊ နတ်ကိုးကွယ်သူ စသည်ဖြင့် မတူကွဲပြား ခြားနားကြသော၊ လူမျိုး၊ မွေးဖွားရာဇာတိ၊ အသားအရောင် စသည်ဖြင့်လည်း မတူကွဲပြား ခြားနားကြသော နိုင်ငံသား ပြည်သူများအားလုံးကို (ယင်းတို့၏ မတူ ကွဲပြားခြားနားမှုများကို ထိပါးပျက်ယွင်းမှု မဖြစ်စေဘဲ) ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသည့် နိုင်ငံသား ပီသသူများ ဖြစ်လာစေ ရန်ပင် ဖြစ်သည်။ တိုတိုကျဉ်းကျဉ်း ဆိုရသော် နိုင်ငံသား ပြည်သူ အားလုံး နိုင်ငံသား ပီသလာစေရန်ပင်ဖြစ်သည်။ တစ်နည်းသော် နိုင်ငံသားဘဝ၊ ပြည်သူ့ဘဝနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားနှင့် အခွင့်အရေးများကို သိနားလည်သော နိုင်ငံကြီးသား စိတ်ထား ကြွယ်ဝသည့် မျိုးဆက်များ ပေါ်ထွန်းလာစေရန်ပင်ဖြစ်သည်။

နိုင်ငံသား ပီသသူတစ်ဦး၊ နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူတစ်ဦးတွင် ရှိသင့် ရှိထိုက်သော ဂုဏ်အင်္ဂါ အရည်အချင်းများကို ဆရာကြီး ဦးဘဖေက အကျယ်တဝံ့ ဖော်ညွှန်း ရေးသားခဲ့သည်။ ကောက်နုတ်ဖော်ပြရသော် (၁) အသိဉာဏ်ရှိခြင်း၊ (၂) မိမိကိုယ်ကိုယ် ထိန်းသိမ်းစောင့်စည်းတတ်ခြင်း၊ (၃) ပြည်သူ့တာဝန်ကို သိနားလည်ခြင်း၊ (၄) နိုင်ငံသားချင်း အညီအညွတ် ပူးပေါင်းဆောင်ရွက်တတ်ခြင်းတို့ပင်ဖြစ်သည်။[၁]

ထိုတွင် နိုင်ငံသား ပီသသူတစ်ဦးဖြစ်စေရန် အရေးအကြီးဆုံး ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းမှာ အသိဉာဏ်ရှိခြင်းပင်ဖြစ်ပြီး ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လူထု၏ဆန္ဒမှာ အရေးပါလှသည် ဖြစ်ရာ ပေါ်ပေါက်လာမည့် ကောင်းကျိုး၊ မကောင်းကျိုး အဝဝသည် လူထု၏ အသိဉာဏ်ရှိခြင်း၊ မရှိခြင်းအပေါ်တွင် တည်မှီနေသည်။

သို့ဖြစ်ရာ ဒီမိုကရေစီ လူ့အဖွဲ့အစည်းဝင် နိုင်ငံသားတိုင်းသည် အသိဉာဏ် ရှိနေရမည်။ အသိဉာဏ် ရှိစေရန် အခြေခံပညာနှင့် အထွေထွေ ဗဟုသုတများ၊ အတွေ့အကြုံများ လိုအပ်သည်။ ယင်း လိုအပ်ချက်များအားလုံးကို ပြည်သူ့နီတိ သင်ကြားရေးဖြင့် ပြည့်စုံစေကာ အသိဉာဏ်ရှိသောနိုင်ငံသားများ ပေါ်ထွန်းလာစေရန် သင်ကြားနိုင်မည်ကား မဟုတ်ချေ။

သို့သော် အသိဉာဏ်၏ အရေးကြီးမှုနှင့် အသိဉာဏ်ရှိစေသည့် အထောက်အပံ့များ၏ အရေးပါမှုတို့ကိုလည်းကောင်း၊ ဒီမိုကရေစီ

---

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ ၁၈-၂၁။

လူ့အဖွဲ့အစည်းတွင် လူထု၏ အသိဉာဏ်ရှိခြင်းက မည်မျှလောက် အရေးကြီးသည်ကိုလည်းကောင်း သိမြင် နားလည်စေကာ အသိဉာဏ် ရှိခြင်းကို မြတ်နိုးခုံမင်တတ်စေရန် ဦးတည် သင်ကြားပေးရမည်။ ဤသည်ကပင် ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်ဖြစ်သည်။

နိုင်ငံသား ပီသသူတစ်ဦးဖြစ်စေရန် ဒုတိယ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းမှာ မိမိကိုယ်ကိုယ် ထိန်းသိမ်း စောင့်စည်းတတ်ခြင်း ဖြစ်သည်။ မိမိကိုယ်ကိုယ် ထိန်းသိမ်း စောင့်စည်းတတ်ခြင်းဆိုသည်မှာ အကျဉ်းအားဖြင့် မိမိ၏ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်းထိန်းသိမ်းနိုင်ခြင်းပင် ဖြစ်သည်။ ထိုတွင် ကိုယ်ကျင့်တရားမြင့်မားခြင်း၊ စိတ်သဘောထားကြီးခြင်း၊ ယဉ်ကျေး သိမ်မွေ့ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ မာန်မာနမထား နှိမ့်ချ ကျိုးနွံခြင်း၊ စည်းကမ်းသေဝပ်ခြင်း စသည်တို့မှာ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်းထိန်းသိမ်းနိုင်သူတို့၏ အရည်အချင်းများ ဖြစ်သည်။ ထိုအရည်အချင်းများကို နိုင်ငံသား ပီသသူတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရာများအဖြစ် မြတ်နိုးခုံမင်တတ်စေရန်၊ ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်လာစေရန် ဦးတည်သင်ကြားပေးရမည်။ ဤသည်ကပင် ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်ဖြစ်သည်။

နိုင်ငံသား ပီသသူတစ်ဦးဖြစ်စေရန် တတိယ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းမှာ ပြည်သူ့တာဝန်ကို သိနားလည်ခြင်း ဖြစ်သည်။ ဤသဘောမှာ ကျယ်ဝန်း များပြားလှသည်။ ထိုတွင် နိုင်ငံတော်ကို ကြည်ညို မြတ်နိုးခြင်း၊ အများအကျိုးအတွက် စိတ်ရောကိုယ်ပါ ဆောင်ရွက်ခြင်း၊ တရားဥပဒေကို လေးစား လိုက်နာခြင်း၊

ပေးဆောင်ထိုက်သော အခွန်ကို အပြေအကျေ ပေးဆောင်ခြင်း၊ အသိဉာဏ်နှင့်ယှဉ်၍ ရိုးသားဖြောင့်မတ်စွာ ဆန္ဒမဲပေးခြင်း စသည်တို့မှာ ပြည်သူ့တာဝန်ကို သိနားလည်ခြင်း၌ အကျုံးဝင်သော အရည်အချင်းများပင် ဖြစ်သည်။ ထိုအရည်အချင်းများကို နိုင်ငံသားပီသသူတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရာများအဖြစ် မြတ်နိုးခုံမင်တတ်စေရန်၊ ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်လာစေရန် ဦးတည်သင်ကြားပေးရမည်။ ဤသည်ကပင် ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက် ဖြစ်သည်။

နိုင်ငံသား ပီသသူတစ်ဦးဖြစ်စေရန် စတုတ္ထ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းမှာ နိုင်ငံသားချင်း အညီအညွတ် ပူးပေါင်းဆောင်ရွက်တတ်ခြင်းဖြစ်သည်။ အများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရာတွင် မညီညွတ်ခြင်း၊ မမျှတခြင်း၊ သဘောထားသေးခြင်း၊ မယုံကြည်ခြင်း၊ ဝန်တိုခြင်း၊ မရိုးဖြောင့်ခြင်း စသည်တို့မှာ ပျက်စီးပြိုကွဲစေတတ်သော သဘောတရားများဖြစ်သည်။

နိုင်ငံသား ပီသသူတစ်ဦးသည် အများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရာတွင် ထိုသဘောတရားများကို ပယ်ရှား ရှောင်ကြဉ်ရမည်။ ညီညွတ်ခြင်း၊ မျှတခြင်း၊ သဘောထားကြီးခြင်း၊ ယုံကြည်ခြင်း၊ ဝန်မတိုခြင်း၊ ရိုးဖြောင့်ခြင်း စသည်တို့မှာ အများနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ရာတွင် အောင်မြင် ထမြောက်စေတတ်သော သဘောတရားများဖြစ်သည်။ နိုင်ငံသားမှန်သမျှ၌ အများနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်လိုသော သဘောထားနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထ၊ အတွေ့အကြုံများ ရင့်သန်ဖွံ့ဖြိုးနေရန် လိုအပ်သည်။

ထို့အပြင် သူတစ်ထူးကို ယုံကြည်လွှဲအပ်ဝံ့သော သဘောထားနှင့် ယုံကြည်လွှဲအပ်ပြီးစေကာမူ မိမိတာဝန် မကင်းသေးဟု မှတ်ယူကာ လျစ်လျူမရှုတတ်သော အလေ့အထများ ခိုင်မာအားကောင်းစေရန်လည်း လိုအပ်သည် စသည်တို့မှာ နိုင်ငံသားချင်း အညီအညွတ်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၌ အကျိုးဝင်သော အရည်အချင်းများပင် ဖြစ်သည်။ ထိုအရည်အချင်းများကို နိုင်ငံသား ပီသသူတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရာများအဖြစ် မြတ်နိုးခုံမင်တတ်စေရန်၊ ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်လာစေရန် ဦးတည်သင်ကြားပေးရမည်။ ဤသည်ကပင် ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်ပင်ဖြစ်သည်။

ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်မှာ နိုင်ငံသားဘဝ၊ ပြည်သူ့ဘဝနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားနှင့် အခွင့်အရေးများကို သိနားလည်သော နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသည့် မျိုးဆက်များ ပေါ်ထွန်းလာစေရန်ပင်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီ။ နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူများ ပိုင်ဆိုင် ရရှိထားရမည့် အခြင်းအရာလက္ခဏာများကို ပါမောက္ခ ဒေါက်တာမောင်သင်းက နှစ်မျိုးခွဲ၍အကျယ်တဝင့် ဖော်ညွှန်းရေးသားခဲ့သည်။ ယင်းတို့မှာ -

(က) အသိတရား မြင့်မားခြင်း (မြင့်မားသည့် အသိတရား ရှိခြင်း) နှင့်

(ခ) စိတ်သဘောထား မြင့်မားခြင်း (မြင့်မားသည့် စိတ်သဘောထား ရှိခြင်း) တို့ဖြစ်သည်။

**အသိတရား မြင့်မားခြင်း**တွင် အောက်ပါ အခြင်းအရာ လက္ခဏာများ ပါဝင်သည်။

၁။ စာရိတ္တ၏ တန်ဖိုးကို သိနားလည်ခြင်း
(ရိုးသားမှု၊ လေးစားမှု၊ တာဝန်သိမှု၊ အကျင့်စာရိတ္တ ခိုင်မြဲမှု တို့၏ တန်ဖိုးကို သိနားလည်ခြင်း)

၂။ မိသားစုစိတ်ဓာတ် မြင့်မားမှု၏ တန်ဖိုးကို သိနားလည်ခြင်း
(မိသားစုဝင်အချင်းချင်း ချစ်ခင်မြတ်နိုးခြင်း၊ ကြင်နာ ဂရုစိုက်ခြင်းနှင့် မိသားစု၏ ဂုဏ်သိက္ခာတို့ကို တန်ဖိုးထား လေးစားရမည်ဟု သိနားလည်ခြင်း)

၃။ အဖွဲ့အစည်းစိတ်ဓာတ်၏ တန်ဖိုးကို သိနားလည်ခြင်း
(အတန်းတွင်း၊ ကျောင်းတွင်း၊ ရပ်ကွက်တွင်း ပူးပေါင်း လုပ်ဆောင်မှု၏ တန်ဖိုးကို သိနားလည်ခြင်း)

၄။ မိမိပတ်ဝန်းကျင်ကို တန်ဖိုးထား လေးစားရမည်ဟု သိနား လည်ခြင်း
(မိမိအတန်း၊ ကျောင်း၊ ရပ်ရွာဒေသကို တန်ဖိုးထား လေးစားရမည်ဟု သိနားလည်ခြင်း)

၅။ ရိုးရာဓလေ့ ယဉ်ကျေးမှုကို လေးစားရမည်ဟု သိနား လည်ခြင်း

၆။ အမျိုးသားစံနှုန်းနှင့် နိုင်ငံသားကောင်းတစ်ယောက်၏ အရည်အသွေးများကို သိနားလည်ခြင်း။

**စိတ်သဘောထား မြင့်မားခြင်း**တွင် အောက်ပါ အခြင်းအရာ လက္ခဏာများ ပါဝင်သည်။

၁။ မိမိကိုယ်ကို ယုံကြည်မှု အပြည့်ဖြင့် တာဝန်ထမ်းဆောင် နိုင်ခြင်း၊

၂။ တာဝန်သိ၍ တာဝန်ယူ ဆောင်ရွက်လိုစိတ်ရှိခြင်း၊

၃။ အခက်အခဲကို နောက်မဆုတ်ဘဲ ရင်ဆိုင် ကျော်လွှားနိုင်ခြင်း၊

၄။ သူတစ်ပါးအား ရိုင်းပင်းကူညီလိုစိတ် ပြည့်ဝခြင်း၊

၅။ အသက်၊ ဂုဏ်ဝါ၊ ပညာ ကြီးသူတို့ကို ရိုသေလေးစားသည့် အလေ့အထရှိခြင်း၊

၆။ လူအချင်းချင်း ဘဝနောက်ခံ မတူညီမှုနှင့် စရိုက်ကွဲပြားမှုများကို အသိအမှတ်ပြုခြင်း၊

၇။ သူတစ်ပါး အောင်မြင်အောင် ကူညီစွမ်းဆောင်ပေးလိုခြင်း၊

၈။ ကွဲပြားသော လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လေးစားခြင်း၊

၉။ ရပ်ရွာအကျိုး၊ လူထုအကျိုး၊ အဖွဲ့အစည်းကောင်းကျိုး သယ်ပိုးလိုစိတ် ပြင်းထန်ခြင်း၊

၁၀။ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးလျက် တာဝန်သိသော နိုင်ငံကြီးသား၏ အပြုအမူ အလေ့အကျင့်ဖြင့် နေထိုင်တတ်ခြင်း။[၁]

ဆွေးနွေးချက်များအားလုံးကို သိမ်းခြုံ၍ဆိုရသော် ပြည်သူ့နီတိသင်ကြားရေး၏ ဦးတည်ချက်မှာ နိုင်ငံသား ပြည်သူတစ်ဦးချင်းစီကို နိုင်ငံသားကောင်း (Good Citizen)၊ လူတော်လူကောင်း (Good Person)၊ ဒီမိုကရေစီကျင့်စဉ်ကို မြတ်နိုးလေးစား တန်ဖိုးထားတတ်သော ဒီမိုကရေစီဝါဒီကောင်း (Good Democrat) အဖြစ်သို့ ရောက်

---

၁။ ဒေါက်တာမောင်သင်း၊ *ကျောင်းတွေမှာ ပြည်သူ့နီတိ သင်ကြားရေး*၊ ပြည်သူ့ခေတ်ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၄၅၊ ရန်ကုန်၊ ၂-၆-၂၀၁၁။

ရှိစေကာ နိုင်ငံသား ပြည်သူအားလုံးကို ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသည့် နိုင်ငံသား ပီသသူများ ဖြစ်လာစေပြီး နိုင်ငံသားဘဝ၊ ပြည်သူ့ဘဝနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရား အခွင့်အရေးများကို သိနားလည်သော နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသည့် မျိုးဆက်များ ပေါ်ထွန်းလာစေရန်ပင်ဖြစ်သည်။ ဤမျှဖြင့်ပင် ပြည်သူ့နီတိသင်ကြား ရေး၏ ဦးတည်ချက်ကို နားလည်ကြရာ၏။

## ပြည်သူ့နီတိ သင်ကြားရေးနည်းလမ်း

ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်ကို သိရှိပြီးနောက် ပြည်သူ့နီတိ သင်ကြားရေးနည်းလမ်းကို ဆက်လက်ဆွေးနွေးလေ့လာ သင့်သည်။

'ပြည်သူ့နီတိပညာရပ်'သည် လူအချင်းချင်း ပေါင်းသင်းဆက်ဆံ ရာတွင် သိသင့်သိထိုက်သော ကိစ္စအကြောင်းအရာ၊ ပြုသင့်ပြုထိုက် သည့် တာဝန် ဝတ္တရားများကို လေ့လာ သင်ကြားကာ လူ၏ဘဝ လူ့လောကအဆင့်အတန်းကို မြင့်မားစေသည့် ပညာရပ်ဖြစ်ကြောင်း၊ လူအချင်းချင်း ပေါင်းသင်း ဆက်ဆံရာတွင် ရှိသင့် ရှိအပ်သည့် ယဉ်ကျေး သိမ်မွေ့ လောကဝတ် (Etiquettes) နှင့် လူ့ကျင့်ဝတ် (Ethics) တို့သည် ပြည်သူ့နီတိ၏ အရေးပါသော အစိတ်အပိုင်းများ ဖြစ်ကြောင်းကို 'ပြည်သူ့နီတိ၏ သဘောသဘာဝ' ဟူသော ခေါင်းစဉ် ငယ်အောက်၌ ဆွေးနွေးခဲ့ပြီ။ ထို့ထက်မက ကျယ်ဝန်းသော ပြည်သူ့ နီတိ ပညာရပ်၏ သဘော သဘာဝများကိုလည်း ဆွေးနွေးခဲ့ပြီ။ ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်ကိုလည်း ခေါင်းစဉ်ငယ် တစ်ခုဖြင့် ဆွေးနွေးခဲ့ပြီ။

ဆိုခဲ့သည့် ဆွေးနွေးချက်များအရပင် ပြည်သူ့နီတိသင်ကြားရေး နည်းလမ်းကို မြော်မြင်ရိပ်စားနိုင်မည်ဖြစ်သည်။ သို့သော် ဆယ်စုနှစ် ပေါင်း များစွာပင် 'ပြည်သူ့နီတိ' နှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက် ကြောင့် သင်ပြကြရမည့် ဆရာ ဆရာမတို့ ကိုယ်တိုင်ပင်လျှင် 'ပြည်သူ့ နီတိ' ဆိုသည်ကို သင်ယူခဲ့ရဖူးခြင်း မရှိကြရာ အသစ်အဆန်းဖြစ် လျက် လက်တွေ့ဆောင်ရွက်ကြရမည့် သင်ကြားရေးနယ်ပယ်တွင် နည်းလမ်း လွဲချော်မှုများ ရှိနိုင်ရာ၏။

ယင်းသို့ လွဲချော်မိကြလျှင် ပြည်သူ့နီတိ သင်ကြားရေးသည် အိပ်မှုနိုးစက်များ စမ်းတဝါးဝါးအဆင့်ဖြင့် ပြန်လည်နိုးထလာခြင်းသာ ဖြစ်နေဦးမည် သေချာ၏။ ကြည်လင်ပီသ ထမြောက် အောင်မြင် သော ပြည်သူ့နီတိ သင်ကြားရေးအဖြစ် မျှော်လင့်နိုင်ဦးမည် မဟုတ် ချေ။

ထို့ကြောင့် ယခု ခေါင်းစဉ်ငယ် အောက်တွင် ပြည်သူ့နီတိ သင်ကြားရေး၌ တွေ့ကြုံနိုင်စရာရှိသည့် နည်းလမ်းလွဲချော်မှုများနှင့် မှန်ကန်သော သင်ကြားရေး နည်းလမ်းများကို ခွဲခြား၍ ဆွေးနွေး လိုသည်။

ဖြစ်နိုင်ချေအများဆုံးသော နည်းလမ်းလွဲချော်မှုမှာ ပြည်သူ့နီတိ သင်ကြားရေးကို 'ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် လူ့ကျင့်ဝတ် များ သင်ကြားပေးခြင်းမျှသာ' ဟု နားလည်မှု လွဲမှားခြင်းအပေါ် အခြေခံသည်။ ယင်းသို့ နားလည်မှု လွဲမှားနေသော ဆရာသည် 'ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် လူ့ကျင့်ဝတ်များ' ကို ဖွေရှာ ဆည်းပူး၍ ယင်းတို့ကိုပင် ပြည်သူ့နီတိအဖြစ် တပည့်တို့အား သင်ကြားပေးလိမ့်မည်ဖြစ်သည်။

ဤတွင် ဆရာဖြစ်သူ၏ ပြည်သူ့နီတိ သင်ကြားမှုမှာ ဘာသာတရားများဆီသို့ ဦးတည်ကောင်း ဦးတည်သွားနိုင်သည်။ အကြောင်းမှာ ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် လူ့ကျင့်ဝတ်များ၏ အဦးပဓာန အမွန်အစသည် ဘာသာတရားများပင်ဖြစ်ရာ ယင်းသင်ခန်းစာများကို ဖွေရှာဆည်းပူးရသော ဆရာသည် ဘာသာတရားများဆီသို့ ဦးတည်သွားတော့သည်။ ယင်းမှတစ်ဆင့် ဘာသာတရားက သင်ပြသော ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် လူ့ကျင့်ဝတ်များ သက်သက်မျှကိုပင် ပြည်သူ့နီတိ သင်ခန်းစာများအဖြစ် တပည့်တို့အား သင်ကြားတော့သည်။

ဤနည်းအားဖြင့် ဘာသာတရားက သင်ပြသော ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် လူ့ကျင့်ဝတ်များကိုသာ ပြည်သူ့နီတိအဖြစ် အဓိကထား သင်ကြားပေးခြင်းမှာ မပြည့်စုံ မန့်စပ်သော ပြည်သူ့နီတိ သင်ကြားရေးဖြစ်သည်။ (ဘာသာတရားက လမ်းညွှန်သော ပြည်သူ့နီတိကဏ္ဍကို အခွင့်သင့်သောအခါ သီးသန့်ဆွေးနွေးမည်။)

ထို့ထက်လွန်၍ ဘာသာရေး ဓလေ့ထုံးတမ်းများနှင့် ကျင့်စဉ်များကိုပါ ပြည်သူ့နီတိ သင်ကြားရာ၌ ရောထွေး ထည့်သွင်း သင်ကြားမိမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင် ဆရာ၏ ပြည်သူ့နီတိ သင်ကြားမှုမှာ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်းသဖွယ်၊ ခရစ်ယာန်ဘာသာဝင် ဆရာ၏ သင်ကြားမှုမှာ သမ္မာကျမ်းစာသင်တန်းသဖွယ်၊ ဟိန္ဒူဘာသာဝင် ဆရာ၏ သင်ကြားမှုမှာ ဟိန္ဒူဘာသာရေး သင်တန်းသဖွယ်၊ အစ္စလာမ်ဘာသာဝင် ဆရာ၏ သင်ကြားမှုမှာ အစ္စလာမ်ဘာသာရေးသင်တန်းသဖွယ်၊ ဘာသာမဲ့ (Free Thinker) အဖြစ် ခံယူထားသူ ဆရာ၏ သင်ကြားမှုမှာ လွတ်လပ်စွာ တွေးခေါ်နည်း

သင်တန်းသဖွယ် စသည်ဖြင့် ဖြစ်နေလိမ့်မည်။ ဤတွင် ဒေသအသီးသီး၊ ကျောင်းအသီးသီး၊ အတန်းအသီးသီးတို့ရှိ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားချင်း မတူညီကြသည့် ဆရာများနှင့် တပည့်များအကြား မဆီလျော်သော သင်ကြားမှုပုံစံအလွဲများ ဖြစ်လာနိုင်ပြီး ယင်းတို့ကို ပြည်သူ့နီတိ သင်ကြားရေးဟု ဆိုနိုင်မည်လည်း မဟုတ်တော့ချေ။

ထို့ထက်လွန်၍ ပြည်သူ့နီတိ၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့် ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် လူ့ကျင့်ဝတ်များကို သင်ကြားရင်းက ဘာသာရေး သိမ်းသွင်းမှုကိုပါ လုပ်ဆောင်မိမည်ဆိုလျှင် အလွဲတကာ့အလွဲဆုံး နည်းလမ်းလွဲချော်မှုဟု ဆိုနိုင်သည်။ ထိုလွဲချော်မှုမျိုးကို တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်း နေထိုင်ပြီး မတူညီသော ဘာသာတရားများနှင့် ကိုးကွယ်ယုံကြည်မှုများ ရှင်သန်ထွန်းကားလျက်ရှိနေသည့် ပြည်ထောင်စုတွင် အလိုမရှိအပ်ချေ။

ထို့ကြောင့် ပြည်သူ့နီတိကို သင်ကြားပို့ချပေးကြမည့် ဆရာတို့အနေနှင့် ပြည်သူ့နီတိဟူသည်မှာ ဘာသာတရား မဟုတ်ကြောင်း၊ ပြည်သူ့နီတိ သင်ကြားရေးနှင့် ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုကို မရောထွေးသင့်ကြောင်း အလေးအနက် သတိမူကြရာ၏။

ဒုတိယဖြစ်နိုင်ချေ နည်းလမ်းလွဲချော်မှုမှာ ပြည်သူ့နီတိ သင်ကြားရေးကို 'နိုင်ငံရေးပညာရပ်၊ နိုင်ငံရေး အတွေးအခေါ်၊ နိုင်ငံရေးဝါဒများ သင်ကြားပေးခြင်း' ဟု နားလည်မှု လွဲမှားခြင်းအပေါ် အခြေခံသည်။ ယင်းသို့ နားလည်မှု လွဲမှားနေသော ဆရာသည် ကိုယ်တိုင်က နိုင်ငံရေးဆိုသည်ကို ဝသီမပါ ဝါသနာမရှိဖြစ်ခဲ့သော် ပြည်သူ့နီတိပညာရပ်၌ ကိုယ်တိုင်လည်း စိတ်ပါဝင်စားနိုင်မည် မဟုတ်သကဲ့သို့

ပြည်သူ့နီတိကို တပည့်တို့ စိတ်ဝင်တစားဖြစ်စေပြီး နှလုံးသည်းပွတ် ကိန်းဝပ်ထင်ကျန်အောင် သင်ကြားပေးနိုင်သည့် ပြည်သူ့နီတိ ဆရာ ကောင်းလည်း ဖြစ်လာနိုင်မည် မဟုတ်ချေ။

ဆရာကိုယ်တိုင်က နိုင်ငံရေးဆိုသည်ကို ဝသီပါလျက် ဝါသနာရှိ သည့်အပြင် နိုင်ငံရေး၌ ဝါဒစွဲ၊ ပါတီစွဲ ပြင်းပြသူဖြစ်နေပြီး ပြည်သူ့ နီတိ သင်ကြားရင်းက ဝါဒရေးရာ သိမ်းသွင်းမှု၊ ပါတီရေးရာ သိမ်းသွင်းမှုတို့ကိုပါ လုပ်ဆောင်မိမည် ဆိုလျှင် မဆီလျော်သော သင်ကြားမှုပုံစံအလွဲများ ဖြစ်လာနိုင်သည်။ ထိုသည်မှာလည်း အလွဲ တကာ့ အလွဲဆုံး နည်းလမ်းလွဲချော်မှုဟု ဆိုနိုင်သည်။ ထိုလွဲချော်မှု မျိုးကို မည်သည့်အခါမျှ အလိုမရှိအပ်ချေ။

ထို့ကြောင့် ပြည်သူ့နီတိကို သင်ကြား ပို့ချပေးကြမည့် ဆရာတို့ အနေနှင့် ပြည်သူ့နီတိ ဟူသည်မှာ နိုင်ငံ့ရေးရာ ပညာရပ်တစ်မျိုး ဖြစ်သော်လည်း ဂိုဏ်းဂဏစွဲများ ပါဝင်သည့် နိုင်ငံရေး အတွေး အခေါ်၊ နိုင်ငံရေးဝါဒများကို သင်ကြားပေးခြင်း မဟုတ်ကြောင်း၊ ပြည်သူ့နီတိ သင်ကြားရေး၌ ဂိုဏ်းဂဏဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ စိတ် အခံများကို အလျဉ်းပင် မထားရှိအပ်ကြောင်း၊ ပြည်သူ့နီတိ သင်ကြား ရေးနှင့် ဂိုဏ်းဂဏဝါဒရေးရာ၊ ပါတီရေးရာများကို မရောထွေးသင့် ကြောင်း၊ ပြည်သူ့နီတိ သင်ကြားရေးသည် တပည့်တို့အား နိုင်ငံသား ဘဝ၊ ပြည်သူ့ဘဝနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရား အခွင့်အရေး များကို သိနားလည်စေကာ ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသည့် နိုင်ငံသား ပီသသူများ၊ နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူများ ဖြစ် လာစေရန်သာ ဦးတည်ကြောင်း အလေးအနက် သတိမူကြရာ၏။

တတိယဖြစ်နိုင်ချေ နည်းလမ်းလွဲချော်မှုမှာ ပြည်သူ့နီတိ ပညာရပ်၏ သဘောသဘာဝကို မသိခြင်းအပေါ် အခြေခံသည်။ ပြည်သူ့နီတိ၏ သဘောတရားကို စဉ်းစား၍ ကြည့်လျှင် မည်သည့် အကြောင်းအရာ၊ မည်သည့်ကိစ္စသည် ပြည်သူ့နီတိပညာရပ်နှင့် စပ်လျဉ်းသော ကိစ္စဟူ၍ ခွဲခြားပြီး တစ်ထစ်ချ မှတ်သားထားရန် ခဲယဉ်းသည်။[၁]

ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရကျောင်းများ၌ ပြည်သူ့နီတိကို ကျောင်းသင်ဘာသာရပ်အနေဖြင့် စတင်သတ်မှတ်ခဲ့ချိန်က ထိုဘာသာရပ်ကို လက်တွေ့သင်ကြားရာတွင် အခက်အခဲပေါင်းများစွာ တွေ့ကြုံခဲ့လေသည်။ ပထမတွင် ပြည်သူ့နီတိသည် ဆရာများနှင့် တပည့်များအဖို့ အသစ်အဆန်းဖြစ်၍ မည်သည့် အကြောင်းအရာများသည် ပြည်သူ့နီတိနယ်အတွင်း ကျရောက်၍ မည်သို့ သင်ကြားရမည်ကို မသိသောကြောင့်ဖြစ်သည်။ အချို့သော ကျောင်းများတွင် ပြည်သူ့နီတိသည် ကျန်းမာခြင်း ဘာသာရပ်နှင့် ထပ်တူထပ်မျှ ဖြစ်သည်ဟု ယူဆလျက် ရောဂါဖြစ်ပွားစေတတ်သော ပိုးမွှားများအကြောင်း၊ အစားအစာအကြောင်းများကိုသာ အဓိကထား၍ သင်ကြားကြလေသည်။ အချို့တွင်မူကား ပြည်သူ့နီတိကို နိုင်ငံ့သမိုင်းနှင့် မခွဲခြားဘဲ နိုင်ငံ့သမိုင်း တစ်စိတ်တစ်ဒေသ ဖြစ်တန်ရာသည်ဟု သဘောပေါက်လျက် သမိုင်း ပုံပြင် ဝတ္ထုများကိုသာ သင်ကြားပေးခဲ့လေသည်။[၂]

---

၁။ ဦးဘဖေ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄၊ စာ-၂။
၂။ - ယင်း - နိဒါန်း။

ဤသည်မှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရကျောင်းများ၌ ဖြစ်ပေါ်တွေ့ကြုံခဲ့သော သင်ကြားမှုပုံစံအလွဲများ ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ 'ပြည်သူ့နီတိ' နှင့် ကင်းကွာခဲ့ရပြီး ယခုမှပင် ပြန်လည်နိုးထလာမည့် ပြည်သူ့နီတိ သင်ကြားရေး၌လည်း အလားတူ သင်ကြားမှု ပုံစံအလွဲများ ဖြစ်နိုင်ခြေ အားကြီးလျက်ရှိသည်။ ထိုသို့သော လွဲချော်မှုများ မဖြစ်ပေါ်စေရန် ဆရာတို့အနေနှင့် ပြည်သူ့နီတိ ပညာရပ်၏ သဘော သဘာဝများကို ထိထိရှရှ နားလည်နိုင်အောင်၊ ပြည်သူ့နီတိ သင်ကြားရေး၏ ဦးတည်ချက်ကိုလည်း မိမိရရ ဆုပ်ကိုင်နိုင်အောင် အလေးအနက် သတိမူကြရာ၏။

ပြည်သူ့နီတိ သင်ကြားရေး၌ တွေ့ကြုံနိုင်စရာရှိသည့် နည်းလမ်းလွဲချော်မှုများကို ဆွေးနွေးပြီးနောက် မှန်ကန်သော သင်ကြားရေးနည်းလမ်းများကို ဆက်လက်ဆွေးနွေး လေ့လာသင့်သည်။ ပြည်သူ့နီတိ ပညာရပ်သည် ပထဝီ၊ သမိုင်း၊ စီးပွားရေး၊ ကျန်းမာရေး စသည့် များစွာသော ပညာရပ်များနှင့် ပေါင်းကူး ယှက်နွယ် ရှိနေကြောင်း ဆွေးနွေးခဲ့ပြီ။

သို့သော် ပြည်သူ့နီတိပညာရပ် သင်ကြားပေးခြင်း၏ ဦးတည်ချက်မှာ အဆိုပါ ပညာရပ်များကို ကျွမ်းကျင် တတ်မြောက်စေရန် မဟုတ်။ အဆိုပါ ပညာရပ်များမှ ရရှိသော အသိအမြင်ကို လက်တွေ့ဘဝ၌ ပေါင်းစပ်၍ မိမိ၏တာဝန်ဝတ္တရားနှင့် အခွင့်အရေးကို သိနားလည်လျက် ထမ်းဆောင်တတ် ကာကွယ်တတ်သော၊ သူတစ်ပါး၏ တာဝန်ဝတ္တရားနှင့် အခွင့်အရေးကို သိနားလည်လျက် အသိအမှတ်ပြုတတ်၊ လေးစားတတ်သော နိုင်ငံသား ပီသသည့် ပြည်သူပြည်သားကောင်းများ ဖြစ်လာစေရေးကိုသာ ရှေးရှုဦးတည်သည်။

ထို့ကြောင့် ပြည်သူ့နီတိကို တာဝန်ယူသင်ကြားမည့် ဆရာသည် ဆိုခဲ့သည့် ဦးတည်ချက်မှ မယွင်းပါးစေဘဲ ပထဝီ၊ သမိုင်း၊ စီးပွားရေး၊ ကျန်းမာရေး စသည့် ပညာရပ်များနှင့် ပြည်သူ့နီတိကို ပေါင်းကူးယှက်နွယ် နှီးနှောဟပ်စပ်ကာ သင်ကြား ပို့ချနိုင်ရမည်။ တစ်ဖက်တွင်မူ ပထဝီ၊ သမိုင်း၊ စီးပွားရေး စသည့် ဘာသာရပ်သင် ဆရာများအနေနှင့်လည်း မိမိတို့ တာဝန်ယူရသည့် ဘာသာရပ်များကို သင်ကြားနေစဉ်မှာပင် ပြည်သူ့နီတိကို ကွဲကူးရေပါ ဆိုသည့်နှယ် သင်ကြားသွားနိုင်မည်ဖြစ်သည်။ ဤသို့ ပေါင်းကူးယှက်နွယ် နှီးနှောဟပ်စပ်၍ သင်ကြားပေးခြင်းသည်သာ ပြည်သူ့နီတိ ဘာသာရပ်အတွက် မှန်ကန်သော သင်ကြားရေးနည်းလမ်းဖြစ်သည်။

အဆိုကို ထင်ရှားစေပါဦးမည်။ ပထဝီပညာရပ်ကို သင်ယူခြင်းဖြင့် မိမိနိုင်ငံတော်နှင့် ကမ္ဘာ့နိုင်ငံများ၏ လူဦးရေ ပျံ့နှံ့တည်ရှိပုံ၊ မြေထု ရေထု သယံဇာတများ တည်ရှိပုံ၊ ထိုထို သယံဇာတများကို လူ့အဖွဲ့အစည်းက ထုတ်ယူသုံးစွဲ ခွဲဝေ အသုံးပြုပုံတို့ကို သိရှိလာရသည်။ ထိုအသိကို အခြေခံ၍ -

'ဤအရပ်ဒေသတွင် နေထိုင်ကြသောလူတို့သည် ဤသို့သောလူမျိုးများ ဖြစ်ကြသည်။ ဤသို့သော ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု အစဉ်အလာများ ရှိကြသည်။ ဤသူတို့နှင့် ပေါင်းသင်းဆက်ဆံရာတွင် ဤသို့ ပြုကျင့်ပါက ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် ညီညွတ်သည်၊ ဤသို့ ပြုကျင့်ပါက ယဉ်ကျေးသိမ်မွေ့ လောကဝတ်နှင့် မညီညွတ်။ ဤအရပ်ဒေသရှိ သဘာဝသယံဇာတများကို ဤသို့ ထုတ်ယူသုံးစွဲပါက လူမှုပတ်ဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမဖြစ်စေ၊ ဘေးအန္တရာယ်

မရှိ။ ဤသို့ ထုတ်ယူသုံးစွဲပါက ထိခိုက်ပျက်စီးမှုဖြစ်စေသည်၊ ဘေး အန္တရာယ်ရှိသည်။ ထိုသဘာဝသယံဇာတများမှရရှိလာသည့် အကျိုး အမြတ်များကို ဤသို့ ခွဲဝေ အသုံးပြုက တရားမျှတသည်၊ ဤသို့ ခွဲဝေ အသုံးပြုက တရားမမျှတ။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မဖြစ်စေဘဲ ထိုထိုသဘာဝသယံ ဇာတများကို ထုတ်ယူသုံးစွဲရန် မည်သို့အခွင့်အရေးရှိသည်။ ထိုထို သဘာဝ သယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြန်လည် ဖြည့်တင်းရန် မည်သို့တာဝန်ရှိသည်။'

စသည်ဖြင့် ပေါင်းကူးယှက်နွယ် သင်ကြားပေးခြင်းသည် ပြည်သူ့ နီတိ ဘာသာရပ်အတွက် မှန်ကန်သော သင်ကြားရေး နည်းလမ်း ဖြစ်သည်။

ထို့အတူပင် သမိုင်းပညာရပ်ကို သင်ယူခြင်းဖြင့် မိမိနိုင်ငံတော် နှင့် ကမ္ဘာ့နိုင်ငံများ၏ ဖြတ်သန်းခဲ့ရာ ခေတ်စနစ်များ၊ ထိုခေတ်စနစ် အသီးသီးတို့တွင် နာမည်ကောင်း၊ နာမည်ဆိုးတို့ဖြင့် ထင်ရှားခဲ့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ခေတ်တစ်လျှောက် ဖြစ်တည်ခဲ့သော လူ့အဖွဲ့အစည်းအရပ်ရပ်တို့၏ ဆုတ်ယုတ်ကျဆင်းခဲ့ပုံများ၊ ထွန်းကား တိုးတက်ခဲ့ပုံများကို သိရှိလာရသည်။ ထိုအသိကို အခြေခံ၍ -

'ဤခေတ်တွင် လူတို့သည် ဤသို့ ပေါင်းသင်း ဆက်ဆံခဲ့ကြ သည်။ ဤခေတ်၌ ထွန်းကားခဲ့သော ပေါင်းသင်း ဆက်ဆံရေးပုံစံ သည် တရားမျှတမှုရှိသည်၊ ဤခေတ်၌ထွန်းကားခဲ့သော ပေါင်းသင်း ဆက်ဆံရေးပုံစံသည် တရားမျှတမှု မရှိ။ ဤခေတ် ဤစနစ်တွင် လူ့အဖွဲ့အစည်းအတွင်း ဤသို့သော ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ ထိုပဋိပက္ခများကို မည်သို့ဖြေရှင်းခဲ့ကြသည်။ မှန်ကန်သော ဖြေရှင်းမှု

ကြောင့် မည်သို့ကောင်းကျိုးဖြစ်ထွန်းခဲ့သည်၊ မှားယွင်းသော ဖြေရှင်းမှုကြောင့် မည်သို့ဆိုးကျိုးပေါ် ပေါက်ခဲ့သည်။ ဤခေတ် ဤစနစ်တွင် လူတို့သည် လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်ခြင်းကို မည်မျှရရှိခဲ့ကြသည်။ မည်မျှ ဆုံးရှုံးခဲ့ကြသည်။ ဤခေတ် ဤစနစ်တွင် မတူညီသော လူတန်းစားများအကြား တာဝန်နှင့် အခွင့်အရေးကို မည်သို့ ခွဲဝေသတ်မှတ်ခဲ့ကြသည်။ ထိုခွဲဝေသတ်မှတ်မှုသည် တရားမျှတမှုရှိသည်။ တရားမျှတမှု မရှိ။'

စသည်ဖြင့် ပေါင်းကူးယှက်နွယ် သင်ကြားပေးခြင်းသည် ပြည်သူ့နီတိ ဘာသာရပ်အတွက် မှန်ကန်သော သင်ကြားရေး နည်းလမ်းဖြစ်သည်။

အလားတူပင် စီးပွားရေးပညာရပ်ကို သင်ယူခြင်းဖြင့် မိမိနိုင်ငံတော်နှင့် ကမ္ဘာ့နိုင်ငံများ၌ ခေတ်တစ်လျှောက် ပေါ်ထွန်းခဲ့သည့် စီးပွားရေးစနစ်များ၊ ကျင့်သုံးခဲ့သည့် စီးပွားရေးမူဝါဒများကိုလည်းကောင်း၊ စီမံခန့်ခွဲမှု၊ ဝယ်လိုအား၊ ရောင်းလိုအား၊ ဈေးကွက်၊ ထုတ်ကုန်၊ ဝန်ဆောင်မှု၊ ယှဉ်ပြိုင်မှု၊ အခွန် စသည့် စီးပွားရေးဆိုင်ရာ သဘောသဘာဝများနှင့် စံများကိုလည်းကောင်း သိရှိလာရသည်။ ထိုအသိကို အခြေခံ၍ -

'ဤစီးပွားရေးစနစ်သည် မည်သည့်လူတန်းစားတို့အား အကျိုးပြုသည်၊ မည်သည့်လူတန်းစားတို့အား အကျိုးမပြု။ ဤစီးပွားရေးစနစ်ကြောင့် နိုင်ငံသား ပြည်သူတို့အကြား ဓနဥစ္စာ ခွဲဝေစီးဆင်းမှု မျှတစေသည်၊ မမျှတစေ။ အခွင့်အလမ်းရရှိမှု မျှတစေသည်၊ မမျှတစေ။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေသည်၊ မထိခိုက်စေ။ ဈေးကွက်အတွင်း ယှဉ်ပြိုင်ကြရာတွင် မည်သို့

ယှဉ်ပြိုင်က တရားမျှတသည်၊ မည်သို့ ယှဉ်ပြိုင်က တရားမမျှတ။ လွတ်လပ်သော ဈေးကွက်တွင် ထုတ်လုပ်သူ၏ တာဝန်ဝတ္တရားနှင့် အခွင့်အရေးမှာ မည်သည်တို့ဖြစ်သည်။ ဝန်ဆောင်သူ၏ တာဝန်ဝတ္တရားနှင့် အခွင့်အရေးမှာ မည်သည်တို့ဖြစ်သည်။ စားသုံးသူ၏ တာဝန်ဝတ္တရားနှင့် အခွင့်အရေးမှာ မည်သည်တို့ဖြစ်သည်။ နိုင်ငံသား ပြည်သူတို့သည် အခွန်ပေးဆောင်ရန် တာဝန်ရှိကြသည်။ မည်သည့်အခွန်များကို မည်သည့်အတွက်ကြောင့် ပေးဆောင်ကြရသည်။ နိုင်ငံသား ပြည်သူတို့ ပေးဆောင်အပ်သော အခွန်များကို နိုင်ငံသား ပြည်သူတို့၏ အကျိုးအတွက်ပင် မည်သို့မည်ပုံ ပြန်လည်အသုံးပြုသည်။ အခွန်ကောက်ခံခြင်းနှင့် အခွန်ပြန်လည်အသုံးပြုခြင်းတို့ကို မူဝါဒချမှတ် စီမံခန့်ခွဲရာတွင် နိုင်ငံသား ပြည်သူတို့က မည်သို့မည်ပုံ အဆိုပြုခွင့်၊ ထောက်ခံခွင့်၊ ကန့်ကွက်ခွင့်၊ တောင်းဆိုခွင့်များ ရှိသည်။'

စသည်ဖြင့် ပေါင်းကူးယှက်နွယ် သင်ကြားပေးခြင်းသည် ပြည်သူ့နီတိ ဘာသာရပ်အတွက် မှန်ကန်သော သင်ကြားရေး နည်းလမ်းဖြစ်သည်။

ပြည်သူ့နီတိ သင်ကြားရေး၌ အရေးအပါဆုံး နည်းလမ်းတစ်ရပ်နှင့် ပြည်သူ့နီတိ ထွန်းကားရေးကို နှောင့်ယှက် ဖျက်ဆီးနိုင်သော အနေအထားနှစ်ရပ်တို့ကို ဆက်လက် ဆွေးနွေးလိုသည်။ ထိုတွင် အရေးအပါဆုံးနည်းလမ်းမှာ ဆရာက ပြည်သူ့နီတိ ဘာသာရပ်ကို သင်ကြားပို့ချနေပါလျက် သင်ယူသူ တပည့်တို့၏စိတ်၌ ဘာသာရပ်တစ်ခုကို သင်ယူနေရသည်၊ ပြည်သူ့နီတိကို သင်နေရသည်ဟု မခံစား မထင်မှတ်ကြဘဲ ဆရာနှင့် တပည့်များ စကားဝိုင်းဖွဲ့လျက်

ဆွေးဆွေးနွေးနွေး ပြောပြနေသည်၊ မေးမြန်းနှီးနှောနေသည်ဟုသာ ခံစားရ၊ ထင်မှတ်ရလောင်အောင် သင်ကြား ပို့ချပေးခြင်းပင်ဖြစ်သည်။ ဆရာကချည်း သင်ကြား ပို့ချကာ တပည့်တို့၏ ဦးနှောက်အတွင်းသို့ ထည့်သွင်း မှတ်သားစေသည် မဟုတ်ဘဲ တပည့်တို့ကိုယ်တိုင် ပါဝင် ဆွေးနွေးစေ၊ ခံစား တွေးခေါ်စေလျက် နှလုံးသည်းပွတ် ကိန်းဝပ်ထင်ကျန်အောင် သင်ကြားပို့ချပေးခြင်းဖြစ်သည်။ ဤသည်မှာ ပြည်သူ့နီတိသင်ကြားရေး၌ အရေးအပါဆုံး နည်းလမ်းပင် ဖြစ်သည်။

ပြည်သူ့နီတိ ထွန်းကားရေးကို နှောင့်ယှက် ဖျက်ဆီးနိုင်သော အနေအထား နှစ်ရပ်မှာ -

(၁) ပြည်သူ့နီတိဘာသာရပ်ကို ကျက်စာအဖြစ် ကျက်မှတ်စေကာ '၏-သည်' မလွဲ ရေးသားဖြေဆိုစေခြင်းနှင့်

(၂) ပြည်သူ့နီတိဘာသာရပ်အတွက် ခွဲဝေသတ်မှတ်ထားသော သင်ကြားချိန်တွင် ပြည်သူ့နီတိကို သင်ကြားခြင်း မပြုဘဲ အခြား ဘာသာရပ်များကို အစားထိုး သင်ကြားခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် သင်ကြားချိန် ကုန်ဆုံးစေခြင်းတို့ဖြစ်သည်။

ဤသည်တို့မှာ ပြည်သူ့နီတိရှင်သန်ထွန်းကားရေးကို နှောင့်ယှက်ဖျက်ဆီးနိုင်သော အနေအထားနှစ်ရပ်ဖြစ်ရာ ယင်းအနေအထားတို့ကို ဆက်လက် ဖြစ်တည်ခွင့် မပြုဘဲ အစစ်အမှန် ပြည်သူ့နီတိသင်ကြားရေးဆီသို့ ဦးတည်လျက် ပြုပြင်ပြောင်းလဲထိုက်သမျှကို မဖြစ်မနေပင် ပြုပြင်ပြောင်းလဲသင့်ကြသည်။ ဤအချက်ကို စာသင်ကျောင်းများနှင့် အနီးကပ် ထိတွေ့နေရသော မြို့နယ်ပညာရေးမှူး

များ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောင်းအုပ်ချုပ်ရေး အဖွဲ့များအနေနှင့် အလေးအနက် သတိမူကြရာ၏။

အကြောင်းမှာ ပြည်သူ့နီတိကို လေးစားလိုက်နာ ကျင့်သုံးသူတို့ ကသာ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုတို့ကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ရာ ပြည်သူ့နီတိ ရှင်သန် ထွန်းကားရေးသည် နိုင်ငံတစ်ခုအတွက် လွန်စွာ အရေးကြီးသော အဓိက လိုအပ်ချက်တစ်ရပ်ဟု ဆိုနိုင်သည်။ ပြည်သူ့နီတိ ရှင်သန် ထွန်းကားရေး လိုအပ်ချက်ကို အားသွန်ခွန်စိုက် ဖြည့်ဆည်းပေးနိုင် သော နေရာဌာနမှာ နိုင်ငံတစ်ဝှမ်းရှိ စာသင်ကျောင်းများပင်ဖြစ် သည်။ အားသွန်ခွန်စိုက် ဖြည့်ဆည်းပေးနိုင်သောပုဂ္ဂိုလ်များမှာ ဆရာ ဆရာမများပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝှမ်းရှိ စာသင်ကျောင်း များသည် အစစ်အမှန် ပြည်သူ့နီတိသင်ကြားရေးဆီသို့ ဦးတည်လျက် ပြုပြင်ပြောင်းလဲထိုက်သမျှကို မဖြစ်မနေပင် ပြုပြင်ပြောင်းလဲသင့် ကြသည်။

ပါမောက္ခ ဒေါက်တာမောင်သင်းက -

'ကျောင်းထွက်သွားတဲ့ လူငယ်တစ်ယောက်ကို လေ့ကျင့်ပေး လိုက်တဲ့ အရာအားလုံးအနက် ရင်ထဲ ဦးနှောက်ထဲ စွဲကျန်ရစ်ရမယ့် အဓိက အရာကတော့ 'ပြည်သူ့နီတိ' ပါပဲ။ ဆိုလိုတာက အဲဒီလူငယ် ဟာ ပြည်သူ့နီတိကို လေးစားလိုက်နာ ကျင့်သုံးသူ (Civic-minded Person) ဖြစ်သွားဖို့ပါ'[၁] ဟုပင် ဆိုညွှန်းခဲ့ဖူးသည်။ ယင်းဆိုညွှန်းချက်

---

၁။ ဒေါက်တာမောင်သင်း၊ *ကျောင်းတွေမှာ ပြည်သူ့နီတိ သင်ကြားရေး*၊ ပြည်သူ့ခေတ်ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၄၅၊ ရန်ကုန်၊ ၂-၆-၂၀၁၁။

ကို ထောက်ရှုသတိမူ၍ စာသင်ကျောင်းများ၌ ပြည်သူ့နီတိ သင်ကြားရေး ဆောင်ရွက်ရန်နှင့် အောင်မြင်စေရန် မည်ရွေ့မည်မျှ အရေးကြီးသည်ကို နားလည်နိုင်သည်။

ပြည်သူ့နီတိ သင်ကြားရေး၌ တွေ့ကြုံနိုင်စရာ ရှိနေသည့် နည်းလမ်းလွဲချော်မှုများနှင့် မှန်ကန်သော သင်ကြားရေးနည်းလမ်းများကို ခွဲခြား၍ ဆွေးနွေးခဲ့ပြီ။ ဆိုခဲ့သည့် ဆွေးနွေးချက်များကို နားလည် နှစ်သက်ပြီး ဆရာတို့ကိုယ်တိုင်လည်း ချဲ့ထွင် ကြံဆ၍ သင်ကြား ပို့ချပေးကြမည် ဆိုလျှင် ကြည်လင် ပီသ ထမြောက် အောင်မြင်သော ပြည်သူ့နီတိ သင်ကြားရေး တစ်ခေတ်ဆန်းသည်ကို မျှော်လင့်နိုင်မည်ဖြစ်သည်။ သင်ကြားပို့ချသူ ဆရာတို့ကိုယ်တိုင်မှာလည်း အောင်မြင်သော ပြည်သူ့နီတိ ဆရာကောင်းများဖြစ်လာကာ တပည့်တို့မှာလည်း ပြည်သူ့နီတိ တတ်သိကျွမ်းကျင်သော နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူများအဖြစ်သို့ ရောက်ရှိလာကြပြီး ပြည်သူ့နီတိ ရှင်သန် ထွန်းကားသော လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ပြည်သူ့နီတိ၏ သင်ကြားရေးနှင့် သက်ဆိုင်သူများ

ပြည်သူ့နီတိ သင်ကြားရေးနည်းလမ်းများကို သိရှိပြီးနောက် ပြည်သူ့နီတိ သင်ကြားရေးနှင့် သက်ဆိုင်သူ (ပြည်သူ့နီတိကို သင်ကြားပေးသင့်၊ သင်ယူစေသင့်သူ) များနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေး လေ့လာသင့်သည်။

ဆွေးနွေးခဲ့ပြီးသော ခေါင်းစဉ်ငယ်များတွင် ပါရှိသည့်အကြောင်းအရာတို့ကို သာမညအားဖြင့် သုံးသပ်မည် ဆိုလျှင် ပြည်သူ့နီတိ

သင်ကြားရေးသည် စာသင်ကျောင်းများ၊ ကျောင်းသားကျောင်းသူများနှင့်သာ သက်ဆိုင်သည်ဟု ထင်မှတ်ကောင်း ထင်မှတ်နိုင်သည်။ ထိုကဲ့သို့ ထင်မှတ်သော် အမှားစင်စစ်ပင် ဖြစ်တော့သည်။ အမှန်မှာ 'ပြည်သူ့နီတိ' သည် ပြည်သူအားလုံးနှင့် သက်ဆိုင်သဖြင့် ပြည်သူတစ်ဦးချင်းနှင့်လည်း သက်ဆိုင်သည်။ ပြည်သူတစ်ဦးချင်းနှင့် သက်ဆိုင်သဖြင့် ပြည်သူအားလုံးနှင့် သက်ဆိုင်သည်။[၁] နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သမျှ အလုပ်အကိုင် အဆင့်အတန်း ရာထူး ဌာနန္တရ၊ နေရာဒေသ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရား၊ လူမျိုးဇာတိမရွေး နိုင်ငံသားပြည်သူများအားလုံးနှင့်ပင် သက်ဆိုင်သည်။

ထင်ရှားစေပါဦးမည်။ အားလုံးသော နိုင်ငံသားပြည်သူများသည် မွေးရာပါ အခွင့်အရေးနှင့် ဥပဒေအရ နိုင်ငံသားများအဖြစ်ကို ရရှိထားကြသော်လည်း အားလုံးတို့သည် ပြည်သူ့နီတိ တတ်သိကျေပွန်ပြီးသော နိုင်ငံသား ပီသသူများ၊ နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူများချည်း မဟုတ်ကြချေ။ နိုင်ငံသားတို့၌ ရှိသင့်ရှိထိုက်သော ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံကြသည်ချည်းလည်း မဟုတ်ကြချေ။ ပြည်သူ့နီတိ မသိကင်းကွာလျက် နိုင်ငံသား မပီသသူများ၊ နိုင်ငံကြီးသားစိတ်ထား နိမ့်ကျွန်မ်းပါးသူများ၊ နိုင်ငံသား၏ ဂုဏ်အင်္ဂါ အရည်အချင်း ချို့တဲ့သူများလည်း ရှိနေတတ်သည်။

ထိုကဲ့သို့ နိုင်ငံကြီးသားစိတ်ထား နိမ့်ကျွန်မ်းပါးသူများ၊ နိုင်ငံသား၏ ဂုဏ်အင်္ဂါအရည်အချင်း ချို့တဲ့သူများကို နေရာအမျိုးမျိုး ပတ်ဝန်း

---

၁။ ဒေါက်တာထွန်းတင့်၏ အမှာစာ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄။

ကျင် အထွေထွေတို့တွင် အသက်အရွယ် အဆင့်အတန်း အမျိုးမျိုး တို့ဖြင့် တွေ့မြင်နေရသည်။ အများပြည်သူတို့ မဖြစ်မနေ သွားလာ ဝင်ထွက် ဆက်ဆံနေကြရသော ရုံးဌာနများ၊ ဆေးရုံဆေးခန်းများ၊ တရားရုံးများ၊ ရဲစခန်းများတွင် တာဝန် ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများမှ အစပြု၍ ဘတ်စ်ကားယာဉ်မောင်း၊ ယာဉ် နောက်လိုက်များ အလယ်၊ ပြစ်မှုအကျဉ်းသားများ (ပြစ်မှုဖြင့် ထောင် ဒဏ် ကျခံပြီး အကျဉ်းထောင်မှ လွတ်မြောက်လာသူများ) အဆုံး လူမှုဘဝ အထွေထွေတို့တွင် ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို တွေ့မြင် နိုင်သည်။ ထိုသူများသည် ပြည်သူ့နီတိကို လိုအပ်လျက် ရှိနေပြီး ပြည်သူ့နီတိ သင်ကြားရေးနှင့် အထူးတလည် သက်ဆိုင်သူများလည်း ဖြစ်သည်။

ပြည်သူ့နီတိ မသိကင်းကွာလျက် နိုင်ငံကြီးသားစိတ်ထား နိမ့်ကျ နွမ်းပါးနေသည့် ယင်းပုဂ္ဂိုလ်များနှင့် ထိတွေ့ ဆက်ဆံရသူတိုင်းမှာ ပြည်သူ့အခွင့်အရေးများ နစ်နာ ဆုံးရှုံးရခြင်း၊ အချိန်နှင့် ငွေကြေး နစ်နာ ဆုံးရှုံးရခြင်း၊ ပြည်သူ့ဘဝ လုံခြုံမှုကို မရရှိခြင်း၊ စိတ်နှလုံး မချမ်းမြေ့ဖြစ်ရခြင်း စသည့် ဒုက္ခအထွေထွေ သောကအမျိုးမျိုးတို့ကို ကြုံတွေ့ကြရသည်။

နိုင်ငံကြီးသားစိတ်ထား နိမ့်ကျ နွမ်းပါးသည့် ပြည်သူ့ဝန်ထမ်းများ ကြောင့် ယင်းတို့၏ မိခင်ဌာန ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကောင်းများ ကျဆင်းပျက်စီးရသည်။ နိုင်ငံတော်အစိုးရ၏ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို အဟန့်အတားဖြစ် နှောင့်နှေးကြန့်ကြာ စေသည်။ နိုင်ငံတော်၏ အခွန်ဘဏ္ဍာနှင့် အရင်းအမြစ်များကို နစ်နာ ဆုံးရှုံးစေသည်။ အဂတိလိုက်စားမှု အညွန်းကိန်းများ မြင့်မားစေပြီး

အခွန်ထမ်း ပြည်သူတို့အား နစ်နာစေကာ နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်မှုကို နှောင့်နှေးစေသည်။ အစိုးရအပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှုကို ကျဆင်းစေပြီး အစိုးရနှင့် ပြည်သူတို့အကြား ကွာဟမှုကို ကြီးထွားစေသည်။

မလိုလားအပ်သည့် ဤအခြင်းအရာများ အားလုံးသည် ပြည်သူ့နီတိ မသိ ကင်းကွာကြသော ပြည်သူ့ဝန်ထမ်းများ အထဲမှ အစပြု ဖြစ်ပေါ်လာသည်။ ပြည်သူ့ဝန်ထမ်းအချို့တို့၏ ပြည်သူ့နီတိ မသိ ကင်းကွာမှုကို အခြေခံသည်။ ထိုအခြေခံဆိုးကို ဖယ်ရှားနိုင်မည့် နည်းလမ်းမှာ ပြည်သူ့နီတိ သင်ကြားရေးပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများသည် ပြည်သူ့နီတိ သင်ကြားရေးနှင့် ပို၍ပင် အထူးတလည် သက်ဆိုင်သူများဖြစ်ကြောင်း ထင်ရှားသည်။

ပြည်သူ့နီတိ သင်ကြားရေးသည် အစိုးရလက်အောက်ရှိ ပြည်သူ့ ဝန်ထမ်းများနှင့်သာမက ပုဂ္ဂလိကကဏ္ဍနှင့်လည်း သက်ဆိုင်သည်။ ပုဂ္ဂလိကကဏ္ဍအောက်ရှိ ကုမ္ပဏီ အဖွဲ့အစည်းများ၊ အုပ်ချုပ်သူ စီမံ ခန့်ခွဲသူများ၊ ဝန်ထမ်းများ၏ ပြည်သူ့နီတိ မသိ ကင်းကွာမှုကြောင့် ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံ့ဘဏ္ဍာသို့ပေးဆောင်ရမည့် အခွန်ငွေကို ရှောင် တိမ်းခြင်း၊ အစိုးရကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍသို့ ချထားပေးသည့် အရပ် ရပ် အခွင့်အလမ်းများကို ကျင့်ဝတ်မဲ့သော လက်သိပ်ထိုး နည်းလမ်း များဖြင့် ရရှိအောင် ကြိုးပမ်းခြင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ကျင့်ဝတ်မဲ့ လုပ်ရပ်များကြောင့် စားသုံးသူ၊ ဝန်ဆောင်မှု ရယူသူ အများပြည်သူ တို့မှာ မနစ်နာသင့်လျက် နစ်နာရခြင်း၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်း၊ ရသင့် ရထိုက်သော အာမခံမှု၊ ဝန်ဆောင်မှုနှင့် စိတ်ကျေနပ်စေမှုတို့ကို မရရှိခြင်း စသည့် အဖြစ်အပျက် အမျိုးမျိုး

တို့ကို ပုဂ္ဂလိကကဏ္ဍ၏ နယ်ပယ်အဆင့်အတန်း အသီးသီးတို့တွင် အနိမ့်အမြင့်မရွေး ကြုံတွေ့နေရသည်။

အလုပ်ရှင်၊ အလုပ်သမားတို့အကြား ကျင့်ဝတ်ချိုးဖောက်ခြင်း၊ အသာစီးယူခြင်း၊ အနိုင့်အထက်ပြုခြင်းတို့မှတစ်ဆင့် အငြင်းပွားမှုများနှင့် ပဋိပက္ခများလည်း ဖြစ်ပေါ်လာသည်။ အချို့ဖြစ်ရပ်များ၌မူ တစ်ဦးတစ်ယောက်၏ သိသာ ထင်ရှားသော ကျင့်ဝတ်မဲ့ လုပ်ရပ်တစ်ခုကြောင့် နှစ်ပေါင်းများစွာ အချိန်ယူ တည်ဆောက်ပြီးမှ ရရှိထားသည့် ကုမ္ပဏီ အဖွဲ့အစည်း၏ ပုံရိပ်ကောင်းများ နိမ့်ကျပျက်စီးသွားသည်။ ထိုမှတစ်ဆင့် အောင်မြင်မှုနှင့် အမြတ်အစွန်းရရှိမှုများကိုပါ ထိခိုက်နိုင်ပြီး ကုမ္ပဏီ အဖွဲ့အစည်း၏ အခြေအနေကို ယိုင်လဲသွားစေနိုင်သည်။ အင်အားကြီးမားသော ပုဂ္ဂလိကပိုင် ကုမ္ပဏီ အဖွဲ့အစည်း တစ်ခု၏ ယိုင်လဲခြင်းမှသည် ပြည်တွင်းဈေးကွက်နှင့် အလုပ်အကိုင် တည်ငြိမ်မှုများကိုပါ ဆင့်ကဲဆင့်ကဲ ထိခိုက်စေနိုင်ပြန်သည်။

မလိုလားအပ်သည့် ဤအခြင်းအရာများအားလုံးသည် ပုဂ္ဂလိကကဏ္ဍအောက်ရှိ ပြည်သူ့နီတိ မသိကင်းကွာကြသော ကုမ္ပဏီ အဖွဲ့အစည်းများ၊ အုပ်ချုပ်သူ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများအထံမှ အစပြုဖြစ်ပေါ်လာသည်။ ယင်းတို့၏ ပြည်သူ့နီတိ မသိကင်းကွာမှုကို အခြေခံသည်။ ထိုအခြေခံဆိုးကို ဖယ်ရှားနိုင်မည့် နည်းလမ်းမှာ ပြည်သူ့နီတိ သင်ကြားရေးပင်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိက ကဏ္ဍအောက်ရှိ ကုမ္ပဏီ အဖွဲ့အစည်းများ၊ အုပ်ချုပ်သူ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများသည်လည်း ပြည်သူ့နီတိ သင်ကြားရေးနှင့် အထူးတလည် သက်ဆိုင်သူများဖြစ်ကြောင်း ထင်ရှားသည်။

ပြည်သူ့နီတိ သင်ကြားရေးကို စာသင်ကျောင်းများနှင့် အပြိုင် အကောင်အထည်ဖော် ဆောင်ရွက်သင့်သော နေရာ ဌာနများမှာ အကျဉ်းဦးစီးဌာနလက်အောက်ရှိ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းများ ဖြစ်သည်။ အကျဉ်းထောင် အတွေ့အကြုံ ရှိခဲ့ဖူးသူတို့၏ ပြောပြချက်များအရ မြန်မာနိုင်ငံ အကျဉ်းထောင်များမှာ ပြစ်ဒဏ်ကျခံရသူ အကျဉ်းသားများအတွက် စာရိတ္တနှင့် စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးရာ ဌာနများ မဟုတ်ကြသေးဘဲ အကျဉ်းသားများထံမှ လုပ်အားထုတ်ယူရာဌာနများအဖြစ်၌သာ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြစ်မှုဖြင့် ထောင်ဒဏ်ကျခံပြီး အကျဉ်းထောင်မှ လွတ်မြောက်လာသူများမှာ လူသစ် စိတ်သစ်နှင့် လူကောင်းသူကောင်းများ ဖြစ်လာနိုင်ခြေ နည်းပါးကြောင်း၊ အကျဉ်းထောင်အတွင်း၌ ရပ်ရွာ လူ့အဖွဲ့အစည်းအား ပိုမိုဒုက္ခပေးနိုင်သည့် ပြစ်မှုကျူးလွန်ပုံ အတတ်ဆန်းများ၊ နည်းလမ်းသစ်များ၊ အတွေ့အကြုံများကို ရရှိလာကြကြောင်း၊ ပြစ်မှုကျူးလွန်ဖက် မကောင်းမိတ်များ တိုးပွားလာကြောင်း၊ အကျဉ်းထောင်မှ လွတ်လာပြီးနောက် ယခင်က ထက်ပင် အဆိုးသမ္မာရင့်၍ ကျက်စားရာ နယ်မြေဒေသနှင့် ကျူးလွန်သည့် ပြစ်မှုအမျိုးအစားများ ပိုမိုကျယ်ပြန့်လာကြောင်း သိရသည်။ လူကောင်းသူကောင်းဖြစ်လိုစိတ် မပြင်းပြသူများမှာ ဤနည်းအားဖြင့် ပြစ်မှုနှင့်ပြစ်ဒဏ် သံသရာလည်လျက် ပြင်ပ၌ရှိစဉ် ရပ်ရွာအေးချမ်းတည်ငြိမ်မှုနှင့် လူ့အဖွဲ့အစည်း၏ လုံခြုံမှုတို့ကို ထိခိုက်ပျက်ပြားစေပြီး အကျဉ်းထောင်၌ရှိစဉ် ဒုစရိုက် သင်ခန်းစာများအကြား နစ်မြုပ်နေ

ကာ လူဖြစ်ရှုံးသော ဘဝများ၌သာ ကျင်လည်နေကြရကြောင်း သိရသည်။

မလိုလားအပ်သည့် ဤအခြင်းအရာများသည် ဝင်ငွေနည်းပါးခြင်း၊ စားဝတ်နေမှုစရိတ် ကြီးမြင့်ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ပညာရည်နိမ့်ပါးခြင်း၊ တစ်ဦးချင်းစီတို့၏ ဗီဇနှင့် ပတ်ဝန်းကျင် စသည့် အကြောင်းအပေါင်းများစွာတို့အပြင် ပြည်သူ့နီတိ မသိကင်းကွာသော ဘဝအခြေအနေများကိုလည်း အခြေခံသည်။ ပြည်သူ့နီတိ မသိကင်းကွာမှုကို ရာနှုန်းတစ်ခုဖြင့် အခြေခံလျက်ရှိသည်။ ထိုအခြေခံဆိုးကို ဖယ်ရှားပေးနိုင်မည့် နည်းလမ်းမှာ ပြည်သူ့နီတိ သင်ကြားရေးပင် ဖြစ်သည်။ ပြည်သူ့နီတိကို သင်ကြားပေးခြင်းဖြင့် ဒုစရိုက်သင်ခန်းစာများအကြား နစ်မြုပ်ကာ လူဖြစ်ရှုံးနေကြရသော ဘဝများကို ပြစ်မှု-ပြစ်ဒဏ် သံသရာမှ လွတ်မြောက်စေပြီး သမ္မာအာဇီဝ လူ့အဖွဲ့အစည်းဝင်များအဖြစ်သို့ ရောက်ရှိလိုစိတ် ထက်သန်လာစေရန် လမ်းပြနိုင်သည်။

ထို့ကြောင့် အကျဉ်းဦးစီးဌာနလက်အောက်ရှိ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများနှင့် လူမှုဝန်ထမ်း ဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းများ[၁] သည်လည်း ပြည်သူ့နီတိ သင်ကြား

---

၁။ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်းများ အခြေအနေမှာ အကျဉ်းထောင်များကဲ့သို့ မဟုတ်ချေ။ တရားရုံး၏ သတ်မှတ်ပေးချက်ဖြင့် သင်တန်းကျောင်း၌ ကာလတစ်ခုကြာအောင် နေထိုင်ရမည့် လူငယ်တစ်ယောက်သည် အခြေခံပညာ သင်ယူနေဆဲဖြစ်လျှင် နိုင်ငံတော်၏ စရိတ်ကျခံမှုဖြင့် ဆက်လက်သင်ယူနိုင်ပြီး အခြေခံပညာ သင်ယူဆဲမဟုတ်သူများကို လူငယ်သင်တန်းကျောင်းများက ဒိဇယ်အင်ဂျင် ပြုပြင်

ရေးနှင့် အထူးတလည်ပင် သက်ဆိုင်သော နေရာဌာနများဖြစ်ကြောင်း၊ ယင်းနေရာဌာနများ၌ ပြည်သူ့နီတိသင်ကြားရေးကို စာသင်ကျောင်းများနှင့်အပြိုင် အထူးအလေးထားလျက် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ထင်ရှားသည်။

တစ်နည်းဆိုရသော် ပြည်သူ့နီတိ သင်ကြားရေး၏ အန္တိမဖြစ်သော ရည်မှန်းချက်ပန်းတိုင်မှာ ဆူကြုံနိမ့်မြင့်မဟူ နိုင်ငံသားပြည်သူများ အားလုံးကို ပြည်သူ့နီတိ တတ်သိ ကျေပွန်ကြသော နိုင်ငံသား ပီသသူများ၊ နိုင်ငံကြီးသား စိတ်ထား ကြွယ်ဝသူများဖြစ်လာစေရန်နှင့် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသည့် မျိုးဆက်များပေါ်ထွန်းလာစေရန်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ပြည်သူ့နီတိသင်ကြားရေးဟူသည် စာသင်ကျောင်းများ၊ ကျောင်းသားကျောင်းသူများနှင့်သာ သက်ဆိုင်သည် မဟုတ်ဘဲ သင်ယူနိုင်သော အသက်

---

နည်း၊ ဆံပင်ညှပ်နည်း၊ စက်ချုပ်နည်း၊ ပန်းထိုးနည်း စသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို အလျဉ်းသင့်စွာ သင်ကြားပေးနေကြောင်းသိရသည်။ လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိသူများထဲမှပင် အခြေခံပညာ ပြီးဆုံးပြီးနောက် အဆင့်မြင့်ပညာဘွဲ့ ဆက်လက်ရရှိကာ တည်ငြိမ်ဖြောင့်ဖြူးသော ဘဝလမ်းကြောင်းကို ပိုင်ဆိုင်လျှောက်လှမ်းသွားနိုင်သူ လူတော်လူကောင်း လူရည်မွန်များလည်း ရှိနေသည်။ သို့ပါလျက် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်၌ရှိသော လူငယ်သင်တန်းကျောင်းများတွင် ပြည်သူ့နီတိ သင်ကြားရေးကို အလေးထား ဆောင်ရွက်သင့်ကြောင်း ထည့်သွင်းဆွေးနွေးရသည်မှာ အခြေခံပညာကို သင်ယူခြင်းမပြုနိုင်ဘဲ သင်တန်းကျောင်း၌သာ နေထိုင်ပြီး အသက်မွေးပညာများကိုသာ သင်ယူဆည်းပူးနေသူ လူငယ်များအတွက် ပြည်သူ့နီတိနှင့် မကင်းလွတ်စေလို၍ ဖြစ်သည်။

အရွယ် ရှိပြီးသူများမှ အစပြု၍ အသက်အရွယ်၊ အလုပ်အကိုင် အဆင့်အတန်း၊ ရာထူးဌာနန္တရ၊ နေရာဒေသ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရား၊ လူမျိုးဇာတိမရွေး နိုင်ငံသားပြည်သူများ အားလုံးနှင့် မုချသက်ဆိုင်ကြောင်း ထင်ရှားသည်။

ထပ်မံ၍ထင်ရှားစေပါဦးမည်။ နိုင်ငံတစ်ခု၏ တည်ငြိမ်အေးချမ်းခြင်း၊ အဆင့်အတန်း မြင့်မားခြင်း၊ ဖွံ့ဖြိုးတိုးတက်လွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု မြင့်မားခြင်း၊ အဂတိလိုက်စားမှု နည်းပါးကင်းစင်ခြင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ကောင်းမွန်ခြင်း၊ ပြည်သူ့ဝန်ထမ်းများ အဆင့်ဆင့်၏ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ မတူကွဲပြား ခြားနားကြသော လူ့အဖွဲ့အစည်းများအကြား၌ သဟဇာတဖြစ်လျက် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ခြင်း၊ ပဋိပက္ခနှင့် မှုခင်းဖြစ်ပွားမှုများ နည်းပါးလျက် အကျဉ်းထောင်များ မတိုးချဲ့ရခြင်း စသည့် ပဋိရူပ လူ့အဖွဲ့ အစည်းများ ဖြစ်ထွန်းမှုနှင့် ပဋိရူပဒေသများ ဖြစ်တည်မှုတို့မှာ ထိုနိုင်ငံရှိ နိုင်ငံသားပြည်သူများ၏ ပြည်သူ့နီတိ တတ်သိ ကျေပွန်မှု၊ နိုင်ငံသား ပီသမှု၊ နိုင်ငံကြီးသား စိတ်ထား ကြွယ်ဝမှုတို့နှင့် တိုက်ရိုက်အချိုးကျလျက် ရှိနေသည်။

ပြည်သူ့နီတိ တတ်သိ ကျေပွန်လျက် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသည့် နိုင်ငံသားဦးရေ အများအပြားကို ပိုင်ဆိုင်ထားသော နိုင်ငံသည် ပဋိရူပ လူ့အဖွဲ့အစည်းကောင်းများ ဖြစ်ထွန်းရာ ပဋိရူပ ဒေသ၊ ပဋိရူပနိုင်ငံအဖြစ် မြင့်မြင့်မားမား အောင်အောင်မြင်မြင် ရပ်တည်နိုင်မည်ဖြစ်သည်။ ပြည်သူ့နီတိနှင့် ကင်းကွာလျက် နိုင်ငံကြီးသားစိတ်ထား မကြွယ်ဝသည့် နိုင်ငံသားဦးရေ အများအပြားကိုသာ ပိုင်ဆိုင်ထားရသော နိုင်ငံသည် အပ္ပဋိရူပ လူ့အဖွဲ့အစည်းပျက်များ

ထူပြောရာ အပ္ပဋိရူပ ဒေသဆိုး အပ္ပဋိရူပ နိုင်ငံပျက်အဖြစ်နှင့် နိမ့်ပါး သိမ်ငယ် မထည်မဝါ ရပ်တည်နေရမည်ဖြစ်သည်။

နိမ့်ပါးသိမ်ငယ် မထည်မဝါ ရပ်တည်နေရသည့် အဖြစ်ရှုံးမျိုးကို အလိုမရှိဘဲ ပဋိရူပ လူ့အဖွဲ့အစည်းကောင်းများ ဖြစ်ထွန်းရှင်သန်ရာ ဂုဏ်အသရေနှင့် ပြည့်စုံသော ပဋိရူပဒေသ ပဋိရူပ နိုင်ငံတော်ကြီး အဖြစ် မြင့်မားထည်ဝါ ရပ်တည်လိုလျှင် နိုင်ငံ၌ ပြည်သူ့နီတိ ရှင်သန် ထွန်းကားစေရမည်။ ပြည်သူ့နီတိ ရှင်သန်ထွန်းကားရေးကို ထိပ်တန်း အဆင့် အမျိုးသားရေး ရည်မှန်းချက်အဖြစ် ထားရှိရမည်။ သင်ယူနိုင် သော အသက်အရွယ် ရှိပြီးသူများမှ အစပြု၍ အသက်အရွယ်၊ အလုပ်အကိုင်၊ အဆင့်အတန်း၊ ရာထူးဌာနန္တရ၊ နေရာဒေသ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရား၊ လူမျိုး၊ ဇာတိမရွေး နိုင်ငံသား ပြည်သူအားလုံး အကျုံးဝင်သော ပြည်သူ့နီတိ သင်ကြားရေးကို **ပြည်ထောင်စုအဆင့် အမျိုးသားရေးတာဝန်ကြီး** တစ်ရပ်အဖြစ် မှတ်ယူ ဖော်ဆောင်ရမည်။ ပြည်ထောင်စုအဆင့် အာဏာမဏ္ဍိုင်များ၊ မူဝါဒ ချမှတ်သူများ၊ မူဝါဒ ချမှတ်သူနေရာသို့ တက်လှမ်းရောက်ရှိလာကြ ဦးမည့် နိုင်ငံရေးခေါင်းဆောင်၊ လူထုခေါင်းဆောင်၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအနေနှင့် ဤဆွေးနွေးချက်ကို အချိန်မနှောင်းမီ ယခုကပင် အလေးအနက် သတိမူမိကြစေ လိုသည်။

## ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များ

ပြည်သူ့နီတိ သင်ကြားရေးနှင့် သက်ဆိုင်သူများ ခေါင်းစဉ်ငယ် ကို ဆွေးနွေးပြီးနောက် ပြည်သူ့နီတိနှင့် ဆယ်စုနှစ်များစွာ ကင်းကွာ

ခဲ့ရသော လူ့အဖွဲ့အစည်းတွင် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို ဆက်လက်ဆွေးနွေးသင့်သည်။

ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များကို ဆွေးနွေးရာတွင် တစ်ဦးတည်း၏ အတွေ့အကြုံနှင့် အမြင်ကို ဆွေးနွေးခြင်းထက် အများ၏ အတွေ့အကြုံနှင့် အမြင်တို့ကိုပါ ရယူ ဖော်ပြဆွေးနွေးခြင်းက ပို၍သင့်မြတ် ဆီလျော်လိမ့်မည်။ ထို့ကြောင့် စာနယ်ဇင်း မီဒီယာများတွင် ဖော်ပြခဲ့ဖူးသော ဆောင်းပါးအချို့၌ ပါဝင် ထင်ဟပ်နေသည့် ဆောင်းပါးရှင်တို့၏ အတွေ့အကြုံများ၊ အမြင်များကို ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ သာဓကများ အဖြစ် မကျဉ်းမကျယ် ကောက်နုတ်ဖော်ပြလိုသည်။

**သာဓက-၁**

၂၀၀၀ ခုနှစ်ဝန်းကျင်ကဖြစ်မည်။ ဘာသင်သား ရဟန်းတော်တစ်ပါးသည် အကြောင်းတစ်ခုကြောင့် မြို့တွင်းခရီးတိုတစ်ခုကို ဘတ်စ်ကားစီး၍ ကြွသွားခဲ့သည်။ ထိုရဟန်းတော်သည် ဘတ်စ်ကားပေါ်တွင် ထိုင်စရာနေရာ ရှိသဖြင့် ထိုင်လျက်သား စီးခွင့်ရ၏။ ဘတ်စ်ကားသည် ခရီးသည်ပြည့်နှင့် မှတ်တိုင်အချို့ကို ကျော်ဖြတ်ခဲ့ပြီး ခရီးသည်များလည်း ထိုင်ခုံအပြည့် ဖြစ်လာသည်။ နေရာမရသူအချို့ ရပ်လျက်သား လိုက်ပါလာကြ၏။

လမ်းခုလတ် မှတ်တိုင်တစ်နေရာတွင် နောက်ထပ် ခရီးသည် အမျိုးသမီးတစ်ဦး ဘတ်စ်ကားပေါ်သို့ တက်လာသည်။ ထိုအမျိုးသမီးမှာ ကိုယ်ဝန်ဆောင် မိခင်လောင်းတစ်ဦးဖြစ်၏။ ထိုင်စရာနေရာ မရှိသောကြောင့် ရပ်လျက်သားပင် ဖြစ်နေသည်။ ဘတ်စ်ကားသည် ချိုင့်ခွက်ပေါလှသော ကတ္တရာလမ်းပေါ်တွင် အရှိန်ပြင်းပြင်းနှင့် မောင်းနှင်နေ၏။ ဤခရီးကြမ်းမျိုး၌ ကိုယ်ဝန်ဆောင်တစ်ဦး မတ်တတ်ရပ်လျက် ဘတ်စ်ကား စီးနေရသည်မှာ

စသင့်လျော်ရာ။ သို့သော် မည်သူကမျှ ထိုင်ခုံရာနေရာ မပေးကြ၊ အခါမျိုး ခရီးသည်လည်း မရှိပေ။

ဤတွင် ရဟန်းတော်က ထိုအမျိုးသမီး ထိုင်နိုင်ရန် ထိုင်ခုံမှ ထပေး လိုက်သည်။ နှုတ်မြွက်လည်း ထိုင်ရန် ဖိတ်ခေါ်လေသလောသည်။ သို့သော် အခြားခရီးသည်တစ်ဦးက နေရာလု၍ ဝင်ထိုင်လိုက်ရာ ကိုယ်ဝန်ဆောင် အမျိုးသမီးမှာ ထိုင်ခွင့်မရလိုက်တော့၊ အခြားသူများက နေရာလု၍ ဝင်ထိုင် သူကို ရှုံ့ချကြသည်။ ရဟန်းတော်ကလည်း ကိုယ်ဝန်ဆောင်မိခင်လောင်း အမျိုးသမီးကို ထိုင်ခွင့်ရစေရန် နေရာဖယ်ပေးခြင်းဖြစ်ကြောင်း ရှင်းပြသည်။

အမှန်မှာ ဤရည်ရွယ်ချက်ဖြင့် ရဟန်းတော်က ထိုင်ခုံမှ ထပေးခဲ့ခြင်း ဖြစ်ခြင်းကို နေရာလု၍ ဝင်ထိုင်လိုက်သူလည်း သိပြီးသားမဖြစ်သည်။ မသိမသာတ၊ သိပါလျက်ပင် နေရာလု၍ထိုင်ခြင်းဖြစ်သည်။ ရှင်းပြသော် လည်း မရနိုင်ဘဲ ပေကပ်၍သာ ထိုင်နေလေတော့သည်။ မည်သူကမှ လည်း ဆက်၍မပြောမနေတော့။ ဤသို့ဖြင့် ခရီးဆက်ခဲ့ကြရလေတော့သည်။

## သာဓက - ၂

ဆေးခန်းမှာ မိုးတွေ သည်းသည်းမဲမဲ ရွာနေခဲ့တဲ့ နေ့တစ်နေ့ပါ။ ကျွန်မ ဆေးခြံသွားပြီး တွေ့လိုက်ရတာက တချောင်းချောင်းဆိုးပြီး အိပ်ပျော် နေသူတစ်ယောက်။ အိပ်ပျော်နေတဲ့ ဆေးဒီသူကို ကျွန်မ မိတ်မဆက်ဖြစ်ပါဘူး။ ထမင်းစားပြီးချိန်လည်း ဖြစ်၊ မိုးကလည်း အေး ဆိုတော့ သူ့ခမျာ အိပ်ချင်မှာပဲပေါ့။ တစ်ဖက်မှာလည်း အကြည့်တိုက်ရဲ့ ချဉ်းကပ်မှု ပြီးတော့ ဆေးဒီသူ အိပ်ပျော်နေတာက ကြွေပြားပေါ်မှာ မနိုးဘဲ အိပ်လိုက်တော့ ဆေးခြံမှာအလေ့အကျင့်ပဲ ဒါကြောင့် သူ့ပေါ်ချစ် ပေးလိုက်ပြီး ဝေးကို အကျအနစ်ပေးပြီး နိုးလိုက်ပါလို့ ပြောရပါတယ်။ သူ့ကို ဆိုက်ပေး နိုးလောက်တယ်လည်း ပြောလိုက်ပါတယ်။

[illegible]

တကောပ်ထားပြန်ရင်လည်း "လူလစ်တုံး ခိုးလုပ်မယ်" ဆိုတဲ့သူမျိုးတွေ အတော်အတွေ့များလာပါတယ်။

ကျွန်မတို့ အထက်တန်းကျောင်းတုန်းက ကျောင်းစာကြည့်တိုက်ထဲမှာ စည်းကမ်းတွေ အများကြီး ကပ်ထားပါတယ်။ "တိုးတိုးပြောပါ"၊ "မုန့်မစားရ"၊ "စည်းကမ်းရှိပါ"၊ "ယူပြီးလျှင် နေရာတကျ ပြန်ထားပါ"၊ "စာရွက်များ မဖုတ်ဖြဲရ"၊ "မအိပ်ရ"၊ "မဆေးရ" စတဲ့စတဲ့ များစွာသော စာတန်းတွေပါ။ ဒီစာတန်းတွေ ဖတ်မိပြီးကတည်းက စိတ်ထဲစွဲနေခဲ့တာ ကတော့ စာကြည့်တိုက်ဆိုတာ ဒါမျိုးတွေကို ရှောင်ကြဉ်ရမယ့် နေရာ တစ်ခုပါလားပေါ့လေ။

ဒီလိုနဲ့ တက္ကသိုလ်ကြီး ရောက်ပြန်တော့ ထပ်တိုးပြီး တွေ့လိုက်ရတဲ့ စည်းကမ်းက "စုံတွဲများ ချိန်းမတွေ့ရ" တဲ့။ ကျန်တဲ့စည်းကမ်းတွေတော့ အတူတူပါပဲ။ ဒီတော့ ထပ်ပြီးနားလည်ရပြန်တာက စာကြည့်တိုက်ဆိုတာ အမျိုးအစားသာ ကွဲပြားမယ်၊ စည်းကမ်းတွေကတော့ အတူတူပါပဲဆိုပြီး ခုချိန်ထိ အသုံးပြုခဲ့သမျှ စာကြည့်တိုက်တွေအားလုံးမှာ ဒီလိုပဲ တိတ်တိတ် ဆိတ်ဆိတ်နဲ့ စည်းကမ်းကို လိုက်နာကျင့်သုံးခဲ့ရတာပါပဲ။ ကျွန်မရဲ့ စာကြည့် တိုက်လေးထဲမှာတော့ အားလုံး သိပြီးသားဖြစ်မယ့် စည်းကမ်းတွေ ကပ်မထားခဲ့ပါဘူး။

ဒီလိုနဲ့ ဖတ်ဖူးတဲ့စာလေး စဉ်းစားမိတယ်။ "ကိုယ့်ရဲ့လွတ်လပ်မှုဟာ သူတစ်ပါးကို ထိခိုက်စေရင် အဲဒါ လွတ်လပ်မှု မဟုတ်ပါဘူး"တဲ့။ ခုတော့ လွတ်လပ်မှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ညဉ့်နက်သန်းခေါင်ကြီး ဂစ်တာတွေ အကျယ်ကြီး တီးကြ၊ အော်ကြ၊ ဟစ်ကြ၊ သီချင်းတွေ အကျယ်ကြီး ဖွင့်ကြနဲ့ အစွမ်းကုန် လွတ်လပ်နေတော့တာပဲ။ အလုံပိတ် အဲကွန်းခန်း တွေမှာ၊ ကားတွေပေါ်မှာ ဆေးလိပ်သောက်ကြရဲ့၊ ရှေ့လူ နောက်လူ မကြည့်တဲ့ ကွမ်းသွေးတွေ ထွေးရဲ့၊ အမှိုက်တွေ ပစ်ကြရဲ့နဲ့။

နည်းပါးသောပါတယ်။ ထမင်းစားပြီးမှာ သွားနေရတဲ့ ကားတွေထဲကတည်း ဈေးဝယ်ပါတယ်။ ကားတွေထဲ ဈေးသွားနေရတဲ့အခါ မဝေကိုနေတစ်ခါပြီး ဝယ်ပျော်နေစရာ နေရာမရှိတော့ လမ်းလျှောက်သွားတော့မှာကို သူတို့ငြိမ်းချမ်းစွာ ထမင်းစားပြီးမှ လမ်းလျှောက်ကြည့်ကြပါတော့တယ်။

လမ်းလျှောက်တဲ့အခါ မြို့ကြီးထဲမှာ ဈေးဆိုင်တွေနဲ့ ပြည့်နေတဲ့ ရပ်ကွက်ထဲ လူနာပိုကြီးက မီးမီးလေးတွေနဲ့ ကားတွေကို တွေ့တတ်ကြပါတယ်။ အဲ အခန်းလေးပြီး ခြစ်ရာတဲ့ လူနာပိုကြီး ခြိမ်းခြောက်ပါလိမ့်မယ်။

ယောက်ျားဝိဇ္ဇာရှဲတွေကလည်း မှတ်တိုင်မရှိတဲ့ အခမ်းအနားထဲမှာ သတိထားလေးတွေကို မှတ်တိုင်ထဲ အရောက်သွားမှ ဆိုက်ရောက်ပါတယ်။ နပ်နဲ့ရှိပြီး ညဉ့်မှောင်လာတဲ့ ကောင်းကင်ကြီးထဲ သတိထားလေးတွေကို နပ်နဲ့ရှိပြီး အဆင်းအသေးတွေ နေရာတကာ လင်းလက်ဖို့ ဆိုက်ရောက် စိတ်ရှည်လက်ရှည် ထားနဲ့ရှိပြီး အမြဲတမ်းတောင်းပြီး နိုးထ စောင့်ကြည့် ရှုပါ။ နောက်ပြီး ယောက်ျားရဲ့ သတိထားလေးတွေ ကြားမှာ ရှိသေးတဲ့ သောက်ပေးသောက်ယူမှုကိုလည်း ပေးကျော်ကြ အရေးကြီးမှ သတိထားလေးတွေက ယောက်ျားရဲ့ ကို ကြေးသားရှုပါ။

ခုချိန်မှာ နေ့တိုင်း လမ်းသွားနေရတဲ့ လူတွေများ ချိန်းဆိုနေရာ အကြိုးပါးစိုးကိုယ်စေ ယောက်ျားပြည်တဲ့ မြို့တော်ရဲ့ လမ်းတွေပေါ်မှာ သတ်သတ်မှတ်မှတ် ရှိတာပါ။ မီးပွိုင့် မြို့ကြီးရဲ့ ရှိနေတဲ့ မြေပုံပါတယ်။ ဒါပေမဲ့လည်း သတိထားမှတ်မှတ် လူစီးလေးတွေ မြို့ကြီးရဲ့နေရာမှာ လူတွေ လွှတ်လွတ်လပ်လပ် ထိုင်နေကြ လူတွေ အဲလိုကြည့်ပြီး ထိုင်ထားကြတွေ ချစ်ကြည့်နေတဲ့ ပေါ်လွင်းကြီး လောက်များလှတွေ များစွာရှိနေတဲ့ အရှိန်အတိုင်းပြီး

လှူမယ့်သူ ရှားပါးလာတဲ့ ခေတ်အခါမှာ လမ်းပေါ်မှာ လူမသိ သူမသိ သေသွားရှာကြတော့ ပိုပြီးကြေကွဲပါတယ်။ ကြေကွဲပေမယ့်လည်း ကိုယ့်အသက်အန္တရာယ်အတွက် ကိုယ်တိုင်ထိန်းသိမ်းရုံအပြင် ဘယ်သူ့ကိုမှ အားကိုးအားထားမရတဲ့၊ ဘာမှမတတ်နိုင်တဲ့ ကျွန်မတို့ ပြည်သူပြည်သားတွေ နေ့စဉ် ရင်ဆိုင်နေရတဲ့ မလုံခြုံလှတဲ့ ဘဝတွေပဲ ဖြစ်ပါတယ်။”
(သွယ်သွယ်မျိုးညွန့်)[၁]

## သာဓက-၄

တာမွေမှာ ၁၄-၂-၂၀၁၂ နံနက်က တကယ်မိုးလောင်နေသည်။ နေရာအတိအကျပြောရလျှင် ရွှေပဂိုရ်ရုပ်ရှင်ရုံ၏ အနောက်ဘက် (၁၆၄) လမ်းအဆုံး နေရာတစ်ဝိုက်ဖြစ်သည်။ ဦးချစ်မောင်လမ်းအတိုင်း ရေဂါလန် ၁၀၀၀ ဆံ့ မီးသတ်ကားကြီးတစ်စီး ဥဩဆွဲပြီး မောင်းနှင်လာသည်။ သူက တာမွေအဝိုင်းကနေ ရွှေပဂိုရ်ရုပ်ရှင်ရုံဘက်သွားဖို့ Free ကြော အတိုင်း မောင်းနှင်လာခြင်းပါ။

သို့သော် အဝိုင်းထိပ် မရောက်တရောက် တစ်နေရာတွင် တစ်ဖက် ယာဉ်ကြောသို့ ခေါင်းထိုးပြီး ဖင်ပိုင်းထွက်နေသော ကားနှစ်စီးရှိနေသည်။ တစ်စီးက လိုင်းကား၊ နောက်တစ်စီးက ပုဂ္ဂလိကကား။ ထိုကားနှစ်စီး ဖင်နှင့်မလွတ်၍ ဂါလန် ၁၀၀၀ ဆံ့ မီးသတ်ကားကြီးမှာ ရှေ့မတိုးနိုင်ဖြစ်နေ ရသည်။ တကယ်တော့ တစ်ဖက်ယာဉ်ကြောမှ ကားများကလည်း မီးသတ် ကားကြီး သွားနိုင်ရန် ခေါင်းတိုးဝင်နေသော ကားနှစ်စီးအတွက် နည်းနည်း

၁။ သွယ်သွယ်မျိုးညွန့်၊ ‘လမ်းပေါ်ကညည်းချင်း’ အက်ဆေး၊ ပြည်သူ့အရေး ဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၃)၊ ရွှေနိုင်ငံပုံနှိပ်တိုက်၊ ရန်ကုန်၊ ၇-၁၀-၂၀၁၄၊ စာ-၁၇။

ရှေ့ပေး၍ ရပါသည်။ ကန့်လန့်ခံနေသော အားနှစ်စီးလေလည်း ရှေ့သို့ တစ်လက်မချင်းတိုးပြီး နေရာရှဲပေးလိုက်ရပါသည်။ သို့သော် တုတ်တုတ်မျှ မလှုပ်။ မီးသတ်ကားကြီးကတော့ ဟွန်းသံချိုးချိုး ဥဩသံချိုးချိုး ပေးနေလေသည်။ တစ်ဖက်ကားများပေါ်မှ နိုင်ငံသားများကတော့ သူတို့နှင့် မဆိုင်သလို ခံစားမှုများ ကင်းမဲ့နေသော မျက်နှာ။

ဖိုးနေရာတွင် ရောက်လာသော မီးသတ်ကားကြီးသည် သုံးမိနစ်နှင့် စက္ကန့် ၂၀ ကြာမြင့်နေခဲ့သည်။ ထိုအချိန်ကာလလေးမှာ မီးလောင်တွေက အိမ်တသယ်နလုံး ဝါးမျိုသွားခဲ့ပြီးပြီလေ။ ထိုကားများပေါ်မှ နိုင်ငံသားများသည် မြန်မာနိုင်ငံသားများ မှုတော်ကြည့်ရဲ့လား။ ကျွန်တော့်ရင်ထဲတွင် နာကျင်မှုဖြင့် မေးခွန်းများ ထွက်ပေါ်လာသည်။

နောက်တစ်နေ့တွင် ပြည်ပအခြေစိုက် ရုပ်သံလွှင့် မီဒီယာတစ်ခုက ထိုနေ့မှာ မီးလောင်သည့်သတင်းကို ထုတ်လွှင့်သွားခဲ့သည်။ ဒိုရိုက်ရှင် မှ ပြည်သူတစ်ယောက်က မီးသတ်ကားများ လာရောက်မှုနှောင့်နှေး၍ အိမ်ချပ်ပေါင်း အိမ်ထောင်စု ၁၆ စု လူဦးရေ ၇၈ ဦး မီးဘေးသင့် ဒုက္ခ ရောက်ခဲ့ရကြောင်း အင်တာဗျူးတွင် ပြောဆိုသွားသည်။ (ဇော်သက်ထွေး)[1]

## သာဓက–၅

ပျော်ရွှင်မှုများ မမျှော်လင့်ကြားသော မြန်မာ–ဂေါ်ဖီ ဘောလုံးပွဲ

ရန်ကုန်၊ ဒီဇင်ဘာ ၁၆၊ ၂၀၁၃

(၂၇) ကြိမ်မြောက် SEA Games အကြိုဗိုလ်လုပွဲ ဘောလုံးပြိုင် နိုင်ရေး မအော်မြင်သူမြဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပြိုင်ဘက်အသင်း

---

၁။ ဇော်သက်ထွေး၊ 'ပြည်သူ့နီတိနှင့် နိုင်ငံသားတို့၏ ဝဲဘက်ရင်အုံ'၊ ပေါ်ပြူလာ ဂျာနယ်၊ ရန်ကုန်၊ ၁၉-၂-၂၀၁၂။
http://www.mandalaygazette.com/102647/comment-page-1

[redacted]

ဖော်ပြခဲ့သည့် သာဓကဖြစ်ရပ် ငါးခုကို ကြည့်ရှုခြင်းဖြင့် ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များကို သိမြင်မှန်းဆနိုင်

---

၁။ 'မျက်ရည်များ၊ ပဋိပက္ခများကြားက မြန်မာ-အင်ဒိုဘောလုံးပွဲ'၊ The Voice Daily အတွဲ (၁)၊ အမှတ် (၂၁၇)၊ ရန်ကုန်၊ ၁၇-၁၂-၂၀၁၃။
http://www.simon-viog.com/2013/12/blog-post_8436.html

သည်။ ပြည်ထောင်စုအတွင်းရှိ လူ့အဖွဲ့အစည်းများ၌ နိုင်ငံကြီးသား စိတ်ထား ကြွယ်ဝမှု ကင်းလွတ် ပျောက်ဆုံးနေခြင်းကိုလည်း ကွက်ကွက်ကွင်းကွင်းပင် သိမြင်ခံစားနိုင်သည်။ စင်စစ်တွင် ပြည်သူ့ နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များမှာ ပြောဍမကုန် အောင် တစ်ပုံတစ်ပင်ကြီး ရှိနေသည်။ နိုင်ငံသားပြည်သူတို့၏ ပညာ ရေး ဘဝတွင် ပြည်သူ့နီတိ ကင်းမဲ့ပျောက်ဆုံးသွားခဲ့ရခြင်း၏ ရလဒ် အနေဖြင့် -

*'နိုင်ငံရေး အသိတရားမရှိသော မျိုးဆက်များ ပေါ်ထွက်လာသည်။ နိုင်ငံရေးအသိ၊ နိုင်ငံရေးစာပေ၊ နိုင်ငံရေး အဟောအပြော၊ နိုင်ငံရေး သဘောတရား အစစ်အမှန်များနှင့် ကင်းဝေးခဲ့ခြင်းကြောင့် နိုင်ငံရေး မျိုးဆက်များ ပျက်သုဉ်းခဲ့ရသည်။ ဟိုလူပြော ဟုတ်နိုးနိုး၊ သည်လူပြော ဟုတ်နိုးနိုး၊ လက်နက်ကိုင်လျှင် ကောင်းနိုးနိုး၊ ဘာတော်လှန်ရမှန်းမသိ၊ တော်လှန်လိုက်လျှင် ကောင်းနိုးနိုးများ ဖြစ်ခဲ့ကြရသည်။ နိုင်ငံရေး အမြင်တွင် ပြည်သူ့နီတိ အခြေခံမျှပင် မရှိသော လူမျိုးဖြစ်ခဲ့ရခြင်း ကြောင့် ပရမ်းပတာ နိုင်ငံရေး၌ အံဝင်ခွင်ကျ မဖြစ်ခဲ့။'*

ဟု ဆရာဦးတင်ညွန့်က နိုင်ငံရေးမျိုးဆက်ရှုထောင့်မှ ဆန်းစစ်ဝေဖန် ပြခဲ့သည်။[၁]

သို့ဖြစ်ရာ ပြည်သူ့နီတိနှင့် ကင်းကွာလျက်ရှိသော လူ့အဖွဲ့ အစည်း၌ တစ်ရပ်ကွက်လုံး ဆူညံသံ လွှမ်းမိုးအောင် သီချင်းဖွင့်ခြင်း၊

---

၁။ တင်ညွန့်၊ 'ပြည်သူ့နီတိ မရှိတိုင်းပြည် မသိလူမျိုး'၊ မောက္ခ ပညာရေးမဂ္ဂဇင်း၊ Published on Wednesday, 25 January 2012.
http://www.maukkha.org/index.php/feature-article/1777/maukkha-civic-education-in-burma

လမ်းမပေါ်တွင် ဘောလုံးကန်ခြင်း၊ ခြင်းလုံးခတ်ခြင်း၊ စွန်လွှတ်ခြင်း၊ ကွမ်းသွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်း၊ လမ်းနံ့ဘေးနှင့် ရေနုတ်မြောင်းများတွင် စည်းကမ်းမဲ့ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ အများပိုင်လမ်းနှင့် ပလက်ဖောင်းများပေါ်တွင် ဈေးဆိုင်ဖြန့်ခင်း ရောင်းချခြင်း၊ ကုန်စည်များ ချထားခြင်း၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်း၊ စည်းကမ်းတကျ လမ်းဖြတ်ကူးသူနေသူများကို မထေမဲ့မြင်ပြုလျက် ဖြတ်ကူးခွင့်မပေးခြင်း၊ ယာဉ်ကြောလု၍ အပြိုင်အဆိုင်မောင်းနှင်ခြင်း၊ လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်များအတွက်ပင် လမ်းပေးရမည်ဟု မထင်မှတ်ကြခြင်း၊ ယာဉ်စီး ခရီးသည်များအပေါ် အကြမ်းပတမ်း ပြုမူ ဆက်ဆံရန်ဖက်ခြင်း၊ ခရီးသည်အချင်းချင်း သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ရင်ခွင်ပိုက် ကလေးမိခင်များကိုပင် ဦးစားမပေးလိုကြခြင်း၊ အများပြည်သူပိုင်ဆေးရုံ စာကြည့်တိုက်၊ ဘူတာ၊ ပန်းခြံ စသည်တို့တွင် စည်းကမ်းမဲ့ ပြုမူနေထိုင် အိပ်စက်ခြင်း၊ အများကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ခြေဆော့ လက်ဆော့ဖြင့် ညစ်ပတ်ပေရေ ပျက်စီးစေခြင်း၊ ဆုတ်ခွာ ခြစ်ဖြဲ ထုနှက် ဖျက်ဆီးဆေးမှုတ်ခြင်း၊ တန်းစီရခြင်း အလှည့်ရောက်အောင် စောင့်ဆိုင်းရခြင်း စည်းကမ်းများကို နားမလည်ဘဲ တိုးဝှေ့ဖြတ်ကျော် နေရာလုယူခြင်း စသည့် အပြုအမူဆိုး၊ အလေ့အထဆိုးများကို အတောမသတ်အောင် တွေ့မြင်နေရဆဲ၊ တွေ့မြင်နေရဦးမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံရေး အသိတရား မရှိသော မျိုးဆက်များသာ ပေါ်ပေါက်နေဦးမည်ဖြစ်ရာ နိုင်ငံရေး၌ အံဝင်ခွင်ကျ မဖြစ်နိုင်ဘဲ ပရမ်းပတာဆန်နေဦးမည်လည်းဖြစ်သည်။ ပရမ်းပတာဆန်နေမည့် ထိုမျိုးဆက်များသည် အရာရာကို အပြစ်တင်စိတ်ကဲလျက် ရှုမြင်

သုံးသပ်ခြင်း၊ ပုဂ္ဂိုလ်ရေးအမြင်ဖြင့်သာ မြင်တတ်လျက် အပြန်အလှန် ချိုးနှိမ် တိုက်ခိုက်ခြင်း၊ မတူသူကို အပြုတ်တိုက် အပြတ်ရှင်းခြင်း၊ တူသူကို မဆန်းစစ်ဘဲ နေရာပေးလျက် မြှင့်တင် မြှောက်စားကာ ဆရာမွေး တပည့်မွေးပြုခြင်း၊ ကိုယ်ကျိုးသက်သက်မျှ ကြည့်ကာ အများအကျိုးကို လျစ်လျူရှုခြင်း၊ လုပ်ပိုင်ခွင့်အာဏာရှိသူ နိုင်ငံရေး သမားများက သူဌေးမွေး၊ သူဌေးများက နိုင်ငံရေးသမားမွေး၊ ဤ နည်းဖြင့် အပြန်အလှန် မွေးမြူကာ အချောင်စီးပွားရှာခြင်း စသည့် စနစ်ဆိုး သံသရာ၌သာ ကြီးပွားပျော်မွေ့သူများ သို့မဟုတ် စနစ်ဆိုး သံသရာ၏ သားကောင်များ၊ ဒုက္ခသည်များသာ ဖြစ်နေကြဦးမည်။

ဆိုခဲ့သည့် နှိုးနှော်ဆွေးနွေးချက်များ၊ သာဓကများဖြင့် ပြည်သူ့ နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များကို ပေါ်လွင်စေခဲ့ပြီ။ ပြည်သူ့နီတိ မသိ ကင်းကွာနေသော လူ့အဖွဲ့အစည်းသည် စိုးရိမ် သောကများ၊ ဘေးအန္တရာယ်များ၊ ဆုတ်ယုတ်နိမ့်ကျ ပျက်စီးမှုများနှင့် သာ အကျည်းတန်နေရမည်သာဖြစ်ကြောင်းကိုလည်း ထင်ရှားစေ ခဲ့ပြီ။ သို့ဖြစ်ရာ ပြည်သူ့နီတိ သင်ကြားရေးကို အချိန်မနှောင်းမီ ယခု ကပင် အလေးအနက်ထား၍ ကြပ်ကြပ်မတ်မတ် ဖော်ဆောင်သင့် ကြသည်။

## ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်း

ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များကို ပေါ်လွင်စေကာ ပြည်သူ့နီတိ သင်ကြားရေးကို အချိန် မနှောင်းမီ အလေးအနက်ထား ဖော်ဆောင်သင့်ကြောင်း ဆွေးနွေးပြီးနောက် ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်းကို မည်သို့ စတင်သင့်

သည်၊ ပြည်သူ့နီတိကို မည်သူတို့က ဦးစွာ ပထမ စံပြုအနေနှင့် လေ့လာ သင်ယူသင့်သည် စသည့် အကြောင်းအရာများကို ဆက်လက်ဆွေးနွေးသင့်သည်။

'ပြည်သူ့နီတိသင်ကြားရေး' ဟု ဆိုလိုက်သည်နှင့် ကျောင်းများ၊ ကျောင်းသင်ခန်းစာများ၊ ကျောင်းသားကျောင်းသူများကိုသာ စတင်သတိပြုမိကြသည်။ စာသင်ကျောင်းဝင်းအတွင်းက သင်ကြားရေးဆီသို့သာ အာရုံရောက်မိတတ်ကြသည်။ ဤသည်မှာ အနာဂတ် နိုင်ငံတော်နှင့် နိုင်ငံတော်၏အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ်များ၊ အနာဂတ် လူ့အဖွဲ့အစည်းများအတွက် ရည်မျှော် စဉ်းစားခြင်းဖြစ်သောကြောင့် ကောင်းမွန်ပေသည်။

သို့ရာတွင် တစ်ပြိုင်တည်းမှာပင် ပစ္စုပ္ပန် နိုင်ငံတော်၊ ပစ္စုပ္ပန် လူ့အဖွဲ့အစည်းနှင့် လက်ရှိမျိုးဆက်များ၏ ပြည်သူ့နီတိ လိုအပ်ချက်မှာ မြင့်မားလျက်ရှိနေရာ အနာဂတ်နှင့် မျိုးဆက်သစ်များအတွက် သာမက ပစ္စုပ္ပန်နှင့် လက်ရှိမျိုးဆက်များ၏ ပြည်သူ့နီတိ အဆင့်အတန်း မြင့်မားစေရေးကိုလည်း မလွဲမသွေပင် အာရုံပြုအလေးထား စဉ်းစားရမည်ဖြစ်သည်။

ထို့ကြောင့် ပစ္စုပ္ပန် နိုင်ငံတော်၏ ဗျူရိုကရေစီယန္တရား လည်ပတ်မှုတွင် ပါဝင် အမှုထမ်းနေကြသည့် ပြည်သူ့ဝန်ထမ်း အဆင့်ဆင့်၊ စီးပွားရေး ယန္တရား လည်ပတ်မှုတွင် ပါဝင် ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကကဏ္ဍရှိ အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများ၊ ပဥ္စမမဏ္ဍိုင်ဖြစ်သည့် အရပ်သား ပြည်သူများမှ အစပြု၍ အကျဉ်းထောင်များရှိ ပြစ်မှု အကျဉ်းသားများတိုင်အောင် လက်ရှိ မျိုးဆက်များကိုလည်း ပြည်သူ့နီတိ သင်ကြားရေးတွင် ပါဝင်သင့်သူများ (ပြည်သူ့နီတိ

ကို လေ့လာသင်ယူသူများ) အဖြစ် ထည့်သွင်းရှုမြင်ကာ ယင်းတို့ပါ အကျုံးဝင်သည့် ပြည်သူ့နီတိသင်ကြားရေးကို ဖော်ဆောင်သင့်သည်။

ယင်းသို့ ရှုမြင်ဖော်ဆောင်နိုင်မှသာ ပစ္စုပ္ပန် လူ့အဖွဲ့အစည်းနှင့် လက်ရှိ မျိုးဆက်များ၏ ပြည်သူ့နီတိ အဆင့်အတန်း ပြန်လည် မြင့်တက်လာမည် ဖြစ်သည်။ သို့မှသာလည်း လက်ရှိ မျိုးဆက်များက မျိုးဆက်သစ်များထံသို့ စိတ်ထားကောင်း၊ အပြုအမူကောင်းများကို ကောင်းမွေကောင်းနှစ်အဖြစ် လက်ဆင့်ကမ်းပေးနိုင်မည်။ မျိုးဆက် သစ်များအနေနှင့်လည်း လက်ရှိမျိုးဆက်များထံမှ အတုယူစရာဖြစ် သော စိတ်ထားကောင်း၊ အပြုအမူကောင်းများကိုသာ တွေ့မြင် ကြားသိနိုင်မည် ဖြစ်သည်။ လူ့အဖွဲ့အစည်းများအတွင်း၌ နိုင်ငံကြီး သား စိတ်ထားကြွယ်ဝမှု ကင်းလွတ်ပျောက်ဆုံးနေခြင်းကို အမြန်ဆုံး ဖယ်ရှားပြုပြင်နိုင်ပြီး ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ ဆိုးကျိုး အဆက်ဆက်တို့ကိုလည်း ကျဆင်း ကွယ်ပစေနိုင်မည် ဖြစ်သည်။

ထိုရှုမြင်ချက်များဖြင့် 'ပြည်သူ့နီတိ သင်ကြားရေး'ကို ဖော်ဆောင် ကြရာတွင် စာသင်ကျောင်းများ၌ မသင်မနေရ သင်ရိုးဝင် ဘာသာ ရပ်အဖြစ် ထည့်သွင်း ပြဋ္ဌာန်းခြင်းဖြင့် အဆင်ပြေနိုင်သော်လည်း အခြား နယ်ပယ်များအတွက်မှာ ယင်းပုံစံမျိုး မဖြစ်နိုင်တော့ချေ။ သို့ဖြစ်ရာ ပြည်သူ့ဝန်ထမ်း အဆင့်ဆင့်တို့အတွက် ပြည်သူ့နီတိ သင်ကြားရေးကို ပြည်ထောင်စုအဆင့် မဏ္ဍိုင်များက အထူးသီးသန့် အစီအစဉ်များဖြင့် ဆောင်ရွက်သင့်ပေသည်။ ဥပမာ - ဝန်ထမ်း တက္ကသိုလ်များတွင် ပြည်သူ့နီတိဘာသာရပ် ပြဋ္ဌာန်းသင်ကြားပေး ခြင်း၊ ပြည်သူ့နီတိ မြင့်မားရေးအတွက် နှစ်စဉ် လေးလ တစ်ပတ် အတွင်း မည်သည့် စာအုပ်စာပေများကို ဖတ်ရှုရမည် သတ်မှတ်

ညွှန်ကြားခြင်း၊ ရုံးဌာနများအလိုက် ပြည်သူ့နီတိ မြင့်မားရေးသင်တန်းများ ပြုလုပ်ပေးခြင်း၊ ပြင်ပ ပြည်သူ့နီတိ ပညာရှင်များကို ဖိတ်ခေါ်၍ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

ကျောင်းသင် ပြည်သူ့နီတိဘာသာရပ်ကို အောင်အောင်မြင်မြင် သင်ကြားပေးနိုင်မည့် အရည်အချင်းမီ ပညာရေးဝန်ထမ်း ဆရာဆရာမများ မွေးထုတ်နိုင်အောင်လည်း အထူးပင် ကြိုးပမ်းသင့်သည်။ ထို့အတွက် ပညာရေးတက္ကသိုလ်များ၊ ဆရာဖြစ်သင်တန်းများ၊ မွမ်းမံသင်တန်းများတွင် ပြည်သူ့နီတိ ဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးရန် ဦးတည်သွားသင့်သည်။

ပုဂ္ဂလိကကဏ္ဍအောက်ရှိ အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူ ဝန်ထမ်းများအတွက်လည်း အလားတူပင် ဆောင်ရွက်စေသင့်ပြီး ဆောင်ရွက်ခြင်းရှိမရှိကိုလည်း အမြဲမပြတ် စောင့်ကြည့် ထိန်းကျောင်းသင့်သည်။ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍ ပြည်သူ့နီတိ မြင့်မားရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ပြီး ပညာရှင်များ ဖိတ်ခေါ်၍ ပို့ချဆွေးနွေးစေခြင်းကိုလည်း အခါအားလျော်စွာ ပြုလုပ်သင့်သည်။ ထိုအားလုံးသည် ဝတ်ကျေတန်းကျေများနှင့် ရုပ်လုံးပြ၊ ဂုဏ်ရည်ပြများ မဖြစ်စေရန်လည်း လိုအပ်ပြန်သည်။

အရပ်သား ပြည်သူများအတွက် ပြည်သူ့နီတိ သင်ကြားရေးကိုမူ အစိုးရကဏ္ဍနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်သင့်သည်။ အများပြည်သူ စိတ်ဝင်စားသည့် အနုပညာနှင့် မီဒီယာ မျက်နှာစာများမှတစ်ဆင့်လည်း ပြည်သူတို့အထံသို့ ပြည်သူ့နီတိအသိများ ပျံ့နှံ့

ထွန်းကား ရောက်ရှိအောင် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ဦးစီး ဆောင်ရွက်တော်မူသော နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မကျောင်းတော် အစီအစဉ်များတွင် ပြည်သူ့နီတိ ဘာသာရပ်ကို ပီပီပြင်ပြင် ထည့်သွင်းသင်ကြားပေးနိုင်အောင် သင်ရိုးစာအုပ်များ၊ သင်ကြားနည်းများ ထောက်ပံ့ပေးအပ်သင့်သည်။

ထိုသင်တန်းများသည် အရှိန်အဟုန်နှင့် အတွေ့အကြုံများ ကောင်းစွာရရှိထားပြီး တောရော မြို့ပါမကျန် ပြည်သူလူထုနှင့် အနီးစပ်ဆုံး သင်တန်းများဖြစ်ရာ အရပ်သား ပြည်သူများအတွက် ပြည်သူ့နီတိ သင်ကြားရေးကို ထိုသင်တန်းများမှတစ်ဆင့် အတိုင်းအတာတစ်ခုဖြင့် ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်သည်။ ထိုအားသာချက်ကို လျစ်လျူမရှုအပ်ချေ။ လူငယ် သင်တန်းကျောင်းများရှိ သင်တန်းသားများ၊ သင်တန်းသူများအတွက် ပြည်သူ့နီတိ သင်ကြားရေးကိုမူ ပြည်ထောင်စု အစိုးရ၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းကာ ပညာရေးဝန်ထမ်း ဆရာ ဆရာမများကို တာဝန်ပေးအပ် သင်ကြားစေခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်သည်။

အကျဉ်းထောင်များ၊ ရဲဘက်စခန်းများရှိ ပြစ်မှုအကျဉ်းသားများအတွက် ပြည်သူ့နီတိ သင်ကြားရေးကိုလည်း ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်မှုဖြင့် အကျဉ်းဦးစီးဌာနက အလေးအနက်ထား ဆောင်ရွက်သင့်သည်။ ပညာရှင်များ ဖိတ်ခေါ်၍ ပို့ချ ဆွေးနွေးစေခြင်း၊ ပြည်သူ့နီတိ ပို့ချဆွေးနွေးချက် ဗွီဒီယိုများ ပြသပေးခြင်း၊ ပြည်သူ့နီတိဆိုင်ရာ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊

အကျဉ်းသားများ၏ ပြည်သူ့နီတိဆိုင်ရာ အပြုအမူကောင်း တိုးတက်မှုများကို မှတ်တမ်းထားရှိပေးခြင်း၊ ပြည်သူ့နီတိဆိုင်ရာ ဗဟုသုတနှင့် အတွေးအမြင် တိုးတက်မှုများကို ပညာရှင်တို့ ရှေ့မှောက်၌ အကဲဖြတ်ခြင်း၊ ရလဒ်အပေါ် မူတည်၍ လျှော့ရက်ပေးခြင်း စသည်ဖြင့် စီစဉ် ဆောင်ရွက်ပေးသင့်သည်။ ပြည်သူ့နီတိ သင်ကြားရေးနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ အဟန့်အတားများ ရှိနေမည် ဆိုလျှင်ပင် အကျဉ်းထောင် ဥပဒေကို ပြင်ဆင်၍ အကျဉ်းထောင်များအတွင်း ပြည်သူ့နီတိ သင်ကြားရေးကို ဖြစ်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

ဆိုခဲ့သည့်အတိုင်း ပြည်သူ့နီတိ သင်ကြားရေးကို ဖော်ဆောင်ရာတွင် မတူညီသော ပတ်ဝန်းကျင်များ၌ မတူညီသောနည်းလမ်းများ၊ မတူညီသော အတိုင်းအတာများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ရာ အလုံးစုံ ထပ်တူတကျ တူညီနေသော သင်ကြားမှုပုံစံများ၊ သင်ရိုးများဖြင့် ပုံသေကားကျ ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ချေ။ ပြည်သူ့နီတိ ပညာရပ်တွင် -

(က) လူမှုရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ရှိမှု (Social & Moral Responsibility)၊

(ခ) ရပ်ရွာလူထုအကျိုး သယ်ပိုးမှု (Community Involvement)၊

(ဂ) နိုင်ငံရေးရာကို သိနားလည်မှု (Political Literacy)[၁]

၁။ ဒေါက်တာသိန်းလွင်၏ အမှာစာ၊ အထက်တန်း ပြည်သူ့နီတိ (ပထမပိုင်း)၊ လင်းလွန်းခင်စာပေ၊ ရန်ကုန်၊ ၂၀၁၄။

ဟု အခြေခံအားဖြင့် ကဏ္ဍသုံးရပ် ပါဝင်ရာ သင်ယူသူများ၏ မတူညီသော ပတ်ဝန်းကျင်များနှင့် မတူညီသော အခြေခံများကိုပါ ထည့်သွင်း သုံးသပ်၍ 'မည်သည့်ပတ်ဝန်းကျင်ရှိ မည်သူတို့အတွက် မည်သည့်ကဏ္ဍများကို အဓိကထားလျက် မည်သည့်ပုံစံမျိုးဖြင့် မည်သည့်အဆင့်ဆင့် သင်ကြားပေးရန် (သင်ယူစေရန်) လိုအပ်သည်' စသည်ဖြင့် ဆန်းစစ်လေ့လာကာ 'စံများ' ရှာဖွေသင့်သည်။ တွေ့ရှိလာသည့် ယင်း 'စံများ' အပေါ်တွင် 'မူ'တည်၍ သင်ယူသူ အမျိုးမျိုးတို့၏ မတူညီသော ပတ်ဝန်းကျင်များ၊ မတူညီသော အခြေခံများနှင့် လိုက်ဖက်ဆီလျော် ရှိစေမည့် သင်ကြားရေးပုံစံ အမျိုးမျိုး၊ သင်ကြားရေး နည်းလမ်းအထွေထွေ၊ သင်ရိုးအသီးသီးတို့ကို ပြည်သူ့နီတိ ဘာသာရပ်နှင့် သင်ရိုးဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ၏ ဦးဆောင်ပါဝင်မှုဖြင့် ရွေးချယ်သတ်မှတ်သင့်သည်။[၁] တည်ငြိမ်တိကျ

---

၁။ ဥပမာအားဖြင့်-

(က) စာသင်ကျောင်းများ၏ ပြည်သူ့နီတိ သင်ကြားရေးတွင် ဆိုခဲ့သည့် အခြေခံကဏ္ဍသုံးရပ်လုံး ပါဝင်စေမည်။ ထိုတွင် အခြေခံပညာ မူလတန်း အဆင့်၌ မည်သည့်ကဏ္ဍကို အဓိကထား၍ မည်သည့်ကဏ္ဍများကို မိတ်ဆက်သင်ကြားပေးသင့်သည်၊ အခြေခံပညာ အလယ်တန်း အဆင့်၌ မည်သည့်ကဏ္ဍများကို အဓိကထား၍ မည်သည့်ကဏ္ဍကို ဒုတိယ ဦးစားပေးအဖြစ် မည်ရွေ့မည်မျှ အတိုင်းအတာအထိ သင်ကြားပေးသင့်သည်၊ အခြေခံပညာ အထက်တန်းအဆင့်၌ မည်သည့်ကဏ္ဍများကို အဓိကထား၍ မည်သည့်ကဏ္ဍများကို မွမ်းမံတိုးမြှင့်သင်ကြားပေးသင့်သည်၊ တက္ကသိုလ်များအဆင့် ပြည်သူ့နီတိ သင်ကြားရေးအတွက် မည်သို့သော ရည်မှန်းချက်၊ လျာထားချက်များ ထားရှိမည် စသည်ဖြင့်လည်းကောင်း၊

သော ရွေးချယ်သတ်မှတ်မှုနှင့် 'ဘောင်' ကို ရရှိပြီးသော် သင်ရိုးများ၊ ပြဋ္ဌာန်းချက်များနှင့် ဆရာများအတွက် သင်ကြားရေး အထောက်အကူပြု ဆရာလမ်းညွှန် ဆရာလက်စွဲ စာအုပ်များ၊ တပည့်များအတွက် သင်ယူမှု အထောက်အကူပြု စာအုပ်များကို ကျွမ်းကျင်ပညာရှင်များ၏ ဦးဆောင် ပါဝင်မှုဖြင့်ပင် စတင် ပြုစု ရေးသားသင့်သည်။

စင်စစ်တွင် 'စံများ' ရှာဖွေခြင်း၊ 'တည်ငြိမ်တိကျသော ရွေးချယ်သတ်မှတ်မှု' ပြုခြင်း၊ 'ဘောင်' တည်ဆောက်ခြင်း၊ 'သင်ရိုး၊ ပြဋ္ဌာန်းချက်၊ ဆရာလက်စွဲ၊ သင်ယူမှု အထောက်အကူပြုစာအုပ်များ စတင်ပြုစုရေးသားခြင်း' စသည့် လုပ်ငန်းအဆင့်ဆင့်များသည် ပြည်သူ့နီတိ

---

(ခ) ပြည်သူ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍအောက်ရှိ ကုမ္ပဏီ အဖွဲ့အစည်းများ အုပ်ချုပ်သူ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၏ ပြည်သူ့နီတိ သင်ကြားရေးတွင် မည်သည့်အဆင့်များအတွက် မည်သည့်ကဏ္ဍများကို အဓိကထား သင်ယူစေသင့်သည်၊ မည်သည့်ကဏ္ဍများကို မိတ်ဆက် သင်ယူစေခြင်း၊ မွမ်းမံ သင်ယူစေခြင်း ပြုသင့်သည်။ အကျဉ်းထောင်များအတွင်း ပြည်သူ့နီတိ သင်ကြားရေးတွင် လူမှုရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ရှိမှုကဏ္ဍကို အဓိကထား၍ ရပ်ရွာလူထုအကျိုး သယ်ပိုးမှုကဏ္ဍအထိ မည်သို့ဦးတည်သွားသင့်သည်၊ နိုင်ငံရေးရာ သိနားလည်မှုကဏ္ဍအတွက် မည်ရွေ့မည်မျှအထိသော ဗဟုသုတများ ပေးသင့်သည်၊ ထိုတွင် နေ့စဉ်သင်ကြားရေးမှာ မဖြစ်နိုင်ခြင်းကြောင့် မည်သူတို့အတွက် ရက်တိုသင်တန်းပုံစံများ၊ မည်သူတို့အတွက် အပတ်စဉ်သင်တန်းပုံစံများ ဖြစ်သင့်သည် စသည်ဖြင့်လည်းကောင်း၊

(ဂ) အရပ်သား ပြည်သူများ၏ ပြည်သူ့နီတိ သင်ကြားရေးတွင် အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ မည်သို့မည်ပုံ ဟန်ချက်ညီညီ

သင်ကြားရေး ဖော်ဆောင်ခြင်း၏ ကနဦး ခြေလှမ်းများဖြစ်သကဲ့သို့ အရေးအကြီးဆုံး လုပ်ငန်းစဉ်များလည်းဖြစ်သည်။ ဤ 'ကနဦး ခြေလှမ်းများ' နှင့် 'အရေးအကြီးဆုံး လုပ်ငန်းစဉ်များ' ကို မည်ကာ မတ္တနှင့် အဆောတလျင် မဟုတ်စေဘဲ ကောင်းစွာ အချိန်ယူ၍ စေ့စေ့စပ်စပ် ဆောင်ရွက်သင့်လှသည်။

'အချိန်နှင့်တစ်ပြေးညီ ပြီးစေရန်၊ သတ်မှတ်ကာလအတွင်း ပြီးစေရန်' ဆိုသည့် ယခင်ဆောင်ရွက်နေကျ ပုံစံဟောင်းအတိုင်းလည်း မဖြစ်စေဘဲ၊ ဖင့်ဖင့်လေးလေးနှင့် ကာလများစွာ ကြန့်ကြာ ပြုန်းတီး နေခြင်းလည်း မဖြစ်စေဘဲ ဆောင်ရွက်သင့်သည်။ သို့မဟုတ်ချေ သော် မြေစမ်း ခရမ်းပျိုးရင်းဖြင့် အစမ်းသပ်ခံ သင်ကြားရေးတစ်ခု အဖြစ်သာ တဝဲလည်လည် ဖြစ်နေဦးမည်ကိုလည်း သတိမူမိကြစေ လိုသည်။

'ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်း' ၏ ကနဦးခြေလှမ်း များနှင့် အရေးအကြီးဆုံး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်

---

ပူးပေါင်းဆောင်ရွက်မည်၊ မည်သို့မည်ပုံ အထောက်အပံ့ပြုမည်၊ ပြည်သူ့ နီတိ ပညာရပ်၏ ကဏ္ဍသုံးရပ်လုံး ပါဝင်စေမည့် သင်ကြားရေးဖြစ်လာရန် မည်သို့မည်ပုံ အကောင်အထည်ဖော်မည် စသည်ဖြင့်လည်းကောင်း လိုအပ်ချက်များ၊ ဖြစ်သင့်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာ ဆန်းစစ်၍ 'စံများ' ရှာဖွေသင့်သည်။ တွေ့ရှိလာသည့် ယင်း 'စံများ' အပေါ်တွင် 'မူ' တည်၍ မတူညီသော ပတ်ဝန်းကျင်များ၊ မတူညီသော အခြေခံများရှိနေသည့် နိုင်ငံသားပြည်သူများအတွက် ယင်းတို့၏ ပတ်ဝန်း ကျင်များ၊ အခြေခံများနှင့် လိုက်ဖက်ဆီလျော်ရှိစေမည့် သင်ကြားရေး ပုံစံအမျိုးမျိုး၊ သင်ကြားရေးနည်းလမ်း အထွေထွေနှင့် သင်ရိုးအသီးသီး တို့ကို ရွေးချယ်သတ်မှတ်သင့်သည်။

ပြည်ထောင်စုအစိုးရ အစီအစဉ်ဖြင့် နိုင်ငံတကာနှင့် အာရှနိုင်ငံများ၏ ပြည်သူ့နီတိသင်ကြားရေး (နိုင်ငံသား ပညာရေး သင်ကြားမှု) တို့ကို လေ့လာသုံးသပ်မှုများ ပြုလုပ်ခြင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များကို ဖိတ်ခေါ်၍ ပြည်သူ့နီတိ သင်ကြားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကိုလည်း ထည့်သွင်း ဆောင်ရွက်သင့်သည်။

ပြည်သူ့ဝန်ထမ်း ပညာရှင်များအပြင် **အမျိုးသား အကျိုးစီးပွားကို လိုလားမြော်မြင် ဖြည့်တင်းနိုင်သည့်** ပြည်သူ့ဝန်ထမ်း မဟုတ်သော ပြင်ပ ပညာရှင်များကိုပါ ဦးဆောင် ပါဝင်ခွင့်ပြုလျက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်သည်။ သင်ရိုး၊ ပြဋ္ဌာန်းချက်များ ပြုစုရေးသားသည့်အဆင့်ကို အောင်အောင်မြင်မြင် ပြီးစီး ကျော်လွန်၍ သင်ကြားရေး အထောက်အကူပြု ဆရာလမ်းညွှန် ဆရာလက်စွဲများ၊ သင်ယူမှု အထောက်အကူပြု စာအုပ်များ ပြုစုရေးသားသည့်အဆင့်တွင်မူ ပြည်သူ့နီတိနှင့် သင်ရိုးဆိုင်ရာ ပညာရှင်များကိုသာမက နယ်ပယ်စုံ ဘာသာရပ်စုံ ပညာရှင်များကိုပါ ပါဝင်စေသင့်သည်။

အကြောင်းမှာ ပြည်သူ့နီတိ ပညာရပ်ဝင် 'လူမှုရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ရှိမှု (Social & Moral Responsibility)၊ ရပ်ရွာလူထုအကျိုး သယ်ပိုးမှု (Community Involvement)' ဟူသော ကဏ္ဍနှစ်ရပ်ကို သင်ကြားရာ၌ နီတိကျင့်ဝတ်များ၊ နီတိဥပဒေသများ သက်သက်ကို သင်ကြားပေးခြင်းထက် ယင်းကျင့်ဝတ်များ၊ ဥပဒေသများ တစ်ခုစီတိုင်းအတွက် နီတိပုံဝတ္ထုများ၊ သမိုင်းဖြစ်ရပ်များ၊ ရသဇာတ်လမ်းများကို ကြွယ်ကြွယ်ဝဝ အသုံးပြုလျက် အာဝဇ္ဇာန်းရွှင်ရွှင်

ဖြင့် မှတ်မိစွဲထင်ဖွယ်ဖြစ်အောင် သင်ကြားပေးခြင်းက ပို၍ စိတ်ပါဝင်စားဖွယ်ဖြစ်စေသည်။

ဆရာ ပြောပြသည့် အကြောင်းအရာ ဖြစ်ရပ် ဇာတ်လမ်းတို့အပေါ် တပည့်တို့အနေနှင့် မည်သို့ထင်မြင်သုံးသပ်သည်၊ အတုယူသည်၊ သင်ခန်းစာထုတ်သည်ကို ပြောပြ ဆွေးနွေးစေခြင်း၊ တပည့်တို့၏ ပြောပြ ဆွေးနွေးချက်များအပေါ် ဆရာကလည်း ပြန်လှန်ဆွေးနွေး၍ မည်သို့လျှင် ထင်မြင် သုံးသပ်သင့်သည်၊ အတုယူသင့်သည်၊ သင်ခန်းစာ ထုတ်သင့်သည်ဟု သုံးသပ်ညွှန်ပြကာ အကြောင်းအရာ ဖြစ်ရပ် ဇာတ်လမ်းတစ်ခုကို ဆွေးနွေးပြီးတိုင်း တပည့်တို့၏နှလုံးအိမ်၌ ပြည်သူ့နီတိ ကျင့်ဝတ်တစ်ခု၊ ဥပဒေသတစ်ခု ထင်ကျန်စွဲရစ်အောင် သင်ကြားပေးနိုင်သည်။ ဤသည်မှာ နီတိပုံဝတ္ထုများ၊ သမိုင်းဖြစ်ရပ်များ၊ ရသဇာတ်လမ်းများကို တစ်ချိန် တစ်မျိုး မရိုးရအောင် ကွယ်ကွယ်ဝဝ အသုံးပြုလျက် သင်ကြားပေးနိုင်ခြင်း၏ ထိရောက်မှုပင်ဖြစ်သည်။

ဆရာတို့အနေနှင့် ယင်းကဲ့သို့ သင်ကြားပေးနိုင်ရန်မှာ ကိုယ်တိုင်က စာပေဖတ်ရှုမှု၊ ဗဟုသုတကြွယ်မှု အားကောင်းရန် လိုအပ်သကဲ့သို့ ဆရာတို့၏ ပြည်သူ့နီတိ သင်ကြားရေးကို အထောက်အကူပြုဖြစ်စေမည့် ဆရာလမ်းညွှန်များ၊ ဆရာလက်စွဲများလည်း ရှိထားရမည်။ ယင်း 'ဆရာလမ်းညွှန်များ၊ ဆရာလက်စွဲများ' ၌ သင်ရိုးနှင့်ဆီလျော်သည့် အထောက်အကူပြု နီတိပုံဝတ္ထုများ၊ သမိုင်းဖြစ်ရပ်များ၊ ရသဇာတ်လမ်းများလည်း စုံစုံလင်လင် တခမ်းတနား ပါဝင်ပြည့်စုံစေရန်လည်း လိုအပ်သည်။

ထို့အပြင် ပြည်သူ့နီတိကို ကိုယ်တိုင်ကိုယ်ကျ လေ့လာဆည်းပူး လိုကြသည့် စာပေဝါသနာရှင် နိုင်ငံသားပြည်သူတို့အတွက် ပြည်သူ့နီတိ သင်ယူမှု အထောက်အကူပြု စာအုပ်များကို နီတိပုံဝတ္ထုများ၊ သမိုင်းဖြစ်ရပ်များ၊ ရသဇာတ်လမ်းများ အချိုးတကျ ရောစွက်၍ တခမ်းတနား ပြုစုရေးသားထုတ်ဝေရန်လည်း လိုအပ်သည်။ ယင်းလိုအပ်ချက်များကို အဘက်ဘက်က ပြည့်စုံမှုရှိအောင် ဖြည့်ဆည်းနိုင်ရန် 'သင်ကြားရေး အထောက်အကူပြု ဆရာလမ်းညွှန် ဆရာလက်စွဲများ၊ သင်ယူမှု အထောက်အကူပြု စာအုပ်စာတမ်းများ' ပြုစုရေးသားရာတွင် 'ပြည်သူ့နီတိ' နှင့် 'သင်ရိုး' ဆိုင်ရာ ပညာရှင်များအပြင် နယ်ပယ်စုံ၊ ဘာသာရပ်စုံမှ ပညာရှင်များကိုပါ ပါဝင်စေသင့်ကြောင်း ထင်ရှားသည်။

'ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်း' ၏ ကနဦးခြေလှမ်းများလည်းဖြစ်၊ အရေးအကြီးဆုံး လုပ်ငန်းစဉ်များလည်း ဖြစ်သည့် 'စံများ' ရှာဖွေခြင်း၊ 'တည်ငြိမ် တိကျသော ရွေးချယ် သတ်မှတ်မှု' ပြုခြင်း၊ 'ဘောင်' တည်ဆောက်ခြင်း၊ 'သင်ရိုး၊ ပြဋ္ဌာန်းချက်၊ ဆရာလက်စွဲ၊ သင်ယူမှု အထောက်အကူပြု စာအုပ်များ ပြုစုရေးသားခြင်း' စသည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီးစီးသည့်နောက်တွင်မှ ပြည်သူ့နီတိ ဘာသာရပ်ကို စာသင်ကျောင်းများ၌ သင်ကြား ပို့ချပေးမည့် ဆရာ ဆရာမများ၊ အခြားလူမှုနယ်ပယ်များ၌ သင်ကြားပို့ချပေးမည့် သင်တန်းမှူးများ၊ နည်းပြများ၊ ဦးဆောင် ဆွေးနွေးသူများကို စနစ်တကျ ပြုစုပျိုးထောင် မွေးထုတ်သင့်သည်။

ပြည်သူ့နီတိ သင်ကြားရေး ဖော်ဆောင်ခြင်းနှင့် ပြည်သူ့နီတိ ရှင်သန် ထွန်းကားရေးတို့ကို ဆိုခဲ့သည့်အတိုင်း အကောင်အထည်

ဖော် ဆောင်ရွက်ရန်မှာ ယခင်က တစိုက်မတ်မတ် ရှိလာခဲ့သည့် အစဉ်အလာများ၊ ဆောင်ရွက်ပုံများနှင့် ကွာခြားနေလိမ့်မည်။ 'ခဲယဉ်းသည်၊ အလုမ်းကျယ်သည်၊ ဝန်ပိုသည်' ဟုလည်း ယူဆနိုင်စရာ ရှိနေလိမ့်မည်။ သို့သော် ပြည်ထောင်စု၏ ရေရှည်အကျိုးစီးပွားအတွက် ရည်မျှော်လျှင် ဖြစ်သင့်သည်သာ။ ဖြစ်ခြင်း၊ မဖြစ်ခြင်းမှာ နိုင်ငံတော်၏ အာဏာမဏ္ဍိုင်အဆင့်ဆင့်တို့တွင် ဦးဆောင်နေသူများ၊ မူဝါဒချမှတ်သူများ၊ ဥပဒေပြုသူများအပေါ်၌ မူတည်လျက်ရှိနေသည်။

ထိုသဘာဝကို အယ်ဒီတာ ဦးကျော်မင်းဆွေက -

*'ယနေ့ ဒီမိုကရေစီ အသွင်ပြောင်းကာလမျိုးတွင် နိုင်ငံတော်၏ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအပြင် စိတ်ပိုင်းပါ ဖွံ့ဖြိုးစေရန်အလို့ငှာ အာဏာသုံးရပ် အပါအဝင် စတုတ္ထမဏ္ဍိုင်နှင့် ပဉ္စမမဏ္ဍိုင်တို့တွင် ရှိနေသူအားလုံး ပြည်သူ့နီတိကို လေ့လာသင်ယူကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် ယနေ့ လွှတ်တော်အတွင်း ရောက်ရှိနေကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်း သက်ဆိုင်ရာ နယ်ပယ်အလိုက် ဝန်ကြီးအဖြစ် တာဝန်ယူထားသူများ၊ တရားရေးမဏ္ဍိုင်မှ တာဝန်ရှိသူများ ပြည်သူ့နီတိကို အခြေခံမှစကာ ယခုပင် လေ့လာသင်ယူသင့်လှပါသည်။ သို့မှသာ ပြည်သူ့နီတိသည် နိုင်ငံ တည်ဆောက်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် မည်ရွေ့မည်မျှ အရေးကြီးကြောင်း ကောင်းစွာ သဘောပေါက်လာမည် ဖြစ်ပါသည်။'*[၁]

---

၁။ 'နိုင်ငံကြီးသားများအတွက် ပြည်သူ့နီတိ' (အယ်ဒီတာ့အာဘော်)၊ The Voice Weekly, အတွဲ (၈)၊ အမှတ် (၄၂)၊ ရန်ကုန်၊ ၁၈-၁၀-၂၀၁၂။ http://www.facebook.com/kyawms/posts/10151122732093940

ဟု အယ်ဒီတာ့အာဘော်တစ်ခု၌ ညွှန်းဆိုရေးသားခဲ့သည်။ ဆီလျော်သော ညွှန်းဆိုချက်ပင်ဖြစ်သည်။

အကြောင်းမှာ နိုင်ငံတော်၏ အာဏာမဏ္ဍိုင် အဆင့်ဆင့်တို့တွင် တာဝန် ထမ်းဆောင်နေဆဲ၊ တာဝန်ထမ်းဆောင်လတ္တံ့နှင့် တာဝန်ထမ်းဆောင်ဦးမည်ဟု ရည်မှန်းချက် ရှိထားသူတိုင်း ပြည်သူ့နီတိကို လေ့လာသင်ယူခြင်းအားဖြင့် ကိုယ်တိုင်တို့အတွက်လည်း ပြည်သူ့နီတိ တတ်သိ ကျေပွန်သည့် အုပ်ချုပ်သူကောင်း၊ နိုင်ငံရေးသမားကောင်း၊ ခေါင်းဆောင်ကောင်းများအဖြစ်သို့ တက်လှမ်းရောက်ရှိနိုင်ကြမည်။ နိုင်ငံသား ပြည်သူတို့အတွက်လည်း စံယူစရာ၊ စံပြုစရာ၊ စံပြပုဂ္ဂိုလ်မွန်များ ဖြစ်လာကြမည်။

အာဏာမဏ္ဍိုင်များရှိ ဦးဆောင်သူ၊ မူဝါဒ ချမှတ်သူ၊ ဥပဒေပြုသူများနှင့် ယင်းနေရာများသို့ တက်လှမ်းရန် ရည်မှန်းချက် ရှိထားသူများ ကိုယ်တိုင်က ပြည်သူ့နီတိကို နှလုံးသည်းပွတ် ကိန်းဝပ်ထင်ကျန်အောင် လေ့လာစွဲမြဲပြီးသူများ လိုက်နာကျင့်သုံးနိုင်သူများ၊ ပြည်သူ့နီတိ၏ မွန်မြတ်သော တန်ဖိုးများကို နှစ်နှစ်ကာကာ နားလည်သိရှိသူများအဖြစ်သို့ ပြောင်းလဲလာခြင်းကြောင့် နိုင်ငံတော် တည်ဆောက်ရေးတွင် ပြည်သူ့နီတိ၏ အရေးပါလှသော အခန်းကဏ္ဍကို အသိအမှတ်ပြုကိုးစားလာကြမည်လည်းဖြစ်သည်။

ထိုအခါတွင်မှ 'ပြည်သူ့နီတိ ရှင်သန်ထွန်းကားရေး' နှင့် 'ပြည်သူ့နီတိ သင်ကြားရေး' တို့ကို ထိပ်တန်းအဆင့် အမျိုးသားရေး ရည်မှန်းချက်နှင့် တာဝန်များအဖြစ် ထားရှိဆောင်ရွက်လိုစိတ် ထက်သန်နိုင်ကြမည်လည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ အာဏာ မဏ္ဍိုင် အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်ဆဲ၊ တာဝန်ထမ်းဆောင်လတ္တံ့နှင့် တာဝန်ထမ်းဆောင်ဦးမည်ဟု ရည်မှန်းချက်ရှိထားသူ ပုဂ္ဂိုလ်တိုင်းတို့သည် ပြည်သူ့နီတိ၏ မွန်မြတ်သော တန်ဖိုးများကို နှစ်နှစ်ကာကာ နားလည်ပြီးသူများဖြစ်အောင်၊ ပြည်သူ့နီတိကို နှလုံးသည်းပွတ် ကိန်းဝပ်ထင်ကျန်သည့်တိုင် လေ့လာစွဲမြဲပြီးသူများ လိုက်နာကျင့်သုံးနေသူများလည်းဖြစ်အောင် ယခုကပင် 'ပြည်သူ့နီတိ' ကို အခြေခံမှ စတင်၍ လေ့လာသင်ယူသင့်လှသည်။

ထိုလေ့လာ သင်ယူမှုသည် ပြည်သူ့နီတိ မသိ ကင်းကွာမှုများကြောင့် နေ့စဉ်နှင့်အမျှ တရစပ် ဖြစ်ပေါ်နေသည့် လူ့အဖွဲ့အစည်းအတွင်းမှ စိုးရိမ်သောက ဘေးအန္တရာယ်များ၊ ဆုတ်ယုတ် နိမ့်ကျပျက်စီးမှုများ၊ မလှမပ အကျည်းတန်နေမှုများကို ရုပ်သိမ်း ဖယ်ရှားရာ၌ လေးနက်သောအကြောင်း အထောက်အပံ့လည်း ဖြစ်စေလိမ့်မည်။ ထို့အပြင် ပြည်သူ့နီတိ သင်ကြားရေးနှင့် ရှင်သန်ထွန်းကားရေးတို့အတွက် ခြေလှမ်းကောင်းများ၊ ပုံရိပ်ကောင်းများလည်း ဖြစ်စေလိမ့်မည်။

ဤနည်းအားဖြင့် အာဏာ မဏ္ဍိုင်များ၏ ထိပ်ဆုံးအဆင့်များမှ စတင်၍ ပြည်သူ့နီတိ သင်ကြားရေးနှင့် ပြည်သူ့နီတိ ရှင်သန်ထွန်းကားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုလျှင် ပြည်သူ့နီတိနှင့် ကင်းကွာခဲ့ရခြင်း၏ အကျိုးဆက်များ၊ ဆုတ်ယုတ် နိမ့်ကျမှုများကို ဆယ်စုနှစ် တစ်ခုပင် မကြာနိုင်သော အချိန်ကာလတိုအတွင်းဝယ် အပြီးတိုင် ရုပ်သိမ်းဖယ်ရှားနိုင်မည်ဖြစ်

သည်။ 'ပြည်သူ့နီတိ' တတ်သိကျေပွန်လျက် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသည့် လူ့စွမ်းအားအရင်းအမြစ် မြောက်မြားစွာကို ပိုင်ဆိုင်ထားသော ခံ့ညားလေးစားရသည့် **ပဋိရူပဒေသ ပဋိရူပ ပြည်ထောင်စုကြီး**အဖြစ်သို့ မလွဲမသွေ တက်လှမ်းနိုင်မည် ဖြစ်သည်။

နောက်ဆက်တွဲ (က)

# ပြည်သူ့နီတိ အခြေညှိကြရာဝယ်

ଦ୍ରୁପୀଲ

## ပြည်သူ့နီတိနှင့် ပြည်သူ့နီတိ သင်ကြားရေး

လင်းနိုင်မြင့်
လွှတ်တော်ဒုတိယဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ပြည်သူ့နီတိ အဖြေညှိကြရာဝယ်

ပြည်သူ့နီတိအကြောင်းကို ပြောလိုသည်။ 'ပြည်သူ့နီတိသင်ကြားရေး' ဟု ဆိုလိုက်သည်နှင့် အများစု၏ စိတ်တွင် 'နီတိ' ဆိုသည့် ပါဠိဝေါဟာရနှင့်အတူ 'လောကနီတိ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု၊ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်း' စသည်တို့ကို တွဲဖက် ထင်မြင်လာတတ်ကြသည်။ ရောထွေးယှက်တင် နားလည်သွားတတ်ကြသည်။ ယင်းသို့ နားလည်သွားလောက်စရာ အကြောင်းအချက်များကလည်း ရှိနေခဲ့၊ ရှိနေဆဲ၊ ဆက်ရှိနေဦးမည်ဟု ဆိုရမည်။

ဗြိတိသျှ ကိုလိုနီ လက်အောက်သို့ မကျရောက်သေးမီ ခေတ်တစ်လျှောက်တွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်သာဖြစ်ခဲ့ပြီး ဆင်းရဲသား၏သားမှ အစပြု၍ ဘုရင့်သားတိုင်အောင် ကလေးလူငယ်အားလုံးမှာ ဗုဒ္ဓဘာသာရဟန်းတော်များထံတွင် ပညာသင်ယူ ဆည်းပူးခဲ့ကြရသည်။ ထိုခေတ်က မြန်မာ့ပညာရေး၏ တာဝန်ခံမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများဟုပင် ဆိုနိုင်သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များက အခြေခံအရေးအဖတ် အတွက်အချက်မှစ၍ ဗုဒ္ဓဘာသာ တရားတော်များ

အပါအဝင် နိုင်ငံအုပ်ချုပ်ရေးကို ညွှန်ပြသော ရာဇနီတိ၊ လူ့ယဉ်ကျေးမှုကို ညွှန်ပြသော လောကနီတိ၊ အကျင့်သိက္ခာ စောင့်စည်းမှုကို ညွှန်ပြသော ဓမ္မနီတိ စသည့် နီတိကျင့်ဝတ်များကိုပါ သင်ပြပေးတော်မူကြသည်။ ယင်းသင်ပြမှုများဖြင့်ပင် လူလားမြောက်ကာ ရင့်ကျက်ယဉ်ကျေးခဲ့ကြပြီး ဘဝကိုယ်စီကို ရှုန်းကန်ထူထောင်နိုင်ခဲ့ကြသည်။ ဤသည်က ဟိုယခင်ခေတ်၏ အခြေအနေဖြစ်သည်။

ယခု မျက်မှောက်ခေတ်တွင်လည်း ဗုဒ္ဓဘာသာ ရဟန်းတော်များ ဦးစီး၍ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်းများ ဖွင့်လှစ်ကာ ဗုဒ္ဓဘာသာ လူငယ်ထု၏ စာရိတ္တမဏ္ဍိုင်ကို ထိန်းသိမ်းပြုပြင်ပေးတော်မူကြသည်။ ယင်းသင်တန်းများတွင် ဗုဒ္ဓဘာသာ အခြေခံ တရားတော်များကိုသာမကဘဲ ဆရာရဟန်းတော်များ၏ သင်ပြမှုစွမ်းရည်၊ ဗဟုသုတ စွမ်းရည်နှင့် ခေတ်အမြင် ဖြန့်ကြက်နိုင်စွမ်းရှိမှုတို့အလျောက် ပြည်သူ့နီတိ ဘာသာရပ်မျိုးကိုပါ တွဲဖက် သင်ကြားပေးနေသည်ကို တွေ့ရသည်။ ဤသည်က ယခုခေတ်၏ အခြေအနေ ဖြစ်သည်။ (သို့ရာတွင် ကိုးကွယ် ယုံကြည်ရာ ဘာသာတရားချင်း ကွာခြားမှု၊ ယခင်နှင့် ယခုခေတ်တို့၏ ပညာရေးစနစ်ချင်း ကွာခြားမှုတို့အရ ဗုဒ္ဓဘာသာ ရဟန်းတော်များ ဦးစီးသည့် ယဉ်ကျေးလိမ္မာ သင်တန်းများဖြင့် တစ်ပြည်လုံး လွှမ်းခြုံနိုင်မည့် ပြည်သူ့နီတိ သင်ကြားရေးကို ဖော်ဆောင်နိုင်မည် မဟုတ်ပေ။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ရာ တစ်ရပ်ချင်း တစ်ရွာချင်းအတွက်သာ ဆောင်ရွက်နိုင်လိမ့်မည်။)

ဗုဒ္ဓဘာသာ သင်ကြားမှုနှင့် ပြည်သူ့နီတိ သင်ကြားမှုကို ပိုမို၍ တွဲဖက်ထင်မြင်စေသည်မှာ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဒေသနာတော်များဟု ဆိုရမည်။ ဥပမာဆိုရမူ လူသိများ၍ ထင်ရှားသော မင်္ဂလာ

တရား ၃၈ ပါး၊ သိင်္ဂါလောဝါဒသုတ် စသည်တို့တွင် လူသားတိုင်းနှင့် သက်ဆိုင်ပြီး လူ့အဖွဲ့အစည်းတိုင်းကို သာယာဖြောင့်ဖြူးစေနိုင်သည့် ကျင့်ဝတ် နီတိ ဥပဒေသများ ပါဝင်လျက်ရှိသည်။ ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မည်သူမဆို ကျင့်သုံးနိုင်သည့်၊ ကျင့်သုံးသင့်သည့် ဘဝနေနည်းနှင့် လူကျင့်ဝတ် အဆင့်အတန်း မြင့်မားရေးတို့ကို တိကျသေချာ ပြဆိုထားရာ ဗုဒ္ဓဘာသာ အခြေခံ တရားတော်များ သင်ကြားခြင်းနှင့် နီတိကျင့်ဝတ် သင်ကြားခြင်းတို့မှာ နေရာဌာနအရဖြစ်စေ၊ သင်ကြားမှုပုံစံအရဖြစ်စေ ခွဲခြား၍ မရအောင်ပင် ရောယှက်သွားတော့သည်ဟု ဆိုနိုင်သည်။

ဤအရောအယှက်ကပင် စာသင်ကျောင်းများ၏ ပြည်သူ့နီတိ သင်ကြားရေးပုံစံကို ကမောက်ကမနှင့် မအောင်မမြင် ဖြစ်လာစေတော့သည်။ အကြောင်းမှာ ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားပေးသူ ဆရာတို့ကိုယ်တိုင်က ဗုဒ္ဓဘာသာ အခြေခံ တရားတော်များနှင့် ပြည်သူ့နီတိ ကျင့်ဝတ်များ တွဲဖက်ရောနှော သင်ကြားသည်ကို ခံယူခဲ့ဖူးခြင်း သို့မဟုတ် တွေ့မြင် လေ့လာခံဖူးခြင်းနှင့် ကိုယ်တိုင်က ပြန်လည်သင်ပြရသည့်အခါ၌လည်း ယခင် တွေ့ကြုံဖူးသည့်အတိုင်း တွဲဖက် ရောနှော သင်ပြမိခြင်းပင် ဖြစ်သည်။ တိုင်းရင်းသားလူမျိုး ပေါင်းစုံနှင့် မတူကွဲပြားသော ကိုးကွယ်ယုံကြည်မှု ရှိသူများ ပေါင်းဆုံစုစည်း၍ ပညာသင်ယူရာကျောင်းတွင် ယင်းတို့အားလုံးနှင့် ဆီလျော်သည့် ပြည်သူ့နီတိသက်သက်မျှကို သင်ပြပေးရမည့်အစား မိမိ ကိုးကွယ် ယုံကြည်ရာ ဘာသာတရားကိုပါ ရောနှော ဆက်စပ်၍ သင်ပြမိတော့သည်။ ဤအချက်ကပင် စာသင်ကျောင်းများ၏ ပြည်သူ့နီတိ သင်ကြားရေးကို မအောင်မမြင် ဖြစ်လာစေသည်။

ဤတွင် အဓိက ပြဿနာမှာ 'ပြည်သူ့နီတိ' ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ရောထွေး ယှက်တင် နားလည်နေခြင်းဟု ဆိုရမည်။ ထိုရောထွေးယှက်တင် နားလည်ခြင်းကို ဖြေဖျောက်နိုင်မှသာ ပြည်သူ့နီတိ သင်ကြားရေးသည် ဖြောင့်ဖြောင့်တန်းတန်း အောင်မြင်နိုင်မည်။ ယင်းသို့ အောင်မြင်မှုလည်း လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်နီတိရေချိန် မြင့်တက်လာမည်။ ပြည်သူ့နီတိရေချိန် မြင့်တက်လာပါမှ လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်၏အနာဂတ်မှာ အတက်ဘက်သို့ဦးတည်မည်။

သို့ဖြစ်ရာ ပြည်သူ့နီတိ သင်ကြားရေး ဖြောင့်ဖြောင့်တန်းတန်း အောင်မြင်စေရန်မှာ လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်၏ အနာဂတ် အထိပါ လွှမ်းမိုး သက်ရောက်နေသော အရေးအရာ တစ်ခုဟုပင် ဆိုနိုင်သည်။ ဤအရေးအရာ၏ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းမှာ ပြည်သူ့နီတိကို လက်တွေ့သင်ကြားပေးကြရမည့် ဆရာ ဆရာမတို့ အပေါ်၌ မူတည်နေသည်။ ဆရာ ဆရာမတို့အနေနှင့် 'ပြည်သူ့နီတိ' ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်မှန်ကို ရောထွေးယှက်တင်ခြင်းမရှိ တိတိပပ နားလည်ကြပါလျှင် ပြည်သူ့နီတိ သင်ကြားရေးမှာ အောင်မြင်ရန် နီးစပ်လာပြီဟု ဆိုရမည်။ ထို့ကြောင့် လက်တွေ့သင်ကြားရေး နယ်ပယ်တွင် ရောထွေးယှက်တင်မှုများ မဖြစ်ကြစေရန် 'ပြည်သူ့နီတိ' ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်မှန်နှင့် သဘောသဘာဝကို တိတိပပ နားလည်ဖို့ လိုအပ်သည်။

မြန်မာဝေါဟာရ 'ပြည်သူ့နီတိ' ကို ဝါစင်္ဂအားဖြင့် ခွဲခြားလျှင် 'ပြည်သူ' ဟူသော မြန်မာဝေါဟာရနှင့် 'နီတိ' ဟူသော ပါဠိဝေါဟာရ ကို တွဲစပ်ထားသော ပေါင်းစပ်နာမ်ပုဒ်ဟု ဆိုရမည်။ 'ပြည်သူ့' ဆိုသည့်ပုဒ်မှာ 'အများပြည်သူတို့နှင့် သက်ဆိုင်သော၊ အများပြည်သူ

အတွက်ဖြစ်သော၊ အများပြည်သူတို့ သိသင့် သိထိုက်၊ ကျင့်သင့် ကျင့်ထိုက်သော' ဟု အဓိပ္ပာယ်ရသည်ကို အလွယ်တကူပင် သိနားလည်နိုင်သည်။

ရှင်းရမည်မှာ 'နီတိ' ဆိုသည့် ပါဠိဝေါဟာရဖြစ်သည်။ 'နီတိ' ပုဒ်ကို ပါဠိအဘိဓာန်တွင်တို့တွင် 'ရမိခြင်း၊ ဆောင်ခြင်း၊ ညွှန်ပြခြင်း၊ နည်းလမ်း၊ နည်းပြသောကျမ်း၊ နီတိကျမ်း၊ ပြည်မှုပြည်ရေးကို စီရင်သော အတတ်ပညာ'ဟု ဖွင့်ဆိုသည်။ တစ်ဆက်တည်းဆိုရပါမူ 'နီတိ' ပုဒ်ကို 'ဘာသာတရား သင်ကြားခြင်း၊ ကိုးကွယ်ယုံကြည်မှု သင်ကြားခြင်း' ဟု မည်သည့်ပါဠိအဘိဓာန်တွင်မျှ ဖွင့်ဆိုသည်ကို မတွေ့ရဖူးချေ။ ထို့ကြောင့် နီတိသင်ကြားရေးဆိုသည်မှာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ကြားရေးနှင့် မတူညီကြောင်း၊ ထပ်တူမကျကြောင်း၊ မရောထွေးသင့်ကြောင်း သိနိုင်သည်။ ပို၍ ထင်ရှားတိကျစေရန် ထေရဝါဒ ဗုဒ္ဓဘာသာ၏ ပိဋကတ် ပါဠိတော်ဝင် မိလိန္ဒပဉှာကျမ်းမှ အနည်းငယ် ကောက်နုတ်ဖော်ပြလိုသည်။

မိလိန္ဒပဉှာကျမ်း၏ ဗာဟိရကထာ၌ မိလိန္ဒမင်းအကြောင်းကို ပြဆိုရာတွင် 'အထူးအားဖြင့် ထိုမိလိန္ဒမင်းသည် များစွာသော ကျမ်းဂန်အတတ်တို့ကို သင်ယူအပ်ကုန်၏။ ထိုမင်း သင်ယူအပ်သော ကျမ်းဂန်တို့ဟူသည် အဘယ်နည်း။ (၁) သုတိ- ဝေဒကျမ်း၊ . . . . . (၅) နီတိ- နီတိကျမ်း၊ . . . . (၁၉) ဗုဒ္ဓဝစန- မြတ်စွာဘုရား ပါဠိတော်နှင့်တကွ တစ်ဆယ့်ကိုးပါးသော ကျမ်းအတတ်တို့ကို သင်ယူအပ်ကုန်၏' ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ သာဓကပြလိုရင်းမှာ မိလိန္ဒမင်း သင်ယူထားသည့် ကျမ်းဂန်အတတ်တို့အနက် အမှတ်စဉ် (၅) နီတိကျမ်းနှင့် အမှတ်စဉ် (၁၉) ဗုဒ္ဓဝစန (ဗုဒ္ဓဘာသာ စာပေ၊

ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှု) တို့ကို သီးသန့်စီ ခွဲခြား ဖော်ပြထား ကြောင်းပင်ဖြစ်သည်။ အဘယ်ကြောင့် ခွဲခြား ဖော်ပြထားသနည်း။ မတူသောကြောင့် ခွဲခြားဖော်ပြထားခြင်း ဖြစ်သည်။

ယင်းအပြင် မိလိန္ဒပဉှာကျမ်း မြန်မာပြန်၏ အောက်ခြေမှတ်စု တွင်လည်း နီတိကျမ်းအတတ်နှင့် စပ်လျဉ်း၍ '၅။ နိုင်ငံအုပ်ချုပ်ရေး ကို ညွှန်ပြသော ရာဇနီတိ၊ အမျိုးလေးပါးတို့၏ ယဉ်ကျေးမှုကို ညွှန်ပြ သော လောကနီတိ၊ အကျင့်သိက္ခာ စောင့်စည်းမှုကို ညွှန်ပြသော ဓမ္မနီတိ စသောကျမ်းများ' ဟု ရှင်းလင်း ပြဆိုထားသည်ကို တွေ့ရ သည်။ တစ်ဖန် ဆရာတော် ဦးဩဘာသာဘိဝံသ၏ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းတွင် 'အဋ္ဌာရသသိပ္ပ' ၏ သရုပ်၌ 'တစ်ဆယ့် ရှစ်ရပ်သော အတတ်ပညာမျိုး' ဟု မြန်မာဘာသာ အဓိပ္ပာယ် ပြဆို ထားပြီး ယင်းအတတ်ပညာတို့၏ သရုပ်တွင် သက္ကဋ ဗိသဏုပုရာဏ် ကျမ်းအလို- အမှတ်စဉ် (၁၈) ၌ 'အတ္ထသတ္ထ- ဥစ္စာစည်းစိမ်ရ ကြောင်း၊ လိမ္မာယဉ်ကျေးကြောင်းဖြစ်သော နီတိကျမ်းအတတ်' ဟု လည်းကောင်း၊ ပေါရာဏဒီပနီအလို အမှတ်စဉ် (၅) ၌ 'နီတိ- လူတို့ လိုက်နာ ကျင့်ဆောင်ကြရန် လောကဝတ်တို့ကို ညွှန်ပြသော နီတိ ကျမ်းစုအတတ်' ဟုလည်းကောင်း ပြဆိုထားသည်ကို တွေ့ရသည်။ ဤပြဆိုချက်များဖြင့် 'နီတိ' နှင့် 'ပြည်သူ့နီတိ' ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်မှန်ကို တိတိပပ နားလည်နိုင်မည်ဖြစ်သည်။

နီတိစာပေ၊ နီတိကျမ်း၏ သဘော သဘာဝနှင့် ပတ်သက်၍ 'နီတိ' ဆိုသည့် ဝေါဟာရ၏ မိခင်တိုင်းပြည်ဖြစ်သည့် အိန္ဒိယနိုင်ငံ တွင် ပေါ်ထွန်းခဲ့ပြီး ယနေ့တိုင် ကမ္ဘာ့ဂန္ထဝင် အမွေအနှစ်အဖြစ် စာရင်းဝင်လျက်ရှိသည့် နီတိပုံဝတ္ထုနှစ်ခုအကြောင်းကို မိတ်ဆက်ပေး

လိုသည်။ ပဉ္စတန္တရ နီတိပုံဝတ္ထုနှင့် ဟိတောပဒေသသနီတိ ပုံဝတ္ထု ဖြစ်သည်။ ပဉ္စတန္တရကို ရေးသားသူမှာ ဝိဏှုသမ္မမ အမည်ရှိ နီတိကျမ်းတတ် ဗြာဟ္မဏ ပညာရှိတစ်ဦးဖြစ်သည်။ ဗြာဟ္မဏဆရာကြီးသည် မနု၊ ဗြိဟပ္ပတိ၊ သုက္ကရ၊ ဗျာသ၊ စာဏကျ စသည့် ရှေးဆရာတို့၏ နိုင်ငံရေးရာနှင့် နီတိပညာကျမ်းများကို မွှေနှောက်ကာ တိရစ္ဆာန်ဇာတ်ကောင်များဖြင့် တန်ဆာဆင်ထားသည့် ပဉ္စတန္တရ နီတိပုံဝတ္ထုကို ရေးသားခဲ့ခြင်းဖြစ်သည်။

ပဉ္စတန္တရ နီတိပုံဝတ္ထု ပေါ်ပေါက်ချိန်ကို ဂျာမန်သုတေသီပညာရှင် ဟာတယ်လ်က ဘီစီ ၂ ရာစုဟု သတ်မှတ်ခဲ့သည်။ ဆရာကြီးပါရဂူက ဟာတယ်လ်၏ သတ်မှတ်ချက် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ပဉ္စနန္တရ နီတိပုံဝတ္ထုသည် အေဒီ ၆ ရာစုထက် ရှေးကျရမည်ဟု ခန့်မှန်းခဲ့သည်။ သို့ဆိုလျှင် ပဉ္စတန္တရ၏ သက်တမ်းသည် နှစ်ပေါင်း ၂၂၀၀ နှင့် ၁၄၀၀ အကြားတွင် ရှိသည်ဟုဆိုရမည်။ ပဉ္စတန္တရနှင့် အသွင်တူ ကျော်ကြားသော နီတိပုံဝတ္ထုမှာ ဟိတောပဒေသဖြစ်သည်။ ယင်းကို အေဒီ ၁၀၀၀ ခုနှစ် ဝန်းကျင်ခန့်တွင် နာယရာဏပဏ္ဍိတ အမည်ရှိ ပညာရှင်က ပဉ္စတန္တရကို အခြေခံ၍ ရေးသားခဲ့သည်။ ဟိတောပဒေသ နီတိပုံဝတ္ထု၌ နိုင်ငံရေးပညာကို ပိုမိုဦးစားပေးထားသည်။ ဟိတောပဒေသ၏ သက်တမ်းသည် နှစ်ပေါင်း ၁၀၀၀ ကျော် ရှိခဲ့ပြီဟု ဆိုရမည်။[၁]

---

၁။ ရှေ့ပါလ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြပါရှိခဲ့သည်။
http://www.thevoicemyanmar.com/index.php/perspective/item/3238-ptn

မူရင်း သက္ကတဘာသာရေး ပဉ္စတန္တရ နီတိပုံဝတ္ထုကို အေဒီ ၆ ရာစုတွင် ရှေးဟောင်း ပါရှန်းဘာသာသို့ ပြန်ဆိုခဲ့ပြီး ယင်းရှေးဟောင်း ပါရှန်းဘာသာပြန်မှတစ်ဆင့် အာရဗီ၊ ဟီဗရူး၊ လက်တင်၊ အီတာလျံ၊ အင်္ဂလိပ်ဟု အဆင့်ဆင့်ပင် ဘာသာပြန်ဆိုခဲ့ကြကြောင်း သိရသည်။ ၁၂ ရာစု၌ အာရဗီဘာသာပြန် ပဉ္စတန္တရကို ဖာရစီ (ပါရှန်း) ဘာသာသို့ ပြန်ဆိုခဲ့ရာ ယင်းဖာရစီဘာသာပြန်မှ ပြင်သစ်ဘာသာ အပါအဝင် ဘာသာအများအပြားသို့ အဆင့်ဆင့် ဘာသာပြန်ကြသည်။ အခြား ပြင်သစ်ဘာသာပြန်မူတစ်ခုမှ တစ်ဆင့် ဂရိ၊ ဟန်ဂေရီ၊ ပိုလန်၊ ဒတ်ချ်၊ ဆွီဒင်၊ ဂျာမန် ဘာသာပြန်တို့ ထပ်မံ ပေါ်ထွက်ခဲ့သည်ဆို၏။

ဤသို့ဖြင့် ပဉ္စတန္တရ နီတိပုံဝတ္ထုမှာ ကမ္ဘာ့ဘာသာစကားပေါင်း ၅၀ ကျော်ဖြင့် အများဆုံး ဘာသာပြန်ဆိုခြင်း ခံရသည့် ကမ္ဘာ့ဂန္ထဝင် နီတိပုံဝတ္ထု ဖြစ်ခဲ့သည်။ ထို့အတူပင် ပဉ္စတန္တရကို မှီငြမ်းထားသော ဟိတောပဒေသသည်လည်း ဘာသာပေါင်းများစွာသို့ ပြန်ဆိုခြင်းခံခဲ့ရပြီး အထင်ရှား အကျော်ကြားဆုံး အိန္ဒိယ ဂန္ထဝင် နီတိပုံဝတ္ထုအဖြစ် ကမ္ဘာကျော်ခဲ့သည်။ (ယင်းနီတိပုံဝတ္ထု နှစ်ခုကို ဆရာကြီး ပါရဂူက မြန်မာဘာသာ ပြန်ဆိုထားသည်။)

နီတိဆိုသည့် အမည်နာမကို သုံးစွဲမထားသော်လည်း နီတိစာပေကဲ့သို့ပင် လောကအမြင်၊ အသိဉာဏ်နှင့် စိတ်နေ သဘောထားကို ရင့်ကျက်သိမ်မွေ့ မြင့်မားစေသည်မှာ အမျိုးသားပညာဝန် ဆရာကြီး ဦးဖိုးကျား၏ 'မြန်မာ့ဂုဏ်ရည် သူရဲကောင်းများ'၊ စာရေးဆရာဝန်ကြီးချုပ် ဦးနု၏ 'မိတ္တဗလဒီကာ'၊ မြန်မာစာအဖွဲ့ဦးစီးဌာန၏ 'အလိမ္မာပုံဝတ္ထုများ'၊ ဆရာဖေမြင့်၏ 'နှလုံးသား အာဟာရ ရသစာစုများ' စသည့်စာပေများဖြစ်သည်။ နီတိစာပေ၊ နီတိကျမ်း၏ သဘော

သဘာဝနှင့် စပ်လျဉ်း၍ ဤမျှ ပြောရခြင်း၏ ရည်ရွယ်ချက်မှာ နီတိဟူသည် ဘာသာရေးစာပေ မဟုတ်၊ နီတိကို သင်ကြားခြင်းသည် ဘာသာတရားကို သင်ကြားခြင်း မဟုတ်ကြောင်း သိစေလို၍ ဖြစ်သည်။

ရှင်းပါဦးမည်။ ကမ္ဘာကျော်သည့် ပဉ္စတန္တရနှင့် ဟိတောပဒေသ နီတိပုံဝတ္ထုတို့၏ မူရင်းစာရေးဆရာတို့သည် အိန္ဒိယနိုင်ငံသား ဟိန္ဒူ ဗြာဟ္မဏဘာသာဝင်များဖြစ်ကြသည်။ သို့ရာတွင် ၎င်းတို့ ရေးသား (သင်ပြ) သည့် နီတိစာပေသည် ဟိန္ဒူဗြာဟ္မဏ ဘာသာရေးစာပေ မဟုတ်။ ဟိန္ဒူဗြာဟ္မဏဘာသာဆိုင်ရာ သင်ကြားချက်များမဟုတ်။ ဘာသာရေးမဆန်။

ထို့အတူပင် မိတ္တဗလဋ္ဌိကာ၏ မူရင်းစာရေးသူ (မိတ္တဗလဋ္ဌိကာ နည်းလမ်းများကို ဟောပြောပို့ချသူ) ဒေးလ် ကာနက်ဂျီသည် ခရစ်ယာန် ဘာသာဝင်ဖြစ်သည်။ သို့သော် သူ၏ မိတ္တဗလဋ္ဌိကာသည် ခရစ်ယာန် ဘာသာရေးစာပေ မဟုတ်။ ခရစ်ယာန်ဘာသာဆိုင်ရာ သင်ကြားချက်များမဟုတ်။ ဘာသာရေးမဆန်။ ယင်းသို့ ဘာသာရေး မဆန်သောကြောင့်ပင် ၎င်းတို့ ရေးသားသမျှသော၊ ၎င်းတို့ သင်ကြား ညွှန်ပြသော လောကအမြင် ဥပဒေသများကို လူမျိုးမရွေး၊ ဘာသာမရွေးတို့က လွယ်လင့်တကူပင် နှစ်သက်လက်ခံကြသည်။

၎င်းတို့၏ သင်ကြားညွှန်ပြမှုကြောင့် လူမျိုးမရွေး၊ ဘာသာမရွေး စာဖတ်သူ (တပည့်) တို့၏ လောကအမြင် အသိဉာဏ်နှင့် စိတ်နေသဘောထားများ ရင့်ကျက်သိမ်မွေ့ မြင့်မားလာခဲ့သည်။ ဤသည်မှာပင် နီတိသင်ကြားရေး နည်းစနစ်အမှန်ဖြစ်သည်။ အကယ်၍ ဝိဏှုသမ္မ၊ နာယရာဏ ပဏ္ဍိတ၊ ဒေးလ် ကာနက်ဂျီတို့သည် ၎င်းတို့၏

စာပေလက်ရာ (သင်ကြားရေးပုံစံ) တို့တွင် လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံခဲ့မည်၊ လူမျိုး၊ ဘာသာတရား၊ ကိုးကွယ်ယုံကြည်မှု တစ်ခုခုနှင့် နှီးနှောခဲ့မည်ဆိုလျှင် ၎င်းတို့ကိုယ်တိုင်မှာ နီတိဆရာကောင်းများ ဖြစ်လာနိုင်စရာအကြောင်း မရှိနိုင်သကဲ့သို့ ၎င်းတို့၏ စာပေ (သင်ကြားချက်) များမှာလည်း လူမျိုးမရွေး၊ ဘာသာမရွေးသော ကမ္ဘာ့လူဦးရေ အမြောက်အမြားတို့က နှစ်သက်လက်ခံသည့် ကမ္ဘာ့ဂန္ထဝင်များ၊ နီတိကောင်းများ ဖြစ်လာနိုင်စရာအကြောင်းမရှိချေ။

ဤကိုးကားချက်နှင့် နှီးနှောချက်တို့ကို ထောက်ဆ၍ နီတိ ဆိုသည်မှာ ဘာသာတရားမဟုတ်ကြောင်း၊ ပြည်သူ့နီတိ သင်ကြားရေးဆိုသည်မှာလည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ကြားရေးနှင့် မတူညီကြောင်း၊ ထပ်တူမကျကြောင်း၊ မရောထွေးသင့်ကြောင်းကို ထင်ရှားတိကျ သိနိုင်သည်။

တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်း နေထိုင်ပြီး မတူညီသည့် ဘာသာတရားနှင့် ကိုးကွယ် ယုံကြည်မှုများ ရှင်သန် ထွန်းကားသည့် တိုင်းပြည်တစ်ခုတွင် ပြည်သူအားလုံးနှင့် စပ်ဆိုင်သည့် ပြည်သူ့နီတိကို သင်ကြားပြပေးမည့် ဆရာတို့သည် လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံ၍ သင်ကြားမည်၊ လူမျိုး၊ ဘာသာတရား၊ ကိုးကွယ်ယုံကြည်မှု တစ်ခုခုနှင့် နှီးနှော၍ သင်ကြားမည်ဆိုလျှင် သင်ကြားပြသသူ ဆရာမှာ ပြည်သူ့နီတိ ဆရာကောင်း မဖြစ်နိုင်သကဲ့သို့ သူ၏ သင်ကြားချက်များမှာလည်း ပြည်သူ့နီတိ မဖြစ်နိုင်ကြောင်းကို ဆရာတို့ကိုယ်တိုင် ဦးစွာသိနားလည်သင့်ပေသည်။

ထို့အတူပင် မတူကွဲပြားသည့် ကိုးကွယ်ယုံကြည်မှုများ ရှိကြမည့် ကျောင်းသားလူငယ်များ ပေါင်းဆုံ စုစည်းရာဖြစ်ပြီး တစ်ပြည်လုံး

လွှမ်းခြုံ တည်ရှိနေသော စာသင်ကျောင်းများတွင် အသုံးပြုရမည့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းများသည် လူမျိုး၊ ဘာသာတရား၊ ကိုးကွယ် ယုံကြည်မှု တစ်ခုခုကို လုံးဝပင် ကိုယ်စားမပြုသင့်ပေ။ ပြည်သူ့နီတိ သင်ကြားရေး ပုံစံသည်လည်း လူမျိုး၊ ဘာသာတရား၊ ကိုးကွယ်ယုံကြည်မှု တစ်ခုခုနှင့် မနီးနှောသင့်ပေ။ လူမျိုး၊ ဘာသာ တရား၊ ကိုးကွယ်ယုံကြည်မှု တစ်ခုခုနှင့် နှီးနှောသင်ကြားပါမူ ယင်းကို ပြည်သူ့နီတိ သင်ကြားခြင်းဟု မခေါ် ဆိုနိုင်တော့ချေ။ လူမျိုး၏ ဓလေ့ ထုံးတမ်း အစဉ်အလာကိုသင်ကြားခြင်း၊ ဘာသာတရားကို သင်ကြား ခြင်းဟုသာ ဆိုရမည်။ ဤသည်မှာ လူမျိုးဆိုင်ရာ ဓလေ့ထုံးတမ်း အစဉ်အလာ၊ ဘာသာတရား၊ ကိုးကွယ်ယုံကြည်မှုများနှင့် ပြည်သူ့ နီတိကို စည်းခြား၍ နားလည်နိုင်ရန် ပိုင်းခြားရခြင်း ဖြစ်သည်။ ဤ အချက်ကို လက်တွေ့သင်ကြားရေးနယ်ပယ်မှ ဆရာ ဆရာမတို့ အနေနှင့် အလေးအနက် သတိပြုမိစေလိုသည်။

စင်စစ်တွင် ပြည်သူ့နီတိ ဘာသာရပ်ဆိုသည်မှာ လူမျိုးအသီးသီး၊ ကိုးကွယ်ယုံကြည်မှု အထွေထွေဖြင့် ခြားနားလျက်ရှိနေသော ပြည်သူ တို့၏ နေ့စဉ်ဘဝနှင့် အသက်တာတစ်လျှောက်လုံးတွင် တူညီသော စံသတ်မှတ်ချက်များအဖြစ် အမြတ်တနိုး ပြုမူကျင့်သုံးလျက် စောင့် ထိန်းသွားရမည့် အများဆိုင် ယဉ်ကျေးမှုနှင့် ကျင့်ဝတ်သိက္ခာ စောင့် စည်းမှုတို့ကို ညွှန်ပြသော ဘာသာရပ်ဖြစ်သည်ဟု ဆိုရမည်။

ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းများသည် ပြည်သူပြည်သားတိုင်း ကို နိုင်ငံကြီးသား ပီသစေသော၊ လူကြီးလူကောင်း ပီသစေသော၊ ယဉ်ကျေးသိမ်မွေ့စေသော၊ ကိုယ်ကျင့်သိက္ခာပိုင်း မြင့်မားစေသော၊ တစ်ဦးချင်းစီ၏ တာဝန်၊ ကျင့်ဝတ်နှင့် လွတ်လပ်ခွင့်ကို နားလည်

လေးစားတတ်စေသော၊ မတူကွဲပြားသူများအချင်းချင်း အပြန်အလှန် လေးစားတတ်မှုနှင့် တန်ဖိုးထားတတ်မှုကို ပြည့်ဝစေသော၊ ခွဲခြား ဖိနှိပ်မှုနှင့် အဂတိ လိုက်စားမှုကို ရှက်စရာလုပ်ရပ်ဟု သိမြင် ခံယူ တတ်စေသော သင်ရိုးညွှန်းတမ်းများသာ ဖြစ်သင့်သည်။ တစ်ပြည် လုံး လွှမ်းခြုံ တည်ရှိနေသော စာသင်ကျောင်းများ၏ ပြည်သူ့နီတိ သင်ကြားရေးပုံစံသည်လည်း ယင်းရည်ရွယ်ချက်များကို ထမြောက် အောင်မြင်စေနိုင်သည့် သင်ကြားရေး ပုံစံမျိုးသာ ဖြစ်သင့်သည်။ ဖြစ်ချိန်တန်ပြီ။

ယင်းသို့သော ပြည်သူ့နီတိ သင်ကြားရေးပုံစံမျိုးဖြင့် တစ်ပြည်လုံး တစ်ပြေးညီ ဖြစ်လာစေရန်မှာ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသည့်နှယ် မိမိကျောင်းအလိုက် သီးခြား အစီအစဉ် များဖြင့် မြေစမ်း ခရမ်းပျိုး ဆောင်ရွက်နေ၍ကား မရနိုင်ပေ။ ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်က ဖြစ်စေ၊ လွှတ်တော် နှစ်ရပ်ကဖြစ်စေ အမျိုးသားအဆင့် လုပ်ငန်းစဉ် တစ်ရပ်အဖြစ် သတ်မှတ်၍ စီစဉ်ဆောင်ရွက်သင့်၏။

သင်ရိုးညွှန်းတမ်း ရေးဆွဲရာတွင် ပြည်သူ့နီတိ ဘာသာရပ်ကို အကျွမ်းတဝင်ရှိသော ပညာရှင်များကသာ ဦးဆောင်ရေးဆွဲခြင်းမျိုး လည်း ဖြစ်သင့်သည်။ တိုင်းရင်းသား ပြည်သူတို့ထံမှ ပြည်သူ့နီတိ ဆိုင်ရာ အကြံပြုလွှာများကိုလည်း တောင်းခံရယူ၍ သင့်လျော်သည့် အကြံပြုချက်များကို သင်ရိုးညွှန်းတမ်း ရေးဆွဲရာတွင် ထည့်သွင်း စဉ်းစားသွားသင့်သည်။

ဤအမြင်ကို လက်ခံပေးရန် တွန့်ဆုတ်နေသူများကမူ တိုင်းပြည် ၏ ပညာရေးစနစ်နှင့် စာသင်ကျောင်းများတွင် စနစ် ကျနသည့်

ပြည်သူ့နီတိ ဘာသာရပ် ထည့်သွင်းသင်ကြားခြင်း၊ မသင်ကြားခြင်းသည် နိုင်ငံနှင့်ချီနေသည့် အခြားကိစ္စရပ်များလောက် အရေးမကြီး၊ အရေးမပါသော သာမန်ကိစ္စငယ်လေးအဖြစ် သဘောထားကောင်းထားကြလိမ့်မည်။ ယင်းသဘောထားမျိုးမှာ တိုင်းပြည်နှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်အရေးကို ထည့်တွက် မြော်မြင်ခြင်း မရှိဘဲ လတ်တလော အကျိုးစီးပွားကိုသာ အရအမိ ဆုပ်ကိုင်လိုသူတို့၏ ဖြေဆည်ရာ ဆင်ခြေဆင်လက် တစ်မျိုးသာဖြစ်သည်။ တိုင်းပြည်နှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်အရေးကို ထည့်တွက်မြော်မြင်ခြင်း ရှိခဲ့ပါမူ ပြည်သူ့နီတိ ဘာသာရပ် သင်ကြားရေးကို အရေးကြီးသော၊ အရေးပါသော ကိစ္စရပ်တစ်ခုအဖြစ် ထည့်သွင်း လက်ခံရမည်သာဖြစ်သည်။

တစ်ပြည်လုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်၍ စနစ်ကျနသည့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း ရေးဆွဲပြဋ္ဌာန်းခြင်း မပြုနိုင်သေးလျှင် သို့မဟုတ် ပြုဖို့ရန် စိတ်မဝင်စားသေးလျှင် စာသင်ကျောင်းများ၏ ပြည်သူ့နီတိ သင်ကြားရေးမှာ မအောင်မမြင် ဖြစ်လျက်ပင် ရှိနေဦးမည်။ တစ်ပြည်လုံးကို လွှမ်းခြုံ တည်ရှိနေသည့် စာသင်ကျောင်းများ၌ ပြည်သူ့နီတိ သင်ကြားရေး မအောင်မမြင် ဖြစ်နေသည်နှင့်အမျှ တိုင်းပြည်တစ်ဝန်းရှိ လူ့အဖွဲ့အစည်းများအတွင်းဝယ် ပြည်သူ့နီတိ ရေချိန် နိမ့်ကျနေလိမ့်ဦးမည်။

ပြည်သူ့နီတိ ရေချိန် နိမ့်ကျနေသည့် လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်တစ်ခု၏ အနာဂတ်မှာ အကျဘက်သို့သာ ဦးတည်နေသည်။ ကျလွန်းမက ကျလာသည့်အခါတွင်မှ စတင် စဉ်းစားမည်၊ ထည့်သွင်းစဉ်းစားမည် ဆိုခဲ့လျှင် အလွန် နောက်ကျသွားလိမ့်မည်။

နောက်ကျ မခံသင့်သည့်အချိန်သို့ ရောက်နေပြီဖြစ်ကြောင်း မူဝါဒ ချမှတ်သူများ၊ မူဝါဒ ချမှတ်ရသည့် နေရာအဆင့်သို့ တက်လှမ်းလိုသူများ အလေးတမူ သတိပြုမိစေလိုရင်းဖြစ်သည်။[၁]

၁။ ရှုပေါလ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြပါရှိခဲ့သည်။
http://www.thevoicemyanmar.com/index.php/perspective/item/3240-ptn

နောက်ဆက်တွဲ (ခ)

# ကမ္ဘာလုံးဆိုင်ရာ ပညာရေးဖိုရမ် (၂၀၁၅) မှ ပေါ်ထွက်လာသော အင်ချွန်း ကြေညာချက်

လင်းနိုင်မြင့်
လွှတ်တော်ဒုတိယဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ကမ္ဘာလုံးဆိုင်ရာ ပညာရေးဖိုရမ် (၂၀၁၅) မှ ပေါ်ထွက်လာသော အင်ချွန်း ကြေညာချက်

၁။ တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့တွင် ၂၀၁၅ ခုနှစ် မေလတွင် ကျင်းပသည့် ကမ္ဘာ့ပညာရေးဖိုရမ် (WEF 2015) သို့ နိုင်ငံအသီးသီးမှ ဝန်ကြီးများ၊ အစိုးရခေါင်းဆောင်များနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ အဖွဲ့အစည်းများမှ အကြီးအကဲများနှင့် နိုင်ငံစုံ အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံချင်း ဆက်ဆံနေကြသော အဖွဲ့အစည်းများမှ အရာရှိများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်ကြီးများ၊ သင်ကြားရေးဘက်မှ ဆရာ၊ ဆရာမများ၊ လူငယ်များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက UNESCO အဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ဖိတ်ကြားချက်ဖြင့် စုဝေး တက်ရောက်လာခဲ့ကြသည်။ ယခု ကမ္ဘာ့ပညာရေးဖိုရမ်ကဲ့သို့ အရေးကြီးသော အစည်းအဝေးတစ်ရပ်ကို လက်ခံ ကျင်းပပေးခဲ့ကြသည့် တောင်ကိုရီးယား အစိုးရနှင့် ပြည်သူများကိုလည်းကောင်း၊ ဖိုရမ် အထမြောက်ရေးတွင် ပါဝင်ခဲ့ကြသည့် UNICEF၊ ကမ္ဘာ့ဘဏ်၊ UNFPA, UNDP, UN Women နှင့် UNHCR တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားအပ်ပါသည်။ ခရစ်နှစ် ၂၀၃၀ ထိ ရည်မှန်းသော ပညာရေး အစီအစဉ်အတွက် ဤသမိုင်းဝင် ပညာရေးဖိုရမ်တစ်ရပ်ကို ဦးဆောင်ကျင်းပသော ယူနက်စကိုအဖွဲ့ကြီး၏ အားထုတ်မှုကိုလည်း လှိုက်လှဲစွာ အသိအမှတ်ပြုပါသည်။

## အင်ချွန်း ကြေညာချက်

၂။ 'လူတိုင်းအတွက် ပညာရေး' လှုပ်ရှားမှုကြီးသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ပညာရေးအတွက် အရေးအပါဆုံးသော အင်အားစိုက်ထုတ်မှုကြီးတစ်ရပ်လည်းဖြစ်သည်။ ရလဒ်အားဖြင့်လည်း ပညာရေးတွင် သိသိသာသာ တိုးတက်လာအောင် အထောက်အကူပြုခဲ့သည်။ ၁၉၉၀ ခုနှစ် ဂျွန်တီယမ်တွင် သဘောတူ ထောက်ခံခဲ့ပြီး ၂၀၀၀ ခုနှစ် ဒါကာတွင် ဆက်လက်ခိုင်မာစေခဲ့သော 'လူတိုင်းအတွက် ပညာရေး' ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကြီးကို မမှိတ်မသုန် ဆက်လက်အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ယနေ့အခမ်းအနားက ကြေညာလိုက်ရပါသည်။ ထို့ပြင် ပညာသင်ယူခွင့် ရရှိနိုင်ရန်နှင့် အခြားသော ပညာရေးနှင့် ဆက်စပ်နေသည့် အခွင့်အရေးများ ရပိုင်ခွင့်ရှိရန် သတ်မှတ်ပြဋ္ဌာန်းပေးထားသည့် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များနှင့် ဒေသလုံးဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များ၊ အခြားသော ပညာရေးနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးများကို ပြဋ္ဌာန်းထားသော စာချုပ်များကို လိုက်နာဆောင်ရွက်ရန်လည်း ရည်မှန်း အားထုတ်သွားကြမည်ဖြစ်သည်။ ယခုအချိန်အထိ ရရှိခဲ့သော အောင်မြင်မှုများကို မိမိတို့အနေဖြင့် အသိအမှတ်ပြုကြရမည်ဖြစ်သည်။ သို့သော် တစ်ဖက်တွင်လည်း ပညာရေးသည် လူသားတိုင်းအတွက် ဖြစ်လာရန်မှာ အလှမ်းဝေးလှသေးသောကြောင့် စိုးရိမ်ပူပန်စရာများ ရှိနေသေးကြောင်း ဝန်ခံရပေမည်။

၃။ ကမ္ဘာလုံးဆိုင်ရာ လူသားတိုင်းအတွက် ပညာရေး အစည်းအဝေး (၂၀၁၄) တွင် ပညာရေးကဏ္ဍအတွက် ညှိနှိုင်းတိုင်ပင်မှုများ ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပြီး မတ်စကတ် သဘောတူညီချက်ကို အတည်ပြုနိုင်ခဲ့သည်။ မတ်စကတ် သဘောတူညီချက်တွင် ရေရှည်ခံ ဖွံ့ဖြိုးရေး မျှော်မှန်းချက် (SDGs) အတွက် ပြင်ဆင်နေကြသော နိုင်ငံစုံ စုပေါင်း ဆွေးပွဲများမှ ပေါ်ထွက်လာသည့် ပညာရေးဆိုင်ရာ လုပ်ငန်းလျာထားချက်များကိုလည်း

ထည့်သွင်းနိုင်ခဲ့ကြသည်။ ဤအတောအတွင်း ၂၀၁၅ နောက်ပိုင်း ပညာရေး ကဏ္ဍအတွက် ကျင်းပခဲ့ကြသော ဒေသတွင်း ဝန်ကြီးအဆင့် ကွန်ဖရင့်များလည်း ရှိခဲ့ကြပါသည်။ 'လူသားတိုင်းအတွက် ပညာရေး' အကဲဖြတ် အစီရင်ခံစာများမှ ၂၀၁၅ တွင်ပါရှိသော သုတေသနတွေ့ရှိချက်များနှင့် 'လူသားတိုင်းအတွက် ပညာရေး' ဒေသဆိုင်ရာ အနှစ်ချုပ်အစီရင်ခံစာများမှ တင်ပြချက်များကိုလည်း မှတ်သားခဲ့ကြရသည်။ ထို့ပြင် 'ကမ္ဘာလုံးဆိုင်ရာ ပညာရေးသည် ပထမ အစီအစဉ်' (The Global Education First Initative) ကြောင့် ပေါ်ပေါက်လာသော တိုးတက်မှုများနှင့် အစိုးရ အသီးသီး၏ အားပေးမှုကိုလည်းကောင်း၊ ဒေသလုံးဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ချက်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပညာရေးအတွက် အင်တိုက်အားတိုက် ပါဝင် ဆောင်ရွက်ခဲ့ကြသည်ကိုလည်းကောင်း မှတ်တမ်းတင်အပ်ပါသည်။

၄။ ၂၀၀၀ ခုနှစ်ကတည်းက စတင်ခဲ့သော Education for All (EFA) ရည်မှန်းချက်များနှင့် ထောင်စုနှစ်ရည်မှန်းချက်များထဲမှ ပညာရေးဆိုင်ရာ ပန်းတိုင်များဆီသို့ ချီတက်ကြရာတွင် တိုးတက်မှုများရှိခဲ့သည့်အလျောက် မှတ်သားလောက်စရာ သင်ခန်းစာများလည်း ရရှိခဲ့ပါသည်။ အင်ချွန်းတွင် လက်ရှိရင်ဆိုင်နေရဆဲ အခက်အခဲများကို သုံးသပ်မိသလို လက်ရှိပြုစုထားသော ၂၀၃၀ ပညာရေး အာဂျင်ဒါအပေါ်တွင်လည်း သဘောတူညီမှုရအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့ပြင် ရှေ့လုပ်ငန်းစဉ်များအတွက် မူဘောင်များ ချမှတ်နိုင်ခဲ့ခြင်းနှင့်အတူ အနာဂတ်တွင် ဦးစားပေး ဆောင်ရွက်ကြရမည့်ကိစ္စများ၊ ရည်မှန်းချက်များ အောင်မြင်စွာ ဖော်ဆောင်နိုင်ရန် မဟာဗျူဟာများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ယခုကြေညာချက်ကို သဘောတူထုတ်ပြန်လိုက်ပါသည်။

## ၂၀၃၀ သို့ ဦးတည် ပညာရေး ရည်မှန်းချက်များ ဖော်ဆောင်မည်

၅။ ကျွန်ုပ်တို့၏ ယုံကြည်မျှော်မှန်းချက်များတွင် လူသားတို့၏ဘဝကို ပညာရေးဖြင့် မြှင့်တင်ပေးရန်၊ ဖွံ့ဖြိုးရေးအတွက် ပညာရေးမှာ အရေးကြီးသည့် တွန်းအားတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုရန်၊ လက်ရှိပြင်ဆင်နေကြသည့် အနာဂတ် ရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက် (SDGs) များ ပြည့်မီရန်တို့ ဖြစ်ကြသည်။ ကျွန်ုပ်တို့အတွက် တစ်ခုတည်းသော ပညာရေးအာဂျင်ဒါ အသစ်တစ်ခု ပေါ်ထွက်လာရန် အရေးတကြီး လိုအပ်နေပြီး ထိုအာဂျင်ဒါသည် ခြုံငုံသည့်သဘောရှိသော၊ ရည်မှန်းချက် ကြီးမားသော၊ စိတ်အားတက်ကြွမှု ပေးနိုင်သော၊ အားလုံး တစ်ယောက်မကျန် ပါဝင်နိုင်သော အာဂျင်ဒါ ဖြစ်ရမည်။ ထိုလိုလားချက်များမှာ ရေရှည်ဖွံ့ဖြိုးရေး မျှော်မှန်းချက် (၄) SDG-4 တွင် ဖော်ပြထားသည့် အားလုံးပါဝင်နိုင်သော၊ တန်းတူညီတူဖြစ်သော အရည်အသွေးပြည့် ပညာရေးရရှိရန်နှင့် လူတိုင်း ဘဝတွင် စဉ်ဆက်မပြတ် သင်ယူနိုင်သော အခွင့်အရေးကို မြှင့်တင်ပေးနိုင်ရန်ဆိုသည့် ရည်မှန်းချက်နှင့်လည်းကောင်း၊ ယင်းနှင့် စပ်ဆိုင်နေသော လျာထားချက်များနှင့်လည်းကောင်း ပြည့်ဝစွာကိုက်ညီလျက်ရှိနေပေသည်။ ထိုရည်မှန်းချက်မှာ တစ်ကမ္ဘာလုံးနှင့် ဆိုင်သလို ပြုပြင်ပြောင်းလဲခြင်း အရှိန်အဟုန်လည်း ရှိသည်။ မရောက်ရှိခဲ့ရသော EFA အာဂျင်ဒါနှင့် ထောင်စုနှစ် ရည်မှန်းချက်များထဲမှ ပညာရေးပန်းတိုင်များကို အလေးထားရာ ရောက်သည်။ လက်ရှိတွင် နိုင်ငံတကာအဆင့်တွင်လည်းကောင်း၊ တစ်နိုင်ငံချင်းစီတွင်လည်းကောင်း ရင်ဆိုင်နေရသော ပညာရေးနယ်ပယ်မှ စိန်ခေါ်မှုများကိုလည်း ကိုင်တွယ်နိုင်မည်ဖြစ်သည်။ ပညာရေးကို လူသားဂုဏ်ရည်ကို အခြေခံသောလမ်းစဉ်ဖြင့် ပြုပြင်ပြောင်းလဲလိုခြင်းဖြစ်သလို ဖွံ့ဖြိုးရေးကိုလည်း လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့အပေါ် တွင် တည်ဆောက်လိုသည့်ဆန္ဒများမှ ပေါ်ထွက်လာခဲ့သည်။ လူမှုဘဝ တရားမျှတမှု၊ တစ်ယောက်မကျန် ပါဝင်နိုင်မှု၊ လူသားတို့အတွက် အကာအကွယ်ရှိမှုတို့နှင့်

အတူ ယဉ်ကျေးမှုအရ ဘာသာစကားအရ လူမျိုးအရ စုံလင်ကွဲပြားမှုရှိခြင်း အပေါ် အခြေခံသည်။ ထို့အတူ ခွဲဝေ တာဝန်ယူမှု၊ တာဝန်ခံခြင်းရှိမှု သဘောလည်း ပါသည်။ ပညာရေးသည် ပြည်သူတို့ ရသင့်ရထိုက်သော အရာဖြစ်ပြီး အခြေခံ လူ့အခွင့်အရေးလည်းဖြစ်သည်။ အခြားရပိုင်ခွင့်များ ကို ခံစားနိုင်ရန်အတွက် ပံ့ပိုးပေးသောအရာလည်းဖြစ်သည်။ ပညာရေး မကောင်းလျှင် မငြိမ်းချမ်းနိုင်သလို သည်းခံစိတ်လည်း နည်းကြပေမည်။ ပြည့်ဝသော နိုင်ငံသားများလည်း မဖြစ်နိုင်၊ ရေရှည်ဖွံ့ဖြိုးရေးနှင့်လည်း ဝေးပေလိမ့်မည်။ ပညာရေးအားဖြင့်သာ အလုပ်အကိုင် အပြည့်အဝ ရရှိ နိုင်ပြီး ဆင်းရဲမွဲတေမှုကိုလည်း ပပျောက်အောင် ဆောင်ရွက်နိုင်မည်။ ဘဝ တစ်သက်တာ စဉ်ဆက်မပြတ် ပညာရေးလမ်းတစ်လျှောက်တွင် လူတိုင်းက ပညာကို လွယ်လွယ်ကူကူ ချဉ်းကပ်နိုင်စေရန်၊ ခွဲခြားမျက်နှာလိုက်ခြင်း ကင်းစေရန်၊ လူတိုင်း ပါဝင်နိုင်စေရန်၊ အရည်အသွေးပြည့်ဝစေရန်၊ ပညာ သင်ယူမှု၏ အကျိုးကျေးဇူးကို ခံစားခွင့်ရစေရန် ကျွန်ုပ်တို့ ရည်သန် အားထုတ်သွားကြမည်ဖြစ်သည်။

၆။ လွန်ခဲ့သော ၁၅ နှစ်ကျော်ကျော်အတွင်း ပညာလမ်းများ ပိုမို ပွင့်လန်းစေရန် ဆောင်ရွက်ရာတွင် ထိရောက်သော အောင်မြင်မှုများ ရရှိခဲ့ရာ စိတ်အားတက်စရာပင်ဖြစ်သည်။ ပညာရေးတွင် ကျောင်းသားများ ၁၂ နှစ်တာခန့် အခမဲ့ ပညာသင်ယူခွင့်ရရှိရေး၊ အစိုးရ၏ အထောက်အပံ့ ရရှိရေး၊ ခွဲခြားဆက်ဆံခြင်းကင်းပြီး အရည်အသွေး ပြည့်ဝသော မူလတန်း နှင့် အလယ်တန်းပညာရေးမျိုး ရရှိနိုင်စေရေး၊ အနည်းဆုံး ကိုးနှစ်ကြာမျှ မသင်မနေရ ပညာရေးဖြစ်ရန်၊ ပညာသင်ကြားခြင်းကြောင့် ဆိုင်ရာ အကျိုး ကျေးဇူးများ ခံစားနိုင်စေရေးတို့အတွက် ဆက်လက်အားထုတ် ဆောင်ရွက် ကြရမည် ဖြစ်သည်။ အနည်းဆုံး တစ်နှစ်ခန့် အခမဲ့ မသင်မနေရ မူလတန်း ကြိုကျောင်းများ စီစဉ်ပေးရန်လည်း အားပေးနေကြသည်။ ကလေးတိုင်း အရည်အသွေးပြည့် ငယ်စဉ်ဘဝ မွေးစဖွံ့ဖြိုးမှုကို ရရှိရန်နှင့် စောင့်ရှောက်မှု

များ၊ ကလေးဖွံ့ဖြိုးရေးပညာများ ရရှိနိုင်အောင် ပံ့ပိုးပေးရန်လည်း လိုအပ်သည်။ ကျောင်းပြင်ပသို့ ရောက်ရှိသွားသော များပြားလှသည့် ကလေးငယ်များနှင့် ဆယ်ကျော်သက်များအတွက်လည်း ထိရောက် အသုံးတည့်သော ပညာသင်ကြားပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများ ပေးခြင်းတို့ကို ဆောင်ရွက်ရန်လည်း ရန်သည်ထားပါသည်။ ထိုကျောင်းပြင်ပ ကလေးများသည် ထိုပညာရေး အကူအညီများကို အချိန်မီ ထိထိမိမိ လိုရာရောက်နိုင်ပြီး ပညာရေး မပြတ်လပ်သွားမှသာလျှင် ကလေးများအားလုံး ကျောင်းတွင် ရှိရေး၊ ပညာသင်ယူနိုင်ရေး ဆိုသည့်အချက်များ အထမြောက်နိုင်ပေသည်။

၇။ ပညာရေးတွင် အားလုံး ပါဝင်နိုင်ခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်းက ပြုပြင်ပြောင်းလဲရေးကို စောင်းပေးသော ပညာရေး အာဂျင်ဒါ၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ခွဲခြား ဆက်ဆံမှု၊ ဖယ်ကြဉ်ထားမှု၊ အဆင့်အတန်း ကွာဟမှုနှင့် ပညာသို့ လျှောက်သော လမ်းတွင် တန်းတူညီမျှ မဖြစ်မှု၊ အများပါဝင် ဆောင်ရွက်နိုင်ခြင်း မရှိမှု၊ ပညာရေး၏ အကျိုးကျေးဇူးကို မြင်သာအောင် မခံစားနိုင်မှု အစရှိသည့် အခြေအနေများကို ကုစားရန် အားထုတ်ကြရမည်။ 'လူသားတိုင်းအတွက် ပညာရေး' လျာထားချက်များမှာ လူတိုင်းလူတိုင်း ပညာသင်ခွင့် တကယ်မရှိက အဓိပ္ပာယ် ရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အားနည်းသူများကို ဖယ်ကြဉ်ထားသည့် ပညာရေး မူဝါဒများကို လိုအပ်သလို ပြုပြင်ပြောင်းလဲရာတွင် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်။ အထူးသဖြင့် မသန်စွမ်းသူများ အပါအဝင် ပညာရေးကို မျှတစွာ ရရှိနိုင်ကြပြီး မည်သူ တစ်ဦးတစ်ယောက်မျှ နောက်ကျ ချန်ရစ်ခံရခြင်းမျိုး မရှိစေရပါ။

၈။ လူတိုင်းအတွက် ပညာသင်ယူခွင့်ကို ကြိုးပမ်းကြရာတွင် ကျား-မ ခွဲခြား ဆက်ဆံခံရမှု မရှိစေရန်မှာလည်း အရေးကြီးလှကြောင်း သတိပြုမိပါသည်။ ထို့ကြောင့် ပညာရေးတွင် ကျား-မ တန်းတူဖြစ်မှုကို အလေးထား စဉ်းစားပေးသော မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲခြင်းများနှင့် ကျား-မ

တန်းတူသင်ယူနိုင်သော ပတ်ဝန်းကျင်များ ဖြစ်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်သလို ဆရာ၊ ဆရာမများကိုပေးသော သင်တန်းများနှင့် သင်ရိုးညွှန်းတမ်းများတွင်လည်း ကျား-မ တန်းတူညီမျှစေရေး စွဲမြဲစွာ အလေးထားသော အလေ့အကျင့်များ ရှင်သန်လာအောင် ဆောင်ရွက်ကြရမည်။ 'ကျား' 'မ' ဟူ၍ ခွဲခြားကာ ကန့်သတ်ဘောင်ဖယ်သော အပြုအမူများ၊ အနိုင်ထက် ကြမ်းတမ်းစွာ တိုက်ခိုက်ခံရခြင်းများ မရှိအောင် ဆောင်ရွက်ကြရမည်။

၉။ အရည်အသွေးပြည့် ပညာရေးနှင့် ပညာသင်ယူခြင်းမှ ရလဒ်ကောင်းများ ပိုမိုထွက်ပေါ်လာနိုင်ရေးကို ဆောင်ရွက်ရန် ဆန္ဒပြုပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပညာသင်ယူသည့်ဖြစ်စဉ်ထဲသို့ လောင်းထည့်လိုက်သော အရင်းအနှီး သင်ယူပုံအဆင့်ဆင့်ကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သလို ပညာကြောင့် ထွက်ပေါ်လာမည့် အကျိုးကျေးဇူးကိုလည်း ပြန်လည်သုံးသပ် အကဲခတ်နိုင်သည့် စနစ်များရှိရန်၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေမှ တိုးတက်လာအောင် ပြုပြင်နိုင်သည့် စနစ်များ တည်ဆောက်ပေးရန် လိုအပ်ပေသည်။ အရည်အသွေးပြည့် ပညာရေးတွင် ဆရာများ တတ်ကျွမ်းသူများဖြစ်အောင် လေ့ကျင့်ပေးရမည် ဖြစ်သလို ဆရာအရေအတွက် လုံလောက်စွာရှိခြင်း၊ ကောင်းစွာ သင်တန်းပေးထားခြင်း၊ ကျွမ်းကျင်သူအဖြစ် ပေါက်မြောက်အောင်မြင်နိုင်ခြင်း၊ စိတ်အားထက်သန်ခြင်း၊ သင်ကြားရေးအတွက် လိုအပ်သော အရင်းအမြစ်များဖြင့် ကောင်းစွာပံ့ပိုးထားခြင်း၊ ပညာရေးတွင် ထိရောက်သော စီမံအုပ်ချုပ်ပုံ စနစ်ကောင်းရှိခြင်းတို့ လိုပါသည်။ အရည်အသွေးပြည့် ပညာရေးက ထိုးထွင်းကြံဆမှုနှင့် ဗဟုသုတကို ပြည့်စွမ်းစေသည်။ စာတွေ့ လက်တွေ့ ကောင်းစွာနိုင်နင်းစေသည့် အခြေခံများကို အစပျိုးပေးသည်။ ဆင်ခြင်တွေးခေါ်နိုင်စွမ်း၊ ပြဿနာကို ဖြေရှင်းနိုင်စွမ်းနှင့် အခြားအဆင့်မြင့် ပညာရပ်များကို လိုက်စားနိုင်စေရန် အခြေခိုင်စေသည်။ ကိုယ်ရည်

ကိုယ်သွေးကောင်းမွန်ပြီး လူမှုဆက်ဆံရေး ပြေပြစ်ရန် သင်ကြားပေးသည်။ နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် ကျန်းမာသော၊ ကျေနပ်နှစ်သိမ့်သော ဘဝများကို ဆောက်တည်နိုင်စေမည့် စိတ်နေစိတ်ထားများ၊ ယုံကြည်မှု တန်ဖိုးများ၊ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေသည်။ ပညာကို အခြေခံသောအခါ နိုင်ငံသားတို့မှာ ရရှိသော သတင်းအချက်အလက်ကို နားထောင်ပြီးမှ ချမှတ်သော အမြော်အမြင်အားဖြင့် တွက်ဆယူသည့် ဆုံးဖြတ်ချက်များ ရှိလာကြသည်။ ကမ္ဘာကြီးရေရှည်ဖွံ့ဖြိုးရေးအတွက် ပညာရေးကို ဆောင်ရွက်မည့် Global Action Programme ကို အကောင်အထည်ဖော်ရန် အင်တိုက်အားတိုက် တိုက်တွန်းလျက်ရှိသည်။ ထိုအစီအစဉ်ကို ၂၀၁၄ ခုနှစ် အိုချီနာဂိုယာမြို့များတွင် ကျင်းပသော ယူနက်စကို ကမ္ဘာ့ကွန်ဖရင့်တွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ထို့မျှမကသေး၊ ၂၀၁၅ အလွန် ရေရှည်ခံ ဖွံ့ဖြိုးရေး အာဂျင်ဒါများ အောင်မြင်ရန် လူ့အခွင့်အရေး ပညာပေး ဆောင်ရွက်မှုများနှင့် သင်တန်းများက အရေးကြီးကြောင်းကိုလည်း ထောက်ပြလိုသည်။

၁၀။ ကျွန်ုပ်တို့သည် လူသားအားလုံး တစ်သက်တာ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ ပေါ်များလာအောင် အားထုတ်ကြပါမည်။ မည်သည့်အခြေအနေတွင်မဆို၊ မည်သည့်အဆင့်တွင်မဆို ပညာရေးကို လွယ်ကူစွာ ချဉ်းကပ်နိုင်ကြရမည်။ မည်သူ့ကိုမျှ ဘေးဖယ်မထားသော၊ အရေအတွက်အားဖြင့် မနည်းပါးသော အရည်အသွေးပြည့် နည်းပညာကျောင်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ကျောင်းများအပြင် အဆင့်မြင့်ပညာရေးနှင့် သုတေသနများပါ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်သည်။ ထိုပညာရင်းမြစ်များ အားလုံးတွင် အရည်အသွေးကို ထိန်းသိမ်းသည့် စနစ်တစ်ရပ် ရှိနေရမည်ဖြစ်သည်။ ထို့ပြင် လူတိုင်းက မည်သည့်အခြေအနေတွင်မဆို ချဉ်းကပ်ရ လွယ်ကူအောင် ပြုလွယ် ပြောင်းလွယ်သော ပညာရေးလမ်းများရှိရမည်။ ထိုသို့ မိမိနှင့်သင့်လျော်သလို

စီစဉ်နိုင်သော ကျောင်းတွင်းကျောင်းပြင် ပညာရေးလမ်းများမှ ရရှိလာသော အသီးအပွင့်များကိုလည်း အများစုက အသိအမှတ်ပြုနိုင်သည့် အနေအထားကို စီစဉ်ပေးနိုင်ခြင်း၊ ပညာတတ်မြောက်ထားသည့် ကျွမ်းကျင်သူအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခြင်း၊ သင်ယူတတ်မြောက်ကြောင်း အာမခံထားပေးသောစနစ်ရှိခြင်း၊ ကျွမ်းကျင်လိမ္မာခြင်းတို့ကို ရရှိစေမည့် ပညာရေးမျိုး ဖြစ်ရမည်။ အမျိုးသမီးကြီးများနှင့် အမျိုးသမီးငယ်များ အပါအဝင် လူငယ်များနှင့် အရွယ်ရောက်သူအားလုံးတို့သည် မိမိတို့ သက်ဆိုင်ရာကဏ္ဍတွင် အသိအမှတ် ပြုနိုင်လောက်သည့် စာတွေ့လက်တွေ့ ကျွမ်းကျင်တတ်မြောက်မှုလည်း ရှိရမည်။ ထို့ပြင် ဘဝတွက်တာ ကျွမ်းကျင်စရာများကိုလည်း သက်ကြီးပညာရေး အစီအစဉ်များ၊ သင်တန်းများ၊ ကျောင်းများတွင် လေ့လာနိုင်စေရမည်။ အလားတူပင် သိပ္ပံနှင့်နည်းပညာ၊ တီထွင်စမ်းသပ်မှုများကိုလည်း တိုးတက်လာအောင် အားထုတ်ကြရမည်။ ပညာရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန်၊ အသိပညာ ဖြန့်ဖြူးရန်၊ သတင်းအချက်အလက် ရယူရန်၊ အရည်အသွေးပြည့် ထိရောက်စွာ လေ့လာသင်ယူနိုင်ရန်နှင့် ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေလာစေရန် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာများကို ကျွမ်းကျင်လိမ္မာစွာ အသုံးချနိုင်ကြရမည်။

၁၁။ ထို့ပြင် ယခုအခါ ကျောင်းသင်ခန်းစာပြင်ပသို့ ရောက်ရှိနေသော ကလေးအများစုသည် ပဋိပက္ခများ ရိုက်ခတ်ရာ နယ်မြေများတွင် နေထိုင်နေကြရသည်မှာ စိုးရိမ်စရာပင်ဖြစ်သည်။ ဖြစ်ပွားနေသော ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ ပညာရေး အဖွဲ့အစည်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါဆိုးများသည် ပညာရေးနှင့် ဖွံ့ဖြိုးရေးလမ်းကြောင်းကို တစ်ကမ္ဘာလုံးတွင် ကြီးစွာ အနှောင့်အယှက်ပေးလျက်ရှိသည်။ ထိုအခြေအနေများကို ရင်ဆိုင်နေကြရသော စစ်ဘေးဒုက္ခသည်များ နေရပ်ကို စွန့်ခွာထွက်ပြေးရသူများအပါအဝင်

ကလေးများ၊ လူငယ်လူရွယ်များနှင့် လူကြီးများ အခြေအနေကိုလိုက်၍ အဆင်ပြေအောင် စီမံပေးနိုင်မည့် တန်းတူညီတူဖြစ်ပြီး မတည်ငြိမ်သည့် အခြေအနေတွင်ပင် အဆက်မပြတ်သွားသော၊ ပြန်လည် ထူထောင်ရလွယ်သော ပညာရေးနစ်မျိုးကို ဖန်တီးပေးနိုင်သော အခြေအနေရောက်အောင် အားထုတ်ကြရမည်။ ဘေးကင်းသော၊ အကူအညီ ရနိုင်သော၊ လုံခြုံသော အကြမ်းဖက်မှုကင်းစင်သည့် ပတ်ဝန်းကျင်မျိုးတွင် ပညာရေးကို ပေးနိုင်ကြရန် လိုအပ်သည့် အခြေအနေများကိုလည်း အလေးထား စဉ်းစားကြရပါမည်။ ပဋိပက္ခ ဖြစ်ပွားလျှင် အရေးပေါ် အခြေအနေမှသည် ပြန်လည်ထူထောင်ရေး၊ ပြန်လည် တည်ဆောက်ရေး ကာလများအထိ ထိခိုက်ခံစားရသူများအတွက် လုံလောက်သည့် ကူညီဆောင်ရွက်မှုများ ပေးနိုင်ရန် ကြိုးစားကြရမည်။ ထို့ပြင် ပဋိပက္ခကို ဖြေရှင်းရန် နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် အသီးသီးက ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း ရှိရမည်။ အန္တရာယ်ကို ဘက်စုံထောင့်စုံမှ လျှော့ချနိုင်ရန်၊ ရန်မီးပွားကို ထိန်းထားနိုင်ရန်အတွက် ဘဝအရည်အသွေး မြှင့်တင်မှုများလည်း ရှိကြရမည်။ ထိုနည်းလမ်းများအားဖြင့် ပဋိပက္ခ ဖြစ်ပွားစဉ် အရေးပေါ် အခြေအနေ၊ ပဋိပက္ခလွန် အခြေအနေနှင့် ပြန်လည်ထူထောင်ရေးကာလ အစောပိုင်းများတွင် ပညာရေး အဆက်မပြတ်သွားစေရန်အတွက် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းလိုက်ရပါသည်။

## ချမှတ်ထားသော ဘုံအာကျင်ဒါကို အကောင်အထည်ဖော်ခြင်း

၁၂။ ယခုချမှတ်ထားသော ပညာရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အဓိကအားဖြင့် အစိုးရများတွင် တာဝန်ရှိကြသည်။ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု၊ အများပါဝင်ဆောင်ရွက်နိုင်သော ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုနှင့် နေရာဌာနအသီးသီးက အဆင့်ဆင့် ချိတ်ဆက်လှုပ်ရှားနိုင်သော မိတ်ဖက်ဆက်ဆံရေးရှိမှု၊ ဆိုင်ရာကဏ္ဍ အသီး

သီးမှ ပုဂ္ဂိုလ်များက ပါဝင် လှုပ်ရှားရန် အခွင့်ရရှိနိုင်မှု အစရှိသည်တို့ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဥပဒေကြောင်းအရသော်လည်းကောင်း၊ မူဝါဒရေးရာလုပ်ငန်းဘောင်များထဲမှလည်းကောင်း ဆောင်ရွက်ပေးကြရမည်။

၁၃။ နိုင်ငံအလိုက် ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်နေချိန်တွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဆင့်အသီးသီးတွင် ခိုင်မာစွာ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်နိုင်ကြရန်၊ အခြေအနေကို အကဲဖြတ်နိုင်ကြရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ကြရာတွင်လည်း တစ်နိုင်ငံချင်းစီတွင် ဒေသတွင်းနိုင်ငံများနှင့် အချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ သတ်မှတ်ထားသော မူဘောင်များ၊ ဒေသတွင်း အစီအမံများ၊ မဟာဗျူဟာများနှင့် ကိုက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်။

၁၄။ ခိုင်မာ ကောင်းမွန်သော မူဝါဒများ၊ စီမံကိန်း ရေးဆွဲခြင်းများ၊ အင်တိုက်အားတိုက် အကောင်အထည်ဖော်ခြင်းများ ရှိမှသာ ၂၀၃၀ ပညာရေး အာဂျင်ဒါမှာ အောင်မြင်နိုင်မည်ဖြစ်သည်။ SDG 4 ကို ချမှတ်ရာတွင် မည်မျှပင် စိတ်အားတက်စရာများ ရှိနေစေကာမူ လူသားတိုင်းအတွက် အရည်အသွေးရှိသည့် ပညာရေးကို မည်သည့်အလွှာတွင်မဆို ရရှိနိုင်သည့် အနေအထားနှင့် လွန်စွာဝေးကွာလျက်ရှိသော နိုင်ငံများတွင် ငွေအင်အား သုံးစွဲကာ ဆောင်ရွက်ရမည့်ကဏ္ဍများကို ကောင်းစွာသဘောပေါက်ပြီး လုံလုံလောက်လောက် သတ်မှတ်ဖြည့်တင်းပေးနိုင်ခြင်းမရှိလျှင် အောင်မြင်မှုနှင့် အလှမ်းကွာနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးတွင် သုံးစွဲမည့်ငွေများကို တိုးမြှင့်ကြရာတွင် နိုင်ငံတစ်ခုစီ၏ လိုအပ်ချက်အလိုက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတကာ ပျမ်းမျှ သတ်မှတ်နှုန်းထားများအရမူ အနည်းဆုံး တစ်နှစ်လျှင် တစ်မျိုးသားလုံး ပြည်တွင်းထုတ်ကုန်၏ ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ (သို့မဟုတ်) အစိုးရဘတ်ဂျက် တစ်ခုလုံး၏ ၁၅-၂၀ ရာခိုင်နှုန်းအထိ သုံးစွဲကြရန် ရည်မှန်းထားပါသည်။

၁၅။ ပညာရေးအတွက် အစိုးရများ၏ အင်အားစိုက်ထုတ်မှုများအပြင် ဖွံ့ဖြိုးရေးကဏ္ဍအတွင်း လက်တွဲပူးပေါင်းမှုများကလည်း အရေးကြီးလှကြောင်း အသိအမှတ်ပြုရပါသည်။ နိုင်ငံများ၏ လိုအပ်ချက် အတိုင်းအတာနှင့် ဦးစားပေးကဏ္ဍများအလိုက် ပညာရေးကို ပံ့ပိုးပေးမည့် ယခု အာဂျင်ဒါ အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းကူညီကြရန်နှင့် လိုအပ်သောငွေများကို တိုးမြှင့်ထည့်ဝင်ကြပါရန် ဖွံ့ဖြိုးဆဲနိုင်ငံကြီးများ၊ မူလကပင်ရှိခဲ့သော အလှူရှင်များနှင့် ဆက်လက် ပေါ်ပေါက်လာသော အလှူရှင်သစ်များ၊ ဝင်ငွေအလယ်အလတ် နိုင်ငံများနှင့် နိုင်ငံတကာငွေကြေး အဖွဲ့အစည်းကြီးများအား ဆော်ဩလိုက်ရပါသည်။ တရားဝင် ဖွံ့ဖြိုးရေးအကူအညီ (Official Development Aid - ODA) ကို ပေးအပ်ကြရာတွင် မိမိတို့ ကတိကဝတ်ပြုထားသည့်အတိုင်း ပြည့်ပြည့်ဝဝ ထည့်ဝင်ကြရန်မှာလည်း အရေးကြီးလှသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဖွံ့ဖြိုးပြီး နိုင်ငံကြီးများအနေဖြင့် လိုအပ်သော အကူအညီများ ပေးအပ်နိုင်ရန် GDP ၏ ၀. ၇ ရာခိုင်နှုန်းအထိရောက်အောင် ဖြည့်ဆည်းပေးပါရန်၊ နောက်ထပ် အကူအညီများ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။ တစ်ဖန် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများသို့ အကူအညီများ တိုးမြှင့်ပေးအပ်ရန်လည်း ဆန္ဒပြုပါသည်။ ပညာသင်ယူနိုင်ရန် လူသားတို့၏ ရပိုင်ခွင့်ကို သေချာစေရန်အတွက် ရနိုင်သမျှသော အရင်းအမြစ်များကို ထပ်မံဖော်ထုတ်နိုင်ရန်လည်း အရေးကြီးလှသည်။ ပေးလိုက်သော အကူအညီများ နေရာကျပြီး ထိရောက်နိုင်စေရန်အတွက် ပိုမိုကောင်းမွန်သော ချိတ်ဆက်ပူးပေါင်းမှုများ၊ ညီညွတ်မှုများ လိုအပ်သလို လျစ်လျူရှုခံထားရသော အစိတ်အပိုင်းများနှင့် ဆင်းရဲသောနိုင်ငံများအတွက် ဦးစားပေး ထောက်ပံ့ကြရန်လည်း အကြံပြုလိုက်ရပါသည်။ လူသားချင်း စာနာထောက်ထားမှု များစွာလိုအပ်နေသော၊ ပဋိပက္ခဒဏ်ကို ကာလရှည်လျားစွာ ခံစားနေရသော နေရာများမှ ပညာရေးအတွက်လည်း အကူအညီများ

ထိထိရောက်ရောက် တိုးမြှင့်ပေးရန် တိုက်တွန်းလိုက်ရပါသည်။ ၂၀၁၅ ဇူလိုင်တွင် အော်စလို၌ ကျင်းပမည့် 'ဖွံ့ဖြိုးရေးအတွက် ပညာရေး' ညီလာခံကို ကြိုဆိုကြောင်း ပြောကြားလိုပါသည်။ အက်ဒစ်အာဘာဘာတွင် ပြုလုပ်မည့် ဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်ကွန်ဖရင့်ကိုလည်း လာမည့် SDG4 အကောင်အထည်ဖော်နိုင်ရေးတွင် ကူညီပေးရန် နှိုးဆော်လိုက်ရပါသည်။

၁၆။ ၂၀၃၀ ပညာရေး အာဂျင်ဒါကို အကောင်အထည်ဖော်ကြမည့်နိုင်ငံများအား တစ်နိုင်ငံချင်းစီသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း နည်းပညာပိုင်း၊ နိုင်ငံ၏စွမ်းရည် တိုးတက်လာစေရေးအပိုင်းတို့တွင် ကမကထပြု ကူညီပေးကြပါရန် WEF 2015 ကို ပူးပေါင်းကျင်းပခဲ့ကြသော UNESCO နှင့် မိတ်ဖက်များအားလုံးတို့ကိုလည်း တိုက်တွန်းလိုက်ရပါသည်။ ထိုနိုင်ငံများ၏ အနေအထားအလိုက်၊ နှိုင်းယှဉ်အားသာချက်များအလိုက် ပညာရေး အာဂျင်ဒါအတွက် လုပ်ဆောင်နိုင်မှုအပေါ်တွင် အင်အားဖြည့်ပေးကြရန် ဖြစ်သည်။ ထိုသို့ အားလုံး ပါဝင်ကာ ဆောင်ရွက်နိုင်ကြရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ပညာရေး ကိစ္စများကို ညှိနှိုင်းဆောင်ရွက်နိုင်သည့် အစီအမံတစ်ခု တာဝန်ယူ ဖော်ဆောင်ပေးပါရန် UNESCO အား မေတ္တာရပ်လိုသည်။ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများ၊ WEF 2015 ကို ပူးတွဲကျင်းပပေးကြသူများနှင့် မိတ်ဖက်များ အားလုံးနှင့် ညှိနှိုင်းတိုင်ပင်ပြီး ယုံကြည်စွာ မေတ္တာရပ်ခံလိုက်ရခြင်း ဖြစ်ပါသည်။ ပညာရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း (The Global Partnership for Education) ဟူသော အစီအစဉ်မှာ နိုင်ငံစုံ၊ အဖွဲ့စုံ ပါဝင်သော ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အဖွဲ့တစ်ခုဖြစ်သောကြောင့် UNESCO အနေဖြင့် ထိုအနာဂတ်ပူးပေါင်းမှု အစီအစဉ်တွင် ပါဝင်ပေးရန်လည်း ထပ်မံမေတ္တာရပ်လိုပေသည်။

## အင်ချွန်း ကြေညာချက်

၁၇။ UNESCO သည် ကုလသမဂ္ဂ၏ ပညာရေး အထူးပြု အဖွဲ့အစည်း တစ်ခု ဖြစ်သည့်အားလျော်စွာ ပညာရေးကဏ္ဍတွင် ဦးဆောင်နေရာယူပြီး ၂၀၃၀ အာဂျင်ဒါအတွက် ဘက်စုံထောင့်စုံမှ ညှိနှိုင်း ပူးပေါင်းမှုများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးပါရန်လည်း ယုံကြည်စွာ တာဝန် အပ်နှင်းလိုသည်။ အစိုးရများက ပညာရေးကဏ္ဍ တိုးတက်စေရေးအတွက် လုပ်သင့် လုပ်ထိုက်သည်များကို ဖမိုက်မသုန် ဆောင်ရွက်နေစေရန် တိုက်တွန်းပြောဆိုပေးခြင်း၊ မူဝါဒရေးရာ မျက်နှာစုံညီ နှီးနှောဆွေးနွေး မှုများကို ကူညီပံ့ပိုးခြင်း၊ အသိပညာများ ဝေမျှပေးခြင်းနှင့် စံချိန်စံညွှန်းများ ဖော်ထုတ်ရေး၊ ပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းတိုးတက်မှု အကဲဖြတ်ရေး၊ ပညာရေး အစီအစဉ်များ အကောင် အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းများကို ညွှန်ပြနိုင်ရန် နိုင်ငံတကာအဆင့်၊ ဒေသလုံးဆိုင်ရာအဆင့်နှင့် အမျိုးသားအဆင့် အသီး သီးမှ စုဝေးဆွေးနွေးပွဲများ စီစဉ်ပေးရေး၊ ရေရှည်ခံ ဖွံ့ဖြိုးရေး မျှော်မှန်း ချက်များ ပြည့်ဝလာစေရေးအတွက် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင် ရွက်မှု စနစ်ကြီး တစ်ခုလုံးတွင် ပညာရေးနှင့် ပတ်သက်သော ကဏ္ဍတိုင်း အတွက် ဆက်သွယ်ရေး ဆုံမှတ်တစ်ခုအဖြစ် ဆောင်ရွက်ပေးပါရန် UNESCO အား ထပ်မံတောင်းဆိုလိုက်ရပါသည်။

၁၈။ နိုင်ငံတိုင်းတွင် လက်တွေ့ဖြစ်နေသော ကိန်းဂဏန်း အချက်အလက် များပေါ် အခြေခံသည့် ပညာရေး မူဝါဒများ ချမှတ်နိုင်ရန်၊ ပညာစနစ်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ရန်နှင့် တာဝန်ခံမှုရှိသောစနစ်များ ဖြစ်ထွန်းလာ စေရန်အတွက် အမျိုးသားပညာရေး ဘက်စုံသုံးသပ်အကဲဖြတ်မှုစနစ်များ ပေါ်ပေါက်လာအောင် ဝိုင်းဝန်း ဆောင်ရွက်ကြရန် အင်ချွန်း သဘော တူညီချက်က ဆုံးဖြတ်လိုက်သည်။ WEF 2015 ကို ပူးပေါင်းကျင်းပပေး ခဲ့ကြသူများနှင့် မိတ်ဖက်များအား မေတ္တာရပ်လိုသည်မှာ နိုင်ငံတိုင်းတွင် အမျိုးသားအဆင့် ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များတွင်

နိုင်ငံများ၏ ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည် မြင့်မားလာစေရန်အတွက် အကူအညီပေးကြရန်ပင်ဖြစ်သည်။ နိုင်ငံတိုင်းသည် UNESCO စာရင်းအင်းများ အင်စတီကျူးသို့ အစီရင်ခံ တင်ပြရာတွင် အစီရင်ခံစာများ၏ အရည်အသွေး မြင့်မားစေရန်၊ ကဏ္ဍအလိုက်၊ ယူနစ်အလိုက် ကိန်းဂဏန်းများ ခွဲခြားတင်ပြမှုများ ပိုမိုအဆင့်မြင့်လာစေရန်နှင့် အချိန်နှင့်တစ်ပြေးညီဖြစ်ရန်တို့အတွက် ကြိုးပမ်းကြရမည်။ ထို့ပြင် 'လူသားအားလုံးအတွက် ပညာရေး' နိုင်ငံတကာ အကဲဖြတ်မှု အစီရင်ခံစာ (the Education for all Global Monitoring Report) ကို လွှတ်လပ်သော Global Education Monitoring Report အဖြစ် UNESCO က ဆက်လက်စီစဉ်ကာ ပုံနှိပ်ထုတ်ဝေပေးပါရန် တင်ပြအပ်ပါသည်။ ထိုအစီရင်ခံစာအားဖြင့် SDG 4 ပါ ပညာရေးကဏ္ဍ ရည်မှန်းချက် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို စောင့်ကြည့်အကဲဖြတ်ကာ တင်ပြနိုင်မည်ဖြစ်သလို အခြားသော ရေရှည်ဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ပါဝင်သည့် ပညာရေးနှင့်ဆိုင်သော အခန်းကဏ္ဍများကိုလည်း သိရှိနိုင်မည်ဖြစ်သည်။

၁၉။ '၂၀၃၀ ပညာရေး' လုပ်ငန်းများ အကောင်အထည်ဖော်ရန် လုပ်ငန်းအခြေခံများကို ချမှတ်ခဲ့ရာ မဖြစ်မနေ ဆောင်ရွက်ကြရမည့် အချက်များကို ယခုဖိုရမ်တွင် ဝိုင်းဝန်းဆွေးနွေးကာ သဘောတူညီချက်များ ချမှတ်နိုင်ခဲ့ကြသည်။ ၂၀၁၅ အလွန် ဖွံ့ဖြိုးရေး အာဂျင်ဒါကို အတည်ပြုကြမည့် ၂၀၁၅ စက်တင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂ ထိပ်သီးညီလာခံနှင့် ၂၀၁၅ ဇူလိုင်လ အက်ဒစ် အက်ဘာဘာတွင် ကျင်းပမည့် တတိယအကြိမ် ဖွံ့ဖြိုးရေးကဏ္ဍ အတွက် ဘတ်ဂျက် နိုင်ငံတကာ ကွန်ဖရင့်ကို စောင့်ကြည့်ကာ အထက်ပါ သဘောတူညီချက်များကို ချောသတ်ရေးသားမည် ဖြစ်သည်။ ထိုသဘောတူညီချက်များကို နိုင်ငံအသီးသီးက အတည်ပြုနိုင်ရန် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် UNESCO အထွေထွေကွန်ဖရင့်၏ ၃၈ ကြိမ်မြောက် အစည်းအဝေး ကျင်းပချိန်တွင်

ရာထူးကြီးများ တက်ရောက်ကြမည့် အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူကာ ထိုအခမ်းအနားတွင် ထိုသဘောတူညီချက်စာချွန်လွှာကို မိတ်ဆက်မည် ဖြစ်သည်။ ထိုလုပ်ငန်းအစီအစဉ်များကို သဘောတူ လက်ခံပြီးသည့်အခါတွင်လည်း အောင်မြင်စွာ အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ မိမိတို့၏ ပညာရေးအစီအစဉ်များ လိုရာပန်းတိုင်ရောက်ရှိနိုင်ရန် နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများ အချင်းချင်း အားပေးခြင်း၊ လမ်းညွှန် တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

၂၀။ ဂျွန်တီယန်နှင့် ဒါကာ အစည်းအဝေးတို့ကဲ့သို့ပင် အင်ချွန်းတွင် ထွက်ပေါ်ခဲ့သည့် ကြေညာချက်မှာ တက်ရောက်လာသော နိုင်ငံအားလုံး၏ သမိုင်းဝင် ဆုံးဖြတ်ချက်ဖြစ်သည်။ ၂၀၃၀ ပညာရေး မျှော်မှန်းချက်များ ပြည့်ဝလာစေရန်အတွက် ရဲရင့်သော၊ တီထွင်ဆန်းသစ်သော ဆောင်ရွက်မှုများဖြင့် ပညာရေးလမ်းစဉ်သစ်များ ချမှတ်ကာ လူသားတို့ဘဝကို ပြောင်းလဲ တိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်သည်။